www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ပျားမြင်

ဝေလည် ဝေလည်




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
ဖေဖော်ဝါရီလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ 095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃
ချစ်မျှားရှင်
ဝေလည်ဝေလည်/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ဝေလည်ဝေလည်

## အခန်း(၁)

အငှားကားပေါ်ကနေ သေးဘီကိုကိုးကြည့်ကြောင်ကြည့်ကြည့်ရင်း ကားပေါ်ကဆင်းလိုက်တယ်။ ကားပေါ်ကဆင်းတာနဲ့ ပိုက်ဆံရပြီးသားကားသမားက ဂူးခနဲမောင်းထွက်သွားလို့ မင်းမင်းစိုးလိပ်စာလေးကိုင်ရင်းကျန်ခဲ့တယ်။ လိပ်စာစာရွက်လေးထဲမှာရေးထားတာလွယ်ပေမယ့် သွားရတာခက်တယ်။

မေးမြန်းစုံစမ်းစရာ ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်တော့ လူသွားလူလာလေပြေနဲ့ ရန်ကုန်မြို့မှာနေရတာကာလိုလိုတွေ့နိုင်တဲ့ ကွမ်းယာဆိုင်သေးသေးလေးတောင်မမြင်။

မိမိတို့ အညာဒေသထုံးစံလို တွေးပြီး တောင်ဘက်ပဲသွားရတော့သလို မြောက်ဘက်ပဲသွားရတော့မလိုနဲ့ ယောင်တောင်တောင်ဖြစ်နေတယ်။ လမ်းတွေကများပြီး တစ်ခါဖူးမှမရောက်ဖူးတဲ့ဒေသဆိုတော့ ချက်ချင်းကြီး စိတ်လျော့ညီထွေမဖြစ်သေး။

နောက်ဆုံးတော့ နင်းလာတဲ့ ဆိုက်ကားသမားတစ်ယောက်ကို ခေါ်ထားပြီး လိပ်စာကိုပြရတယ်။

'သြော်... ဒီအဆောင်လား... အင်း... ဝေးတော့မဝေးပါဘူး ဒါပေမဲ့... မင်းသွားတတ်လို့လား'

www.burmeseclassic.com



'အာ… မသွားတတ်လို့မေးတာပေါ့ဗျ'

မင်းမင်းစိုးက စိတ်လေသွားတဲ့အမူအရာနဲ့ခေါင်းကုတ်တော့ ဆိုက်ကားသမားက ပြုံးတယ်။

'မငူပါနဲ့ ငါ့ညီရာ… လာ… ဆိုက်ကားပေါ်တက်… ငါးရာပဲပေး'

'ရှာ'

'ဟာ… ဟုတ်တယ်လေ… ငါကသိတယ် ငါလမ်းညွှန်ပေးမယ်၊ မင်းမြင်တဲ့အတိုင်း လမ်းတွေကများတယ်၊မင်းဒုက္ခရောက်မှာစိုးလို့ ငါကလိုက်ပို့ပေးမှာ၊ စေတနာကြေးလောက်ပဲတောင်းတာနော်၊ ဘာလဲမပို့ရဘူးလား… ဒါဆိုလည်း…'

ဆိုက်ကားကိုနင်းမယ်ကြံလို့ မင်းမင်းစိုးရဲ့ နဂိုပြူးမျက်လုံး ပိုပြူးသွားပြီး ဆိုက်ကားပေါ် အမြန်တက်လိုက်ရတယ်။

'အဲဒီလိုမဟုတ်ပါဘူးအစ်ကိုရ…ကဲ…ဒါဆိုလည်း လိုက်ပို့ဗျာ… ရော့… ငါးရာ'

'ဒီလို လုပ်စမ်းပါကွ… ဟဲဟဲဟဲ'

အခုမှဆိုက်ကားသမားမျက်နှာ ပြန်ပြုံးသွားတယ်။ သူလည်း ရှေ့ဦးမပေါက် သေးလို့ညစ်တွန်းတွန်းပြီးနင်းလာတာ၊ ရှေ့ကကားပေါ်ကကျလာတာကြည့်ပြီး သံပုရာသီးလေးမှန်းအကဲခတ်မိလို့ အနားကိုအမြန်နင်းသွားကာမှ ပြန်ရစ်နေလို့လေ။

မင်းမင်းစိုးကသူစီးတဲ့နေရာက ဒေါ်လှကောင်းမှုဆိုတဲ့ သောက်ရေအိုးစင်လေးကို အမှတ်တမဲ့ကြည့်လိုက်မိတယ်။ ဆိုက်ကားသမားကတဖြည်းဖြည်းနင်းရင်း ပါးစပ်ကိုလည်း အအားမထားပါ။

'ငါ့ညီကြည့်ရတာ နယ်ကထင်တယ်၊ ဘယ်ကလာတာလဲ'

'ဘုတလင်'



'သြော်… အဝေးကြီးပဲကို'

'ဟုတ်ကဲ့'

'အဲ… ဘုတလင်ဆိုတာ ဘယ်နားလဲဟင်'

'အိန်'

သူပဲသိသလိုလိုနဲ့ ဘယ်နားလဲမေးလို့ မင်းမင်းစိုးတင်းသွားတယ်၊ ဒါပေမဲ့ ကိုယ်က ဧည့်သည်ဆိုတော့ စိတ်ကိုဆွဲဆန့်ထားရတယ်။ မသိလို့ပဲလေလို့ ဖြည့်တွေးပြီးပြောတယ်။

'မုံရွာခရိုင်ထဲမှာလေဗျာ'

'သြော်သိပြီ… ဒီလောက်ဆိုအစ်ကိုသိပြီ၊ မုံရွာဆိုတာ မကွေးတိုင်းထဲမှာမဟုတ်လား'

'ဟာဗျာ… စစ်ကိုင်းတိုင်းထဲမှာပါဗျ'

'သြော်… အဟီး… ကပ်လွဲလေးပါကွ ဟဲဟဲ နီးစပ်တယ်လေ'

မင်းမင်းစိုးစိတ်ကိုအတော်ကြီးရှည်နိုင်းထားရရှာယ်။ ဒေါးပတ်ဝန်းကျင်ကို ဝေ့ကြည့်တော့လည်း သူမသိတဲ့နေရာတွေချည်းပဲ။

'ဘုတလင်မှာ မုန်လာဥတွေပေါတယ်ဆို… အအေးပိုင်းဒေသဆိုတော့'

'ဟာ… ဟောလူ… တလွဲတွေလျှောက်ပြောမနေနဲ့ ပူတယ်ဗျ။ သနပ်ခါးပင်တွေပဲပေါတာ… ပေါက်ပေါက်ထန်းလျက်တို့၊ ဓနိထန်းလျက်တို့ပဲ ရှိတာ၊ ဘာမုန်လာဥမှ မပေါဘူး'

'အဟီး… မှားတဲ့အခါမှားမပေါ့… ပဲခူးတိုင်းနဲ့ကပ်လျက်မဟုတ်လား ငါတစ်ခါရောက်ဖူးသလိုလိုပဲ'

'ဟောလူ… ဟာကွာ… ဒီလူတော့… ကြားမှာ မန္တလေးတိုင်းနဲ့ မကွေးတိုင်းခြားထားတယ်ဗျ၊ ပဲခူးတိုင်းနဲ့အဝေးကြီး'

www.burmeseclassic.com



သူဒေါကန်စွာရှင်းပြတော့ ဆိုက်ကားသမားကဟီးခနဲရယ်တယ်။

'ဪ… ဟုတ်တယ် ဟုတ်တယ် ညီလေးရ… ဖြစ်ချင်တော့ ဒီလိုကွ အစ်ကိုကားစီးတာ ပဲခူးတိုင်းထဲဝင်တော့အိပ်ပျော်သွားတယ်၊ အဲ… အိပ်ရာကနိုးတော့ စစ်ကိုင်းတိုင်းထဲရောက်နေပြီလေ၊ အဟီး… အိပ်ပျော်သွားတော့ ကြားနယ်တွေကိုမသိလိုက်ဘူး'

သူမှဲ့ရွဲ့သွားတယ်။ ဒါကြောင့် အမေကတော့ မှာလိုက်သား ရန်ကုန်သားတွေက လူလိမ်လူကောက်တွေ သတိထားပေါင်းတဲ့။

သူက ပိုက်ဆံတွေထည့်ထားတဲ့ ကျောပိုးအိတ်ကို မသိမသာ လက်နဲ့ပိုက်ထားလိုက်မိတယ်။

ပြောလို့ရတာ မဟုတ်။ အခုပဲကြည့်လေ ဆိုက်ကားသမားက တော်တော်ဖော်ရွေတတ်တယ်။

ရုပ်က လူလည်ရုပ်။

'ငါ့ညီ… .ကျောင်းလာတက်တာလား'

'ဟုတ်တယ်'

'မန္တလေး… နီးနီးနားနားမှာ ဘာလို့မတက်တာလဲ'

'နီးလို့မတက်တာပါ'

'ဟော'

ဒီတစ်ခါတော့ ဆိုက်ကားသမားမျက်လုံးပြူးသွားတယ်။ မင်းမင်းစိုးက ပြုံးရင်း ဆက်ပြောတယ်။

'ဟုတ်တယ်… နီးရင်မိဘညီအစ်ကိုမောင်နှမတွေ လိုက်လာလို့ရတယ်လေ၊ ဒီတော့… ပိုက်ဆံညာတောင်းလို့ဘယ်ကောင်းမှာလဲ၊ မိဘနဲ့ဝေးလေနေရတာလွတ်လပ်လေပဲ မဟုတ်လား၊ ဒါမှကိုယ်လုပ်ချင်ရာလုပ်လို့ရမှာလေ၊ ဒါကြောင့် ဝေးဝေးကိုလာတာ'

'ဟာ… ကောင်းလိုက်တဲ့ရည်ရွယ်ချက်'





ဆိုက်ကားသမား လက်ဖျားရောခြေဖျားပါ ခါထွက်သွားတယ်။

'ဒီလိုပေါ့ဗျာ လူငယ်ဆိုတာအပျော်ရှာရတာပဲကောင်းတယ်။ ဘာပဲလုပ်လုပ်ပျော်နေမှ စိတ်ပါတာ၊ဒါပေမဲ့ ပျက်စီးလောက်အောင်လည်း မဟုတ်ပါဘူး၊ ပြီးတော့… ရန်ကုန်ဆိုတာ ဖျော်တွေများတယ်လေ'

'အဲ့လိုလည်းအားလုံးကိုသိမ်းကြုံးပြောလို့ဘယ်ဖြစ်မလဲ အစ်ကို့ကိုပဲကြည့် ရိုးရိုးသားသားနဲ့ဆိုက်ကားနင်းစားနေတာ ဘာအလိမ်အကောက်မှ မရှိဘူး၊ မင်းကိုလိမ်ရအောင်လည်း မင်းရုပ်ကိုကြည့်ကတည်းက လိမ်မရဘူးဆိုတာသိပါတယ်ကွ မင်းကလူလည်ပဲ'

ဒီလူရဲ့စကားတွေက သူ့ကိုမာန်တက်သွားစေပြီး ဆိုက်ကားကူရှင်နဲ့ သူ့ဖင်ထိတယ်တောင် မထင်အောင်မြောက်သွားတယ်။

'မှတ်ထား ငါ့ညီ… လိမ်တယ်ဆိုတာ ပုံစံကိုကြည့်ပြီးလိမ်တာ၊ မအူမလည်ပုံစံဆို အလိမ်ခံရတာပဲ၊ မင်းပုံစံက မအူမလည်မှမဟုတ်တာ… အူလည်လည်လေ'

'ဟုတ်တာပေါ့ဗျာ ကျွန်တော်ကအူလည်လည်၊ မအူမလည်မဟုတ်ဘူးဗျ၊ ဟွန်း… ဟွန်း'

'သိတယ် အစ်ကိုသိနေတယ်လေ… မင်းပုံစံက အူလည်လည်ဆိုတော့ အစ်ကိုက… ဟဲဟဲ… မလိမ်ပါဘူး'

'ကျွန်တော့်ကိုလိမ်ရအောင် ကျွန်တော်ကမအူမလည်မှ မဟုတ်တဲ'

ဆိုက်ကားကရပ်သွားလို့ သူကဆင်းလိုက်တယ်။ သူဆင်းတာနဲ့ ဆိုက်ကားသမားက ဆိုက်ကားကိုအသော့နင်းသွားတယ်။

'သွားပြီညီလေးရေ… လူလိမ်တွေကိုတော့ ဂရုစိုက်ကွ'

'ဟုတ်ကဲ့'

သူကဆိုက်ကားသမားရဲ့နောက်ကျောကိုကြည့်ပြီး ပြုံးတယ်။ ကျောပိုးအိတ်တစ်လုံးပဲပါတယ်။ ကျန်တာတွေကိုတော့ မယူခဲ့ပါ။ အိပ်ယာတို့

www.burmeseclassic.com



စောင်တို့ဆိုတာ ဈေးပေါပေါနဲ့နေရာတကာရှိနေတာပဲလေ။ သူအေးဘီကို ငေးကြည့်ရင်း မျက်လုံးပြူးသွားတယ်။

'ဟင်… ဒေါ်လှကောင်းမှုတဲ့… ဒါ… ငါစီးတဲ့နေရာကြီးလား မသိဘူး၊ ဒုက္ခပဲ… ငါ့တော့အလိမ်ခံရပြီနဲ့တူတယ်'

ဒီအချိန်မှာပဲ လမ်းကြားထဲကနေ လူတစ်ယောက်ထွက်လာလို့ ဝမ်းသာသွားတယ်။

သက်တူရွယ်တူလောက်ပဲရှိတယ်။

'အစ်ကို… ဒီလိပ်စာလေး ခဏလောက်ကြည့်ပေးပါလား'

'ရပါတယ် ပြလေ'

သာသာကြည့်ကြည့်ပဲ လိပ်စာကိုကြည့်ပြီး ပြုံးတယ်။

'ဩော်… ဒီလမ်းကြားအတိုင်းသွားရင် တွေ့လိမ့်မယ်'

'ကျေးဇူးပါပဲ'

သူက ကျေးဇူးတင်စကားပြောပြီး ရေအိုးစင်ကိုမကျေမနပ်နဲ့ ကြည့်တယ်။

ဇဝေဇဝါကိစ္စကို အသေအချာမေးတယ်။

'အစ်ကို… ဒေါ်လှရေအိုးစင်ဆိုတာ ဒီရပ်ကွက်မှာဘယ်နှစ်ခုရှိလဲ'

'ဒီတစ်ခုတည်းလေ'

'ဗျာ… သေချာရဲ့လားဟင်'

ဆိုက်ကားသမားက သူ့ကိုမလိမ့်နှစ်ပတ်လှိမ့်သွားလို့ သူခံပြင်းသွားတယ်။ ဒါကြောင့် လူလိမ်တွေကိုသတိထားလို့ ပြောသွားတာကိုးလို့ သူတွေးလိုက်တယ်။

'ဒီထက်သေချာတာက ဒေါ်လှဆိုတာအဆောင်ပိုင်ရှင်ပဲ ဘာဖြစ်လို့လဲကွ'

'ဘာဖြစ်ကမှာလဲ စောစောကဆိုက်ကား …'





သူ့ရဲ့စကားဆုံးတော့ အဲဒီလူက တဟားဟားနဲ့သူ့ကိုလှောင်တယ်။ သူက ပိုပြီး မခံချင်ဖြစ်သွားတယ်လေ။

'ဟား ဟား ဟား… ဖြစ်ရလေကွာ… အေးလေ… မင်းကအ တာကို… ခံပေါ့၊ တကယ်တော့ ကားသမားက မင်းကို အိမ်တိုင်ယာရောက် ပို့ပေးသွားတာကွ၊ ဆိုက်ကားသမားကမှ… မင်းကို လမ်းတစ်ပတ်လှည့် ပြသွားတာ'

'မသိဘူးလေဗျာ ကျွန်တော်တစ်ခါမှမရောက်ဖူးဘဲ'

'ဟားဟား… သွား…ဒီလမ်းဆုံးရင် အဆောင်ကိုတွေ့လိမ့်မယ်၊ သေသေချာချာသွားနော် နောက်တစ်ခါအလိမ်မိနေဦးမယ်'

အဲဒီလူက သူ့ကို အထင်တသေးပြောဆိုပြီးသွားတယ်။ သူအောင့် သက်သက်နဲ့ လမ်းထဲဝင်ခဲ့တော့တာ။

လမ်းရဲ့အဆုံးကိုရောက်တော့ ရှည်မျောမျောအဆောက်အဦးတစ်ခုကို တွေ့ရပြီး သူကအဆောင်လို့ထင်ပေမယ့် ဘာစာမှရေးမထားပါ။ အဆောက် အဦးကနှစ်ထပ်ဖြစ်ကာ စာသင်ကျောင်းနဲ့တောင်ပိုတူတယ်။

ခြံဝခုံတန်းမှာ လူဖလံလေးတစ်ယောက်နဲ့ ဇွပ်ကျယ်ကျိုင်းပြတ်ဝတ် ထားတဲ့ဗလကြီးထိုင်ပြီး ဂစ်တာတီးနေကြတယ်။

'အစ်ကို… ဒါအဆောင်လားဟင်'

သူက သွားရပ်ပြီးမေးတော့ ဟိုနှစ်ယောက်ကသူ့ကိုခြေစခေါင်းဆုံး ကြည့်တယ်။ ပြီးမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မဲ့လိုက်ကြ တယ်။ လူဖလံလေးက မင်းမင်းစိုးကိုပြန်မေးတယ်။

'မင်းနယ်က ကျောင်းလာတက်တာထင်တယ်'

'ဟုတ်တယ်ဗျ… ဒီနှစ်မှစတက်မှာ ဘာဖြစ်လို့လဲ'

သူကအူချာချာပြန်မေးတော့ လူဖလံလေးက ဗေလုဝင်ပြုံးလိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီခြံရဲ့တစ်ခြံကျော်ပဲ… အဲဒီမှာအဆောင်ရှိတယ် သွားလိုက်ပါ သဘောတွေကကောင်းကြတယ်'

'ဟုတ်တယ်ကွ…ပြီးတော့ အဆောင်ပိုင်ရှင်မှာ တူမတွေပေါတယ်၊ မင်းတွေ့လိမ့်မယ် သွား သွား'

ဗလကြီးကပါဝင်ပြောလို့ သူကသွားဖို့ပြင်တယ်။ လူဖလံလေးက…

'ဩော်… ငါ့ညီခဏနေဦး'

ပြောလို့ သူက ရပ်လိုက်တယ်။

'ခြံစောင့်မာလီနဲ့တွေ့ရင် စကားကိုကျယ်ကျယ်ပြော မာလီလူဝကြီးက နားလေးတယ်။ အဲဒါသတိပေးတာ ကျယ်ကျယ်ပြောလေ၊ မင်းအတွက် အဆင်ပြေလေပဲ'

'ဩော်… ဟုတ်ကဲ့ ကျေးဇူးပါပဲ သွားပြီဗျို့'

သူက ငနဲနှစ်ယောက်ကို အတော်ကျေးဇူးတင်သွားတယ်။ ဩော်… မကောင်းတဲ့လူတွေရှိသလို ကောင်းတဲ့လူတွေလည်းရှိပါသေးလားလို့ ပြည့်တွေးလိုက်တယ်။

တစ်ခြံကျော်ရောက်တော့ နှစ်ထပ်အဆောက်အဦးကို တော်တော်လုံလုံခြုံခြုံသေသေသပ်သပ်တွေ့ရလို့ ပျော်သွားတယ်။ ဒီလိုသားသားနားနားအဆောင်မှာ နေရရင် မဆိုးဘူးလို့ တွေးမိလိုက်တယ်။

'ပန်းမာလာအဆောင်ဆိုပါလား…ဟင်…နွဲ့လိုက်တာ… နေရမှာကကျားကျားလျားလျားတွေ၊အေးလေ… အဆောင်ပိုင်ရှင်က မိန်းမကြီးပဲကို'

ခြံဝအပေါ်မှာရှိတဲ့ အဆောင်နာမည်ကိုဖတ်ပြီး သူခေါင်းကုတ်လိုက်မိတယ်။ အထဲကိုဝင်ရင်း ဘေးဘီကိုဂေကြည့်လိုက်တော့ မြက်နုတ်နေတဲ့လူဝကြီးကို တွေ့လိုက်ရတယ်။

'ဒီမှာ… ဒီမှာ'





မြက်ကုန်းနုတ်နေတဲ့လူဝကြီးခါးကိုတို့ပြီး ရပ်နေလိုက်တယ်။လူဝကြီးကသူ့ကို လှည့်ကြည့်တော့….

'ဒါ အဆောင်လား…ဦးကဒီအဆောင်ကဝန်ထမ်းလား ကျွန်တော် ဒီအဆောင်မှာနေချင်လို့'

သူကပြောတယ်။ လူဝကြီးဘာသံမှမထွက်ဘဲ မျက်ပြူးကြီးနဲ့ကြည့်နေလို့ သူကဖလံလေးပြောတဲ့စကားကို သတိရပြီး အကျယ်ကြီး အော်ပြောလိုက်တယ်။

'ဦးလေး… ကျွန်တော်ဒီအဆောင်မှာနေမယ့် ကျောင်းသားပါ… ကြားလား… ဒီအဆောင်မှာနေမလို့'

'ဘာကွ'

လူဝကြီးကသူ့ကိုအကြောင်ကြောင်နဲ့ပြန်မေးလို့ ခေါင်းကုတ်လိုက်ပြီး၊ ဒီလူကြီး အတော်နားလေးတာပဲလို့ တွေးလိုက်တယ်။ ဒီအချိန်မှာပဲ ပြတင်းဝကနေ ကောင်မလေးပေါင်းများစွာရဲ့မျက်နှာတွေကို သူတွေ့လိုက်ရတယ်။

တစ်လက်စတည်း တစ်ခုခုမှားနေပြီလို့ထင်နေတယ်။ မိန်းကလေးတွေ အများသားလား။

'ကျွန်တော် ဒီအဆောင်မှာနေချင်လို့… အဟွတ် ဟွတ်'

'ဘာ'

အကျယ်ကြီးအော်ပြောရလို့ သူချောင်းပါဆိုးတယ်။ ကောင်မလေးတွေက တခွီးခွီးနဲ့ရယ်ပေမယ့် လူဝကြီးက မျက်ပြူးကြီးနဲ့ ထပ်မေးလို့ သူစိတ်ပျက်သွားတယ်။

'ဟေး… တကယ်နေမှာလား'

'ကောင်းတယ်… ယောကျ်ားလေးတစ်ယောက်ရှိတော့ ခိုင်းစရာရှိနိုင်းလို့ကောင်းတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေဆီက ထွက်လာတဲ့အသံတွေကြောင့် သူပိုပြီး အူချာချာဖြစ်သွားတယ်။ လူဝကြီးက မယုံနိုင်တဲ့မျက်လုံးတွေနဲ့ သူ့ကိုပြူး ကြည့်နေတယ်။

'ခက်တာပဲ… ဒီဝက်ကြီးက နားတယ်လေးတာကိုး'

သူက ခေါင်းကုတ်ရင်း ခပ်တိုးတိုးပြောတဲ့စကားကြောင့် လူဝကြီး ဆီမှ…

'ဘာကွ… မင်းဘာပြောတာ'

မခံချိမခံသာအသံကြီးထွက်လာလို့ သူအံ့သြသွားတယ်။

'ဟင်… ဒါကျတော့ကြားတယ်၊ ခုနကအကျယ်ကြီးအော်ပြောတာ ကျတော့မကြားဘူးပေါ့လေ ဦးလေးနားလေးတာ တစ်မျိုးကြီးပါလား၊ ဆန်း လိုက်တာ'

'ဟေ့ကောင်… ငါနားမလေးဘူးကွ၊ မင်းပြောတာတွေကို ကြား တယ်'

'ဗျာ… ဒါဆိုဘာလို့ ကျွန်တော့်ကိုကြောင်ကြည့်နေတာလဲ'

'ဟ… အံ့သြတာကိုကွ ဒါ… မိန်းကလေးဆောင်ကွ'

'ဗျာ… ဒါ… ဒါ… မိန်းမဆောင်'

လူဝကြီးက သည်းခံခြင်းတရားကို အနိုင်နိုင်လက်ကိုင်ထားနေရတဲ့ သဘောနဲ့ သူ့ကိုကြည့်ပြီးပြောတယ်။

'မိန်းကလေးဆောင်မှာနေချင်တယ်ဆိုလို့ မင်းကိုငါအံ့သြပြီးကြည့် နေတာကွ'

သူခေါင်းကိုစုံကုတ်ရင်း လူဖလံနဲ့ဗလကြီးကိုဆဲလိုက်တယ်။ သူ့ကို ချောက်ချတဲ့လူတွေနဲ့ချည်း တွေ့နေတာလေ။

'တောင်းပန်ပါတယ် ဦးလေးရယ်… ကျွန်တော်တကယ်မသိလို့ ပါဗျာ… ကန်တော့ဗျာ'





'ဟွန်း… ရပါတယ်၊ ဒါနဲ့… မင်း ကြည့်ရတာ နယ်သား ထင်တယ်'

'ဗျာ'

'ဩော်… နယ်ကတက်လာတာလားလို့'

'ဟုတ်ပါတယ်… ဟိုလေ… ဒီနားမှာ ယောကျ်ားလေးဆောင် ဘယ်နားလေးလဲဗျာ'

'ဒီခြံရဲ့တစ်ခြံကျော်မှာ'

'ဗျာ'

သူလာခဲ့တဲ့ တစ်ခြံကျော်ကိုလက်ညှိုးထိုးပြလို့ အံ့သြသွားတယ်။

'မင်းကလည်း တစ်ဗျာတည်း ဗျာနေတာပဲ၊ မင်းဒီကိုလာတော့ ထမ်းမှာတွေ့ခဲ့တယ်မဟုတ်လား၊ နှစ်ထပ်အိမ်ရှည်လေ အဲဒါယောကျ်ားလေး ဆောင်… ဒါမိန်းကလေးဆောင်… မင်းနေချင်လို့မရဘူး၊ မြန်မြန်သာကြွ… ကြာရင်ငါစိတ်တိုလာသလို မင်းအသက်လည်းတိုသွားမယ်နော်… ဟွန်း'

'ဟုတ်ကဲ့… ကျေးဇူးပါပဲ… တကယ်မသိလို့ပါ'

'လူကိုက… အူလည်လည်နဲ့'

သူကမန်းကတမ်းပြေးထွက်လာခဲ့ရတယ်။ သူ့နောက်မှာကောင်မ လေးတွေရဲ့ လှောင်ရယ်သံတွေစီစီညံညံကပ်ပါလာလို့ မပြေးရုံတမယ်လစ် ထွက်ခဲ့ရတော့တာ။

'တွေ့မယ်…တွေ့မယ်…ငါ့ကိုချောက်ချတဲ့ကောင်တွေ၊ လက်သီးနှစ် ချက် သုံးလုံးလောက်တော့ပစ်သွင်းလိုက်မယ်'

သူစိတ်နာနာနဲ့တွေးရင်း ပြေးသွားလိုက်တယ်။ ဒါပေမဲ့ အဆောင် ရောက်တော့ ငနဲနှစ်ကောင်ကို မတွေ့ရတော့ပါ။ ပျောက်ချသွားသား ကောင်းသွားကြတယ်လေ။ သူစိတ်နာနာနဲ့ ပေါက်ခတ်ရုံမှတစ်ပါး မရှိ တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်ရင်း တွေ့လိုတွေ့ငြားလိုက်ရှာပေမယ့် မတွေ့တော့ဘူး။ ရန်ကုန်မြေကို ခြေချလိုက်ကတည်းက အခံဘက်ကချည်းဖြစ်နေလို့ ကံမကောင်းဘူးလို့တွေးလိုက်တယ်။

ဒီတစ်ခါမှ တကယ့်အဆောင်နဲ့ အဆောင်ပိုင်ရှင် ခေါ်လှကြီးကိုပါ အကောင်လိုက်ကြီးတွေ့လိုက်ရလို့ အဆင်ပြေသွားတော့တာ။

✠



## အခန်း(၂)

အခန်းရှည်တစ်ခန်းထဲမှာ ခုတင်လားဘာလားမသိတဲ့ အိပ်စင်ငါးခု ...ကြီးသွားပြီးချထားတယ်။ သူအိပ်ရမယ့်ခုတင်က တစ်ဘက်အစွန်းဆုံးမှာဖြစ်ပြီး ...တဲ့လေးလုံးက လူရှိပြီးဖြစ်နေတယ်။

'မင်းနဲ့အတူနေရမယ့် အခန်းဖော်တွေကအပြင်သွားကြတယ်၊ ပြန် ...ကိုယ့်ဘာသာမိတ်ဆက်ကြ၊ မျက်နှာသစ် ရေချိုးတာကတော့ ရှေ့ကရေ ...ကြီးမှာပဲ၊ အိမ်သာကတော့ အနောက်ကငါးခန်းတွဲ၊ အပေါ်ထပ်ကဆင်း ...ရတဲ့နောက်လှေကားလည်းရှိတယ်'

'ဟုတ်ကဲ့ ရပါပြီအန်တီလှ၊ ကျွန်တော်ခဏလှဲလိုက်ဦးမယ်ခင်ဗျ၊ ...ပင်ပန်းနေပြီ'

ဟုတ်တယ်လေ။ ကိုယ်က ဒီအဆောင်ရှေ့ကို တန်းတန်းမတ်မတ် ...ပြီးကာမှ... ဟိုငတိနှစ်ကောင်နောက်လိုက်ပို့ပေးသွားရတာ တော်သေး ...ပါ၊ ပြေးနိုင်လို့လွတ်တာလေ။

အန်တီလှကပြုံးပြီး အခန်းထဲကထွက်သွားတယ်။ သူ့ခုတင်က ...တင်ရဲ့အနောက်ဘက်ဆုံးပဲ။ အလယ်ခုတင်ရဲ့ခြေရင်းမှာ ဝိတ်တုံးကြီးတို ...တင်ထားတာတွေ့ရလို့ သူ့ကိုချွန်လိုက်တဲ့ ဗလကြီးကိုပြေးမြင်မိသွား ...။

'ဒီလူနဲ့မှ တစ်ခန်းတည်းကျရတယ်လို့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



သူစိတ်ပျက်သွားတယ်။အခုအချိန်ထိသူ့ဒေါသကအနည်မထိုင်သေးပါ။

ဒီအချိန်မှာပဲ အခန်းထဲကို မှုန်တေတေမျက်နှာနဲ့ လူတစ်ယောက် ဝင်လာပြီး သူ့ကို တစ်ချက်ကြည့်တယ်။ ဗလကြီးရဲ့ဘေးဘက်ခုတင်မှာ ဝင်ထိုင်လိုက်ပြီး သူ့ကိုမှုန်တေတေနဲ့ကြည့်နေပြန်တယ်။ သူလည်း နဂိုက တည်းက စိတ်ဆိုးဆိုးမို့ အောက်ကျခံပြီး အဖက်မလုပ်တော့ဘဲ မိုက်ကြည့် ပြန်ကြည့်လိုက်တယ်။ ဒီတော့မှ ငနဲက တစ်ဖက်ကိုလှည့်ပြီး အကြည့်လွှဲ သွားတယ်။

သူလည်းခေါင်း အုံးတွေစောင်တွေမရှိသေးတော့၊ ကျောပိုးအိတ် ခေါင်းခုပြီး ခဏလှဲချလိုက်တယ်။ ဖော်ရွေခြင်းမရှိတဲ့ငနဲကိုလည်း အမြင် မြင်နေတယ်၊ မဟုတ်ပါက နှစ်ယောက် သားစကားတပြောပြောနဲ့ ဘယ် လောက်ကောင်းမလဲ။

သူနေတဲ့ အပေါ်ထပ်ပြတင်းပေါက်ကနေ ခြံနောက်ရှုခင်းကိုကြည့် တော့အိမ်သာကြီးပဲရှိတယ်။ ဒါကြောင့်ဒီနေရာဘယ်သူမှမယူတာလို့ သူတွေး လိုက်တယ်။

အတော်ကြာတော့ အခန်းထဲကို လူတစ်ယောက်ဝင်လာပြန်တယ် သူလှည့်ကြည့်လိုက်တော့ လမ်းဝမှာ သူ့ကိုလမ်းညွှန်လိုက်တဲ့ငနဲ။

'ဟာ… အစ်ကိုက ဒီအခန်းကလား'

'ဩော်… မင်းကို… ဟုတ်တယ်ကွ တစ်ခန်းတည်းဆိုတော့ ကောင်းတာပေါ့၊မင်းဘယ်နယ်ကလဲ ငါကရောဝတီတိုင်းကကွ…နာမည်က အောင်မြင့်ဦး'

ပြောပြောဆိုဆို သူ့ခုတင်မှာဝင်ထိုင်လိုက်တယ်။

'ကျွန်တော်က မင်းမင်းစိုး၊ ဘုတလင်သားပါ၊ ဒီနှစ်မှစတက်မှာ အစ်ကိုကရော'





'အေး… ငါက ဒုတိယနှစ်, သမိုင်း၊ မင်းကရော…'

'ပထဝီပါ'

'အိုး … မဆိုးပါဘူး နီးစပ်တယ်… ဟဲဟဲ… ဒါနဲ့မင်းဒီကို ချောချောမွေ့မွေ့မှ ရောက်ရဲ့လား'

'ဟာ… မရောက်ဘူးဗျ'

'ဘာဖြစ်လို့လဲ'

သူက ဝိတ်တုံးကြီးကို လက်ညှိုးထိုးပြရင်းပြောတယ်။

'အဲဒီဝိတ်ပေါ်နဲ့ နောက်ဗေလုဝလိုကောင်တစ်ကောင် ကျွန်တော့်ကို အရှုံးသမီးဆောင်ဘက် ချောက်ချလွှတ်လိုက်လို့ မနည်းတောင်းပန်ခဲ့ရတယ်'

'ဟေ… ဟုတ်လား… ဟားဟားဟား'

အောင်မြင့်ဦးက ခွက်ခွက်လန်ရယ်ပေမယ့် အကောင်းမြင်နေတဲ့ သူဆိုတော့ သူကစိတ်မဆိုးပါ။ ခုတင်မှာလှဲနေတဲ့လူကို မေးငေါ့ရင်းမေး လိုက်တယ်။

'သူက ဘာလဲဗျ… မိုက်တိမိုက်ကန်းနဲ့'

'ဩော်… သူကဒီလိုပါပဲ သဘောကတော့မဆိုးပါဘူး၊ မျက်နှာ ထားတတ်တာ အဲဒီလိုရုပ်အတည်ကြီးပဲကွ၊ စောစောကမင်းကိုချွန်လိုက်တဲ့ ကောင်တွေကလည်းငပေါတွေပဲ ဒါပေမဲ့ သူများကိုတော့ချောက်ချတတ်တယ် ကွ၊ ဗလကြီးကနိုင်ဦးတဲ့ ငါတို့က ဝိတ်ပေါလို့ခေါ်တယ်၊ ဟိုကောင်… ဗလံလေးကတော့ ဇော်နိုင်တဲ့ ငါတို့ကတော့ မှင်စာလေးပဲခေါ်တယ်။ သဘောတွေကတော့ ကောင်းကြပါတယ်ကွ'

'ဟာဗျာ… ကောင်းခါမှကောင်းရော သူတို့နှစ်ယောက်ကိုစိတ် နာတော်ဆိုးတယ်'

'ဟား ဟား…ညီလေးရာ…သည်းခံစမ်းပါ၊ ဒီမှာက မင်းထိုရှင် ဘယ်သူမှပြန်မထိုးဘူး အမှုလုပ်ပြီးလျှော်ကြေးပဲတောင်းတာကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… အဲလိုကြီးလား'

'အေး… လုပ်ရင် ဘာပဲဖြစ်ဖြစ် လုပ်တဲ့လူအလွန်ကွ'

'ဒါဆိုရင်တော့မဖြစ်ဘူး၊ ကျွန်တော်က လက်ဆပြင်းတယ်'

'အေး… ပြင်းရင်တော့ မလုပ်နဲ့ပေါ့၊ ကိုယ့်ဘာသာမသိမသာ သူ့အလှည့်ကိုယ့်အလှည့်ပေါ့ကွာ၊ လက်တုန့်ပြန်ချင်ရင် ချောက်ပြန်ချ'

'ဟုတ်တယ်… သူတို့ကိုလည်း ပြန်ပြီးချောက်ချရမယ်၊ နေပါဦး ဟိုလူကနေနိုင်လှချည်လား'

တစ်ဘက်လှည့်ပြီးအိပ်နေတဲ့လူကို သူက မေးငေါ့ပြောတော့ အောင်မြင့်ဦးက ပြုံးတယ်။

'သူ့နာမည်က သန့်ဇင်ဦး… ဒလဘက်ကမ်းကနေလာတာ၊ သူက ပညာရှိရှူးရူးနေတာ… ဆိုက်ကိုတက်နေတယ်လေ'

'ဟင်… ပညာရှိရူးဆိုတာက'

'ဟုတ်တယ်… သူစကားပြောရင် ကွန်ဖြူးရှပ်တို့ ဆိုကရေးတီးတို့ လိုလူတွေရဲ့စကားတွေကို ကြီးကြီးကျယ်ကျယ်သုံးတတ်တယ်။ သူမပြောနဲ့ သူ့အဘိုးတောင်အဲဒီလူပညာရှိတွေကို မမီဘူးလေ။ သူနဲ့စကားပြောရင်အား ကြီးခေါင်းစားတယ်။ ဘယ်လူမျိုးရဲ့အဆိုအမိန့်ဖြစ်ဖြစ်သူသိတယ်၊ အဲ… ပြောလိုက်ရင်တော့ တလွဲချည်းပဲ၊ ဒါကြောင့် ငါတို့ကသူ့ကို ကွန်ဖြူးသန့်လို့ ခေါ်တယ်'

'ဟုတ်လား… ဟားဟား'

သူတို့နှစ်ယောက် ရယ်ရင်းလောင်နေကြတယ်။ သူကစဉ်းစား တယ်။ တခြားလူတွေမှာ နာမည်ပြောင်ရှိသလို အောင်မြင့်ဦးမှာလည်း ရှိမှာပဲလို့လေ။

'အစ်ကို့ကိုရော သူတို့ကဘယ်လိုခေါ်ကြလဲ'

အောင်မြင့်ဦးက အနီးအနားမှာတခြားလူရှိမရှိ ဖြူးဖြူးဖျာဖျာ နဲ့လှည့်ပတ်ကြည့်လိုက်ပြီးမှ…





'အင်း… ငါ့ကိုလား… ငါ့ကိုတော့ အောင်မြင့်ဦးပဲခေါ်ကြတယ်၊ ငါကပြောင်စရာနာမည်မှမရှိတာ'

မလုံမလဲနဲ့ပြန်ပြောတယ်။ သူလည်းနာမည်ပြောင်လို့ မရအောင်နေ မှလို့တွေးလိုက်မိတယ်။

သူ့အိပ်ယာတွေဘာညာတွေ အောင်မြင့်ဦးနဲ့လိုက်ဝယ် ပြင်ဆင်ပြီး စောစောပဲအိပ်လိုက်တော့တယ်။ သူအိပ်တဲ့အချိန်ထိ မှင်စာနဲ့ဗလကြီးတို့ မရောက်သေးပါ။

☺

'အိစ်… အိစ်… အိစ်'

ဆိုတဲ့ ဝမ်းခေါင်းသံကြီးနဲ့အတူ ဩကာသဘုရားရှိခိုးသံနှစ်ခု နောက်က…

'ဒွမ်… ဒွမ်… ဒွမ်'

ဆိုတဲ့ ဂစ်တာတီးသံ။ အသံသုံးခု Remix အားနဲ့သူ့ကိုနှိုးလိုက်လို့ လန့်နိုးသွားတယ်။

ကပျာကယာ ခြင်ထောင်အပြင်ဘက်ခေါင်းထွက်ကြည့်လိုက်တော့ ဗလကြီးက ပက်လက်လှန်ကာဝိတ်မနေသလို၊ အောင်မြင့်ဦးက ဟိုဘက်အစွန် ခုံးကနေ အော်ကြီးဟစ်ကျယ်ဘုရားရှိခိုးနေပြီး၊ မှင်စာက ဂစ်တာကြီးကိုတီး ရင်းဘောပင်တစ်ဘက် စာအုပ်တစ်ဘက်နဲ့ အလုပ်ရှုပ်နေတယ်။

Remix သံသုံးခုရဲ့အလယ်ကိုရောက်နေတဲ့ ကွန်ဖြူးသန့်ကတော့ ခေါင်းအုံးနဲ့စောင်ပါ ခေါင်းပေါ်ဖိအိပ်နေတယ်။ အိပ်ရေးမဝလို့ မင်းမင်းနိုးတာ သမ်းလိုက်တယ်။ သူ့ဘေးမှာမှင်စာ၊ မှင်စာရဲ့ဟိုဘက်ဘေးမှာက ဗလကြီး ဗလကြီးနဲ့အောင်မြင့်ဦးကြားမှာ ကွန်ဖြူးသန့်။



www.burmeseclassic.com

www.burmeseclassic.com



'အိစ်... အိစ်'

ဝမ်းခေါင်းသံကြီးကိုဟစ်ပြီး ဝိတ်တုံးမနေတဲ့ဗလကြီးအသံက အဆိုးဆုံးပဲ၊

နောက်... အောင်မြင့်ဦးရဲ့...

'နောင် ဝေ ဝေ'

ဆိုတဲ့ကြေးစည်သံနောက်မှာ မှင်စာရဲ့...

'ဋွမ် တမ် တမ်'

ဆိုတဲ့ဂစ်တာသံက အဆုံးသတ်ပေးလိုက်ရာ သူ့နားတွေနဲ့အတူ စိတ်ပါ အတော်ရှုပ်သွားတယ်။

'အား... တော်ပါတော့'

သူ့အသံကုန်အော်လိုက်မှ ခဏတန့်သွားကြပြီး သူ့ကိုဝိုင်းကြည့်ကြတယ်။ ခဏနေမှ အောင်မြင့်ဦးက ခေါ်ဖို့ကျန်သေးတဲ့ သာစုသုံးကြိမ်ကို ဆက်ခေါ်ပြီး မှင်စာက တီးဖို့ကျန်သေးတဲ့ လက်ခတ်နှစ်ချက်ကို ဋွမ်ခနဲ ဆက်တီးတယ်။ ဗလကြီးကတော့ နှစ်ခါအိစ်ပြီး ဒေါက်ပေါ်ဝိတ်တုံးပြန်တင် လိုက်တယ်။

'ခင်ဗျားတို့လုပ်တာ ဘေးလူတွေ ဘယ်လောက်အနှောင့်အယှက် ဖြစ်လဲဆိုတာ မတွေးမိကြဘူးလား'

သူ့စကားဆုံးတော့ ကွန်ဖြူးသန့်ရဲ့ခေါင်း ခြင်ထောင်ထဲကထွက် လာတယ်။

'ပဲဒ်ဝန်းကျင်နဲ့လိုက်လျောညီထွေဖြစ်အောင်နေနိုင်မှ လူဟာတန်ဖိုး တက်တာကွ၊ မင်းဘာမှမပြောဘဲ အလိုက်အထိုက်နေပါလား'

'ဘာဗျ... ပတ်ဝန်းကျင်နဲ့လိုက်အောင် ကျွန်တော်ကဘယ်လိုနေရ မှာလဲ ဒီလောက်ဆူညံနေတာ'

'အို... ငါ့လိုနားပိတ်ပြီးနေ... အေး... လူမိုက်တွေနဲ့ပြိုင်ပြီးမိုက် တဲ့လူမှ ပိုမိုက်တာလို့ အမေရိကန်အတွေးအခေါ်ပညာရှင်ကြီး...'



'တော်ပါဗျာ... အဲဒီပညာရှင်ကြီးပြောတဲ့အချိန်မှာ ခင်ဗျားမွေးဦး မှာတောင်မဟုတ်သေးဘူး။ ခင်ဗျားတို့အဲဒါခက်တာ သူများအဆိုအမိန့်တွေ လျှောက်ပြောနေမှတော့ ဘာများတိုးတက်မှာလဲ၊ ခင်ဗျားတကယ်ပညာရှိဖြစ် ချင်ရင်ကိုယ့်ဘာသာကြိုးစား သူများဟာတွေကူးမချနဲ့'

ကွန်ဖြူးသန့် ဂိခနဲဖြစ်သွားပြီး မျက်နှာကြီးမဲ့သွားကာ...

'မင်းလိုကောင်မျိုးကို ပညာရှိတွေရဲ့စကားပြောလည်း အလကားပဲ၊ ဝက်နားဂစ်တာတီးသလိုပဲဖြစ်မှာ'

ပြောတော့ ဂစ်တာတီးနေတဲ့မှင်စာက တဟိဟိရယ်ပြီး၊ ဗလကြီးက ဒေါ်ပွသွားတယ်။

'ဟေ့ရောင်ကွန်ဖြူးသန့်...မင်းစကားပြောရင် ဘေးလူတွေကိုလွတ် အောင်ပြောကွ'

'ဟ...ငါပြောတာအလွတ်ကြီးပဲ၊ဗလအီးပေါ်လောကြီး ဘေးနားမှာ မှင်စာမတီးတတ်တီးတတ်နဲ့ ဂစ်တာတီးတယ်လို့မပြောပါဘူး'

ဗလကြီး ပက်လက်လှန်နေရာကကုန်းထလာပြီး၊ မှင်စာကလည်း မျက်နှာကြီးမဲ့သွားတယ်။

'ဟေ့ကောင်... မင်းဂစ်တာမှာ ကြိုးဘယ်နှစ်ချောင်းပါလဲဆိုတာ တောင်မသိဘဲနဲ့များ ငါ့ကိုမတီးတတ်ဘူးလေးဘာလေးနဲ့'

'သိဒယ်ကွ ... သိတယ် ... မင်းသံစဉ်ကတစ်ခါလာလည်း A.C.G တစ်ခါလာလည်း A.C.G ၊ လက်ခတ်ကလည်း (Go - Go) အမတက်တော့ဘူး၊ ငါတောင်နားထောင်ရင်း အလွတ်ရနေပြီ'

ဗလကြီးနဲ့မှင်စာက ဘာမှမပြောတော့ဘဲ ကွန်ဖြူးသန့်ကိုဝိုင်းလိုက် ကြတယ်။ အပီဖွဲ့ကြမယ့် ရုပ်တွေနဲ့။

'ဟာ ... မင်းတို့ ဒေါသရှေ့ထားရင်မှားမယ်။ တရားသဘောနဲ့ ဆင်ခြင်ပြီး သည်းခံခြင်းတရားကိုလက်ကိုင်ထားမှ...'

www.burmeseclassic.com



'ဟော့ကောင် ဘုရားလူကြီး…အေး…မင်းတိတ်ရင်တိတ်၊ မတိတ်ရင်ငါ့လက်သီးနဲ့ ပိတ်ပေးမယ်'

'အိ'

ဗလကြီးရဲ့ ဆယ်ပေါင်တူထက်ကြီးတဲ့လက်သီးကြီးကိုကြည့်ပြီး ဘုရားလူကြီး ခေါ် အောင်မြင့်ဦးဂုတ်လေးတိုသွားတယ်။ ဗလကြီးက ခြင်ထောင်ထဲမှာပုနေတဲ့ ကွန်းဖြူးသန့်ကို ကုပ်ကနေ ကိုင်ဆွဲထုတ်လိုက်တယ်။

'မင်းဘာပြောတာလဲ ကွန်ဖြူးသန့်'

'ငါဘာမျှားပြောမိလို့လဲကွာ ငါ့ဘာသာ ဟိုကောင်မျက်ပြူးကိုပြောနေတာပါ… ဟဲဟဲ'

'ဘာကွ… မင်းငါ့ကိုတောင် ဂစ်တာမတီးတတ်ဘူးလို့ ပြောသေးတယ်လေ'

မှင်စာကလည်း ဝင်ထောင်တယ်။ ကွန်ဖြူးသန့်က ဗလကြီးလက်သီးကြီးကို ကြည့်ပြီး တံတွေးကို ဂလုခနဲမျိုချတယ်။

'ဟာ… ငါပြောတာက အဲဒီ A.C.G အကွက်ဆိုတာ တော်ရုံလူဘယ်တီးတတ်ပါ့မလဲလို့ ပြောတာပါ။ငါလည်းမတီးတတ်သလို ဗလကြီးလဲဘယ်တီးတတ်မလဲ ငါကစတာပါကွာ ဟဲဟဲ'

'ဟွန်း… နောက်တစ်ခါ စကားကိုဆင်ခြင်ပြော'

ဗလကြီးက ကွန်ဖြူးသန့်ကိုအိပ်ယာပေါ်ပြန်ပစ်ချလိုက်တယ်။ ပြီးမှ မင်းမင်းစိုးဘက်ကိုလှည့်ပြောတယ်။

'မင်းကဘာကောင်လဲ… မင်းနာမည်ဘယ်သူလဲ'

'လူ… နာမည်က မင်းမင်းစိုး'

ဗလကြီးနဲ့မှင်စာက ရုပ်တည်ကြီးတွေနဲ့ မင်းမင်းစိုးနားကပ်လာကြတယ်။ အနားရောက်တော့ မင်းမင်းစိုးလန့်နေပြီ။ ဘာပဲဖြစ်ဖြစ်ဗလကြီးက





အောက်ပိုင်း ရှူးဖေမယ့် လက်မောင်းနဲ့ ရင်အုံက အတော်ထွားတယ်။ ဒါကြောင့်…

'ခင်ဗျားတို့…ကြီးတယ်ဆိုပြီး အနိုင်စီးကျင့်နဲ့၊ဒါပေမဲ့…ဘုတလင်သား… သွေးမနည်းဘူးဗျနော်… ဟင်း… ဟင်း'

မင်းမင်းစိုးက ကြောက်ကန်ကန်တယ်။ ဗလကြီးနဲ့ မှင်စာက တစ်ယောက်နဲ့တစ်ယောက်ကြည့်လိုက်ကြပြီး တဟားဟားနဲ့ ရယ်လိုက်ကြတယ်။

'ငါတို့က မင်းကိုနောက်နေတာပါကွ'

နှစ်ယောက်သား မင်းမင်းစိုးခုတင်မှာဝင်ထိုင်ရင်း တရင်းတနှီးနဲ့ပခုံးပုတ်လိုက်ကြတယ်။

'မင်းကိုမနေ့က ငါတို့စလိုက်တာတော်တော်ထိသွားလား၊အဟဲ… စိတ်မဆိုးပါနဲ့ကွာ ငါတို့ကပျော်တတ်လို့ပါ'

'ရပါတယ်… စိတ်တော့ခဏတိုတယ်၊ ဒါပေမဲ့… ကျွန်တော်ကလည်းအဆောင်ရွှေ့လာပြီး ဒါအဆောင်လားမေးတာကိုး'

'ဟား ဟား… ဟုတ်တယ် ငါတမင်ချွန်လိုက်တာ ဟားဟား'

'ဒါပေမဲ့… မင်းကောင်မလေးလှလှလေးတွေ တွေ့ခဲ့တယ်မို့လား'

'ဟာ… တော်ပါဗျာ… ကျွန်တော်ရှက်လွန်းလို့ ဘာမှန်းတောင် မကြည့်မိလိုက်ဘူး'

ဘုရားလူကြီးနဲ့ ကွန်ဖြူးသန့်က မျက်နှာသစ်ဖို့ ဆပ်ပြာ၊ ရေခွက်တွေယူပြီး အခန်းထဲကထွက်သွားကြတယ်။ မင်းမင်းစိုးက သူသိချင်တာကိုမေးတယ်။

'နေပါဦး… အောင်မြင့်ဦးကို ဘာလို့ဘုရားလူကြီးလို့ခေါ်ကြလဲ'

'မင်းကြားတဲ့အတိုင်းပဲ… ဘုရားရှိခိုးတာကျယ်တယ်ကွ။ ဘာပြောရင်ဘုရားလူကြီးလေသံနဲ့လေ၊ ဒါကြောင့် ဘုရားလူကြီးလို့ခေါ်တာ'

www.burmeseclassic.com



'ဟုတ်တယ်… တစ်ခါတစ်လေသူ့အပြောတွေက ဘုရားဟော ထက်တောင်ကြီးကြီးသွားတာ၊ဘာပဲဖြစ်ဖြစ်ဒီအခန်းမှာနေရင်တော့ ငါတို့ဒဏ် ကိုခံနိုင်မှနော်၊ ဒါကြောင့်မင်းနေတဲ့ခုတင်က အမြဲလွတ်နေတာ'

'ဟင်… ဘာဖြစ်လို့လဲ'

'သြော်… ငါတို့ဒဏ်ကိုဘယ်သူမှမခံနိုင်လို့ပြေးကုန်ကြတာလေ'

မှင်စာကပြောတော့ သူလည်းပြေးချင်ချင်ပဲ။ ဗလကြီးက မိတ်ဆက် တယ်။

'ငါ့နာမည်နိုင်ဦး… ပထဝီ…၊ ဒီကောင်ကဇော်နိုင်…ပထဝီပဲ၊ မင်းကရောဘာမေဂျာလဲ'

မင်းမင်းစိုးမျက်နှာကြီးတော်တော်မဲ့သွားတယ်။ ဒီငချွန်နှစ်ကောင်နဲ့ မေဂျာတူနေလို့လေ။

'ကျွန်တော်လည်း ပထဝီပဲ… ဒါပေမဲ့ပထမနှစ်၊ မင်းတို့ကဒုတိယ နှစ်လား'

ပြောတော့ နှစ်ယောက်သားပြုံးလိုက်ကြတယ်။

'ဟာ… ခုမှကောင်းသွားတာကွ… ငါတို့လည်းပထမနှစ်ပဲ'

'ဟင်… မနှစ်ကစတက်တာ မဟုတ်လား'

'အေးလေ… ဒါပေမဲ့… မအောင်ကြဘူးလေကွာ'

'ဟင်'

မင်းမင်းစိုးက အတန်းဖော်ရတာကိုမပျော်ဘဲ ငိုချင်နေတော့တာ။ ဒီဗရုတ်တွေနဲ့ပေါင်းမှတော့ သူ့ကိုလည်းဗရုတ်လို့ပဲမြင်ကြမှာမို့လေ။

'ဘာလဲ… ဟားဟား… မင်းပျော်သွားပြီမဟုတ်လား'

'ဟာ … ပျော်တာပေါ့… အမေရေ…အဲလေ…ပျော်တယ်၊ ပျော်ပါတယ်'

'တကယ်နော်'





'အို… တကယ်ပေါ့… ပျော်တာမှ ငိုချင်လောက်အောင်ကိုပျော် တာ… အရမ်းငိုချင်သွားပြီ'

'ဟင်… မင်းစကားကဘာကြီးလဲ'

'သြော်… ပျော်တယ်လို့ ပြောတာပါ… အဟီး'

မထူးတော့တာမို့ အားတင်းပြုံးပြလိုက်ရတယ်။

'မင်း… ဝိတ်မတတ်လား'

ဗလကြီးရဲ့စကားကို သူခေါင်းခါပြတယ်။

'ဒါဆို… ဂစ်တာရောတီးတတ်လား'

မှင်စာရဲ့စကားကို ခေါင်းယမ်းပြီးတဲ့အခါ…

'အေး… မကြာခင်မှာ မင်း နှစ်မျိုးစလုံးတတ်စေရမယ်'

ဗလကြီးနဲ့မှင်စာရဲ့စကားကိုကြားပြီး သူတကယ်ပဲ အခန်းပြောင်း ပြေးချင်သွားတယ်လေ။

✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

'ဗလကြီးတို့သားအဖလာပြီကွ… သြော်… သုံးယောက်ဖြစ်သွား
ပြီ'

စားသောက်ဆိုင်ထဲဝင်ဝင်ချင်းပဲ ဗလကြီးနဲ့မှင်စာကို သားအဖလို့
နောက်နေကျလူတွေရဲ့ အသံကြားရပြီး ကြားကမင်းမင်းစိုးပါ အချောင်နာပြီး
မျက်နှာကြီးမဲ့သွားတယ်။

'အေး… မင်းတို့အဖေတွေလာတာကွ… ဟာဟာ'

ဗလကြီးက ထိထိမိမိကြီး ပြန်ပက်လိုက်မှ တိတ်သွားတယ်။
တစ်ဝိုင်းမှာ ဘုရားလူကြီး အောင်မြင့်ဦးနဲ့ကွန်ဖြူးသန့် ခေါ် သန့်ဇင်ဦးတို့
လေထိုင်ပေးနေကြတယ်။

'ဟာ… ဘုရားလူကြီးတို့ပါလား… ဒီမှာပဲထိုင်မယ်ဟေ့'

ဗလကြီးက အသံတမင်တကာကျယ်ကာ ဘုရားလူကြီးကိုအရှက်ခွဲ
တယ်။ ဒါပေမဲ့ရိုးနေပြီဖြစ်လို့ သိပ်မထူးဆန်းတဲ့ပုံနဲ့လေပေးမပျက်ပဲ
မင်းမင်းစိုးတို့က ဝင်ထိုင်ရင်း မှာစရာရှိတာတွေမှာလိုက်ကြတယ်။

'တရားသဘောနဲ့ပြောရမယ်ဆို… မကောင်းဘူးပေါ့ကွာ၊ မိန်းမ
တာကိုငှက်ပျောတုံးလို သဘောထားတတ်ရတယ်'

'မိန်းမဆိုတာဘာတဲ့ ဘက်လိုက်တတ်ကြတယ်လို့ အဓွေးအနေ





ပညာရှိကြီးတွေကဆိုခဲ့မတတ်ခဲ့ကြတာ…အဲ…ဂျူလီယက်ဆီဇာဆိုရင်…'
ကွန်ဖြူးသန့်က အားပါးတရပြောမယ်ပြင်တုန်း မင်းမင်းစိုးက ဝင်မေးလိုက်
တယ်။

'နေပါဦး… ဂျူလီယက်ဆီဇာနော်… ဟုတ်လား'

အရှိန်ပျက်သွားတဲ့ ကွန်ဖြူးသန့်ကအောက်သိုးတဲ့ မျက်နှာကြီးကို
ပြုံးပြီးပြန်ပြောတယ်။

'ဟုတ်တယ်ကွ… ဟုတ်တယ်'

'ဟုတ်ပါပြီ… ဂျူလီယက်ဆီဇာနဲ့ခင်ဗျားဘယ်နှစ်ခါစကားပြောဖူး
လို့လဲ၊ ပြီးတော့… သူအဲဒီလိုမျိုးပြောခဲ့တယ်ဆိုတာကိုရော ဟုတ်မဟုတ်၊
မှန်မမှန်ခင်ဗျားသေသေချာချာသိလို့လား'

မင်းမင်းစိုးက ပိတ်မေးလိုက်တော့ ကွန်ဖြူးသန့်မျက်လုံးကြီး
အတစ်လိုက်ပြူးသွားပြီး…

'ဟ… ဘယ်သိမှာလဲကွ'

လို့ပြန်ဖြေတယ်။ မင်းမင်းစိုးက ပြုံးလိုက်ပြီးပြောတယ်။

'အဲဒါပဲ… ဘယ်ပဝေသနီကရှိလို့ရှိမှန်းမသိတဲ့ လူတွေအကြောင်း
မပြောနဲ့လေ၊ လက်ရှိလူတွေအကြောင်းပဲပြော… ဥပမာဗျာ… အိုဘားမား
အကြောင်းပြော…လူတိုင်းသိတဲ့အကြောင်းပြောရင် ခင်ဗျားညာပြောတာလား
မှန်တာလားဆိုတာသိတယ်… အဲ… ဘယ်သူမှမသိတဲ့လူအကြောင်းပြောရင်
ဘာမှန်းမသိတော့ ခေါင်းညိတ်ကြမှာပေါ့'

ကွန်ဖြူးသန့်က မင်းမင်းစိုးကို ဘာပြန်ပြောရမှန်းမသိ။ ခဏကြာမှသက်ပြင်း
ကိုမှုတ်ချလိုက်တယ်။

'မင်းလိုကောင်မျိုးနဲ့စကားပြောရတာ ဘာမှအနှစ်ရမှာမဟုတ်ဘူး
ဆရာကြီးအိုင်းစတိုင်းက ဘာပြောခဲ့လဲသိလား'

'သြော်… သူပြောသွားမှာပေါ့ လူဆိုတာသေမျိုးချည်းပဲမို့လေး
သူ့ဆီကအမွေတွေဘာတွေတောင်းဖို့ရော ခင်ဗျားကိုပြောခဲ့သေးလား'

www.burmeseclassic.com



'ဟင်း… ငါနော်… ငါ'

ကွန်ဖြူးသန့်က ထလစ်ဖို့ပြင်တယ်။ စိတ်အဲတော်တိုသွားပုံရတယ်။ ဒါပေမဲ့ ထသွားတဲ့ကွန်ဖြူးသန့်ရဲ့ပုဆိုးကို ဘုရားလူကြီးကလှမ်းဆွဲလိုက်ပြီး…

'ဟေ့ကောင် … ပိုက်ဆံရှင်းသွားဦးလေ၊ ဒီလိုအချောင်စားလို့ဘယ်ရမလဲ'

ဆိုလို့… မျက်နှာခဲကြီးနဲ့ ပိုက်ဆံကိုခုံပေါ်တင်ပြီး ပေစောင်းစောင်းနဲ့ ပြန်သွားတယ်။ ကျန်လူတွေကတော့ ပြုံးစိစိနဲ့ကျန်ခဲ့ကြတယ်။

'ဘယ်လိုလဲ ဘုရားလူကြီးရဲ့ ငါတို့ကိုတောင်မခေါ်ဘူး'

'မင်းတို့မလိုက်ချင်သေးဘူးထင်လို့ပါ'

'မနက်ဖြန်ကျောင်းတွေဖွင့်ပြီဆိုတော့ အတူတူသွားမယ်မဟုတ်လား'

'ရှိတာမှ ဒီငါးယောက်လေးဟာ အတူသွားကြတာပေါ့'

မင်းမင်းစိုးက ဝင်ပြောလိုက်တယ်။ ဒါပေမဲ့ ဘုရားလူကြီးကတော့ သိပ်ပေါင်းချင်ပုံမရပါ။ မဖြစ်သာလို့ပေါင်းရတဲ့မျက်နှာနဲ့…

'ဘာဖြစ်ဖြစ်ငါတို့တွေစည်းလုံးမှ ပျော်စရာကောင်းမှာပေါ့'

'ဟုတ်တာပေါ့… ဗလကြီးပြောသလိုပဲ လူညီရင်ပျော်စရာအရမ်းကောင်းတာ'

ဗလကြီးစကားကို မှင်စာကထောက်ခံတယ်။ ဘုရားလူကြီးကဘေးဘီကိုဝေ့ကြည့်ရင်း စကားစတယ်။

'မင်းတို့ညဘက်မပျင်းကြဘူးလား'

'ဟာ… ပျင်းတာပေါ့'

ဗလကြီးရဲ့စကားဖြစ်ပြီး မှင်စာက…

'ဘာလဲ… ကောင်မလေးတွေအဆောင်ရှေ့ ဂစ်တာသွားတီးမလို့လား၊ ငါပိုင်ပါတယ်'





'မင်းရဲ့ A.C.G အကွက်ကို ငါတို့အမြဲနားထောင်နေတာ၊ အဲဒီကိစ္စက လောလောဆယ်မဖြစ်သေးဘူး'

မင်းမင်းစိုးကတော့ ငြိမ်နားထောင်ရင်း စားစရာတွေကိုပဲဖိတွယ်နေတယ်။

ဗလကြီးက…

'မင်းမှာဘာအစီအစဉ်ရှိလဲ'

ဘုရားလူကြီးကိုမေးတော့…

'ကုလားကား ကြည့်ကြမယ်လေ၊ ငါတို့ ငါးယောက်ပြည့်တာပဲ အပျင်းပြေတစ်ရာလောက်ပဲ လျှောက်ကြမယ်'

ပြန်ပြောတဲ့စကားကိုကြားပြီး ဗလကြီးနဲ့မှင်စာ မျက်လုံးတွေတောက်သွားကြတယ်။

'ဘာလဲ… ကုလားကားဆိုတာ…'

မင်းမင်းစိုးက ဝင်မေးတော့ ဗလကြီးက တီးတိုးပြောတယ်။

'ဖဲရိုက်တာလေကွာ… မင်းကလည်း နုံချင်ယောင်ဆောင်ပြန်ပြီ'

'ဟာ'

မင်းမင်းစိုးကအလန့်တကြားထအော်လို့ ကျန်သုံးယောက်လန့်သွားကြတယ်။ ခေါင်းတရမ်းရမ်းဖြစ်နေတဲ့ သူ့ကိုဗလကြီးကပြောတယ်။

'မင်းမပါရင်လည်း လျှောက်မဖွနဲ့နော်'

ပြောပေမယ့် ခေါင်းကရမ်းတုန်းမို့ မှင်စာက…

'ဟုတ်တယ်ကွ… ခေါ်လှကြီးစည်းကမ်းကကြီးတယ်၊ မင်းစိတ်မခံစားရင်လည်း ဘေးမှာအေးအေးဆေးဆေးထိုင်ကြည့်နော်'

ပြောပေမယ့် မင်းမင်းစိုးက ခေါင်းရမ်းတုန်းမို့ အမြင်ကတ်သွားကြတယ်။

ဒါပေမဲ့…

www.burmeseclassic.com



'ခင်ဗျားတို့ထင်တာတစ်ခုမှမဟုတ်ဘူး၊ ကျွန်တော်ကဖဲဆို ဝါသနာ လွှတ်ပါတာ'

'ဟေ'

မင်းမင်းစိုးရဲ့ စကားကိုကြားပြီး ပါးစပ်တွေဟကာ အံ့ဩသွားကြ တယ်။ မင်းမင်းစိုးက ဝမ်းသာအားရဆက်ပြောတယ်။

'ရွာမှာဆိုဖဲဝိုင်းရှိရင် အိမ်ပြန်တော့တာမဟုတ်ဘူး'

'ဟေ'

မျက်လုံးကြီးတွေထပ်ပြူးကြမှ သူကဆက်ပြောတယ်။

'ဂျန်ကုန်ကိုရောက်… အဆောင်မှာနေရလို့ ဖဲနဲ့ဝေးပြီထင်တာ၊ အခုတော့ ကျွန်တော်စိတ်လွှတ်ကိုယ်လွှတ်ရိုက်လို့ရပြီမို့ ပျော်သွားတာပါ… ဟား ဟား… မင်းတို့ကို အရမ်းကျေးဇူးတင်တယ်'

အခေါ်အဝေါ်တွေပါ ချက်ချင်းပြောင်းသွားတယ်။ ဗလကြီးက…

'ဒါဆို ဝါသနာတူညီအစ်ကိုတွေ ဆုံကြပြီပေါ့'

'ဒါပေါ့'

အားရဝမ်းသာသံကို မင်းမင်းစိုးက ထပ်ဖြည့်ပေးလိုက်တယ်။ မှင်စာက အခုမှ သတိရသွားဟန်နဲ့ပြောတယ်။

'ဟိုကောင်… ကွန်ဖြူးသန့်ကရော လုပ်ပါ့မလား'

'ဟာ… ဒီကောင်လား… ရိုက်ချင်လွန်းလို့မှ တစ်ဝိုင်းကိုသေ တယ်၊ကမ္ဘာ့အတွေးအခေါ်ပညာရှင်ကြီးတွေဟာ အရက်၊မိန်းမ၊ လောင်းကစား တစ်ခုနဲ့မှ မလွတ်သလိုသူလည်း ကျင့်ကြံမှာတဲ့'

'ဟေ… အဟုတ်'

ဗလကြီးနဲ့မှင်စာက လက်ဖျားခါသွားပေမယ့် မင်းမင်းစိုးက ရဲ့ သွားတယ်။

'ဒါကတော့… အတွေးအခေါ်ပညာရှင်ကြီးတွေကို ခုတုံးလုပ်ပြီး သူဝါသနာပါတာကို သူလျှောက်ပြောတာ… အလကား ငပေါ'





'ဘာပဲဖြစ်ဖြစ် ငါဒီကောင့်ကိုပြောရင်းနဲ့ ဝယ်စရာရှိတာတွေကြို ဝယ်ထားရအောင် လစ်လိုက်ဦးမယ်'

'အေး… ကောင်းသားပဲ… ဟော့ကောင်…ဆေးပေါ့လိပ်များများ ဝယ်ကွာ၊ ညလုံးပေါက်ချင်ပေါက်မှာ'

'အိုကေ… ပြီးမှအကောက်ကောက်မှာနော်'

'ဖြစ်တယ်ကွာ'

လေးယောက်သား လက်ဝါးချင်းရိုက်ပြီးနောက် ဘုရားလူကြီးက သူ့ဟာနဲ့ ကွန်ဖြူးသန့်စားထားတဲ့ဟာတွေကို ရှင်းသွားတယ်။ ခဏနေတော့ ဗလကြီးနဲ့ မှင်စာ့လည်း စားပြီးသွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြီး မင်းမင်းစိုးကိုပြောတယ်။

'ငါတို့ကွမ်းယာခဏသွားဝယ်လိုက်ဦးမယ်'

'ဪ… အင်း'

ခဏဆိုပြီး မင်းမင်းစိုးကိုသူတို့စားသမျှရှင်းခိုင်းခြင်းသာ။ မိုးချုပ် ခါနီးမှ မခံချိ မခံသာနဲ့အဆောင်ကို ပြန်လာခဲ့တော့တယ်။ ဗလကြီးနဲ့မှင်စာက တော့ရုပ်တည်တွေနဲ့ပဲ။ အေးလေ…တစ်ခါတစ်လေပဲလို့ ကိုယ့်ဘာသာ ဖြေသိမ့်ရင်း… နောက်ဆိုပါးပါးလှုပ်လှုပ်ရှိအောင် ပုဆိုးတောင်ပါးပါးပဲဝတ် တော့မယ်လို့ တွေးလိုက်တော့တာ။

㊀

ညည့်နက်လာတာနဲ့အမျှ ဝိုင်းကပိုမြိုင်လာတယ်။ ရှုံးတဲ့သူကရှုံးမဲ့ နိုင်တဲ့လူကနိုင်မဲ့မဲ့ရင်း အိပ်ချင်စိတ်ကမရှိ။ ဒီကြားထဲဝယ်ထားတဲ့ ဆေးပေါ့ လိပ်တွေကို ထောင်းထောင်းထအောင်ဖွာ၊ ဖှက်ထားတဲ့ပုလင်းတွေကို မြည်း မြည်းဖွင့်သောက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကတော့ အချားကြီးသောက်တတ်ကြတာမဟုတ်လို့ ဝီရှစ်ပတ်ပြားလေးသုံးပြား။ကွမ်းယာကဒီအဆောင်မှာစားမရဘူး။ဆေးလိပ်လည်း နိုးသောက်ရတာလေ။ ပိုကာဆော့ကာစဖြစ်လို့ အသံသိပ်မထွက်ဝံ့။ ကိုယ့်အတွက်အသုံးမလိုတဲ့ဖဲကို ပစ်ချပေးရုံ။ နိုင်တဲ့လူကလည်း သိသိသာသာနိုင်သလို ရှုံးတဲ့လူကလည်း ဒေါင်းကြေး၊အလုံးကြေး၊ပူးကြေးနဲ့ ခွက်ခွက်လန်အောင်ရှုံးတာ။

မင်းမင်းစိုးကနိုင်နေပြီး၊ မှင်စာနဲ့ဗလကြီးကရှုံးနေကာ၊ ဘုရားလူကြီးနဲ့ကွန်မြူးသန့်ကအရင်းထဲကမပါသေးသလို အမြတ်လည်းမရသေးပါ။ မင်းမင်းစိုးအထက်က ဗလကြီး။ ဗလကြီးဖဲ(၁၃)ချပ်ထဲမှာ ဂျိုကာတစ်ကောင်၊ စပိတ်တစ်နှစ်လုံးပူးနဲ့ထောင့်ခွန်တစ်လုံး အလုံးကြေးလေးရာလောက်ဆိုရတော့ ရှုံးလည်း သူ့အတွက်ကအမြတ်ချည်းပဲ။

'ကဲ… မင်းကိုရေ့နဲ့ပက်လိုက်မယ်… ရော့…အေးစေသတည်း'

ဗလကြီးက ထောင့်ခုနစ်ကိုမလို၊ မင်းမင်းစိုးရဲ့ထွက်ဖဲတွေထဲမှာလည်း ခုနစ်ဖဲတွေထွက်ထားတာတွေ့တော့ ရှုတ်ခနဲနမ်းရင်း ပစ်ချလိုက်ရာ…

'ဟာ… တောက်'

မင်းမင်းစိုးဆီက မခံချိမခံသာအသံထွက်လာလို့ သူကပြုံးတယ်။ ဆရာကြီးလို ပြုံးရင်း ပြောတယ်…

'ဟင်းဟင်း… ငါ့ပစ်ဖဲနဲ့ဒေါင်းရင် နှစ်ဆပေးမယ်'

'တကယ်လား… ဒါဆိုဒေါင်းပြီ'

'ဟေ'

မင်းမင်းစိုးက ဗလကြီးရဲ့ထောင့်ခုနစ်ကိုကောက်ပြီး ဖဲတွေကိုလှန်ချလိုက်တော့ ထောင့်လိုင်းက ငါး ခြောက် ခုနစ်။

'စီနီယာတစ်တွေလိုနေတာနဲ့ ကွက်တိပဲ… ဟဲဟဲ'

'ဟာ… တောက်… ခံလိုက်ရပြန်ပြီ'





မင်းမင်းစိုးကပြုံးပြီး ဗလကြီးကို ကျန်သုံးယောက်က မကျေမနပ်နဲ့ ဝိုင်းပြောကြတယ်။

'ခုနစ်တွေ ဒါလောက်ထွက်နေတာ ခေါ်ဖဲဆိုတာမသိဘူးလား'

'မင်းတို့ကတော်သေး ငါက ဂျိုနှစ်ကောင်နဲ့ကောင်းနေတာ'

'အေး…ဒီတစ်ခါမင်းတုတ်ထိန်းနော်၊မင်းဖဲနဲ့ဒေါင်းရင် တစ်ဝိုင်းလုံးလျော်ရမယ်'

ဗလကြီးရဲ့မျက်နှာလေး နဂိုထက်ပိုငယ်သွားတော့တာ။ သူက ဖဲတွေကို လက်နဲ့ ဖျတ်ခနဲမြှောက်ပြီး…

'ဖုန်း'

ဆိုရိုက်လိုက်တယ်။ ရုတ်တရက်ဆိုတော့ ဘယ်သူမှတားချိန်မရဘဲ အသံကျယ်ကြီးထွက်သွားတယ်။

'ဟာ… ဟော့ကောင်… နိုးကုန်တော့မှာပဲ'

'အို… နိုးနိုးကွာ'

မှင်စာကပြောပေမယ့် ဗလကြီးက ရှုံးမဲမဲတယ်။ အားလုံးခဏတိတ်သိုက်ကြပြီးမှ ဝိုင်းကိုဆက်လိုက်ကြတယ်။ ဆေးလိပ်မှာသူကမှာ၊ မော့သူကမော့၊ မကျေမနပ် ပွစိပွစိပြောသူပြောနဲ့ပေါ့။

× × ×

ဒေါ်လှကြီး အိပ်မက်ထဲမှာသေသွားတဲ့အဘိုးနဲ့တွေ့ပြီး အဆူခံနေရတယ်။သူကအပေါ်သွားချင်နေပေမယ့် နေရာရှာမတွေ့သလို၊အိမ်သာလည်းရှာတွေ့တာနဲ့ အခန်းထောင့်မှာထိုင်ချလိုက်တုန်း အဘိုးဖြစ်သူက နားရင်းကို…

'ဖုန်း'

ခနဲအုပ်ထည့်လိုက်ရာ…

'အံမယ်လေးတော့'



www.burmeseclassic.com

www.burmeseclassic.com



ဆိုခုတင်ပေါ်က ပြုတ်ကျတယ်။ ဖုန်းခနဲအသံကပီပီပြင်ပြင်ကြီးမို့ သူခေါင်းကိုခါ ရင်းဇဝေဇဝါနဲ့ နားသယ်ကိုကိုင်ရင်းစဉ်းစားတယ်။

ပြီးမှ အပေါ့အရမ်းသွားချင်နေတာကိုသတိရကာ အခန်းထဲကနေ ထွက်ပြီး အိမ်ရဲ့အနောက်ဘက်ကို ထွက်တယ်။ အိမ်သာက သပ်သပ် ဆောက်ထားလို့လေ။ ပြီးတော့ ဘိုးဘွား အစဉ်အဆက်အယူအဆက အိမ်ထဲ မှာ အိမ်သာမထားကောင်းဘူးတဲ့။

သူအိမ်သာထဲက ပြန်ထွက်လာတော့ အပေါ်ထပ်အခန်းမီးလင်းနေ လို့အံ့ဩသွားတယ်။ ခါတိုင်းကစောစောအိပ်တဲ့နောက်တွေ ဒီညဘာကိစ္စနဲ့များ ဒီအချိန်ကြီးထိမအိပ်သလဲတွေးရင်း မသင်္ကာ။ ဘေးပတ်ဝန်းကျင်ကိုကြည့်ပြီး ကျောထဲစိမ့်သွားကာ ကပျာကယာအိမ်ထဲဝင်ပြေးလိုက်တယ်။

ညည့်ခန်းထဲရောက်တော့ မီးကိုထောက်ခနဲဖွင့်ပြီး ဘေးဘီကိုဝေ့ ကြည့်တယ်။ နံရံမှာချိတ်ထားတဲ့ နှုတ်ခမ်းမွေးကားကားနဲ့အဘိုးဖြစ်သူက သူ့ကိုစိုက်ကြည့်နေလို့ ကြက်သီးထသွားတယ်။ကြောက်စိတ်က ငယ်ထိပ်ထိ ရောက်လာလို့ အနားသွားပြီး…

'အဘိုး… ကန်တော့နော်'

ပြောရင်း ဓာတ်ပုံကိုပြောင်းပြန်ချိတ်လိုက်တယ်။ အဘိုးမျက်နှာကြီး နံရံနဲ့ ကပ်သွားမှ…

'တော်ပါသေးရဲ့'

လို့ပြောရင်း အဘိုးဓာတ်ပုံကျောကအကြည့်ကို အဘွားဘက်လှည့် လိုက်ရာ အဘွားရဲ့စိတ်ဆိုးမာန်ဆိုးမျက်နှာကြီးက…

'ဟဲ့… ငါ့ယောက်ျားကို ဘာလုပ်တာလဲအေ့'

လို့မေးလာသလို စားရကာ…

'ဟာ… ထူးပါဘူး… အဘွားကိုလည်း ကန်တော့ပါရဲ့'

ဆို အဘွားဓာတ်ပုံပါ ပြောင်းပြန်လှန်လိုက်မှ အေးသွားတယ်





ဓာတ်ပုံတွေက သူ့ဘာသာပုံမှန်အတိုင်းသာ ရှိနေပြီး၊ သူ့ဘာသာစိတ်က ခြောက်နေခြင်းသာ။ ဒေါ်လှကြီး ဒီတစ်ခါတော့အကြည့်ကို အဖေအမေတွေ ဘက် မပြောင်းတော့ပါ။ တော်ကြာ ရန်ဝိုင်းလုပ်မှာစိုးလို့ တူမလေးကို နှိုးတော့ဘဲ အိမ်ရှေ့လှေကားကနေ အပေါ်ထပ်ကို တက်ခဲ့တယ်။

အပေါ်ထပ်မှာဟောခန်းသုံးခန်းရှိပြီး ကျွန်နှစ်ခန်းကကျောင်းသားတွေ အိပ်နေတယ်။ အလယ်မှာရှိတဲ့ မင်းမင်းစိုးတို့အခန်းပဲ မီးလင်းနေတာ။ ဒါတာခတွေတော့ တက်တော့မှာပဲတွေးရင်း သရဲတောင်ခဏမေ့သွားတယ်။

အသာခြေဖော့နင်းရင်း မှန်ပြတင်းပေါက်ကနေအထဲကို ချောင်းပေ ယ်လိုက် ကာတွေချထားလို့မမြင်ရ။ အသံကို နားထောင်ကြည့်တော့ ညံကွည်အသံတွေကိုကြားရပြီး ဘာမှန်းတော့မသိ။

'ဟဲ့… အထဲမှာ ဘာလုပ်နေကြတာလဲ'

အပြင်က အသံပြကြီးပေါ်လာလို့ ငါးယောက်သားဝရုန်းသုန်းကား ခင်းထား တဲ့ပုဆိုးကြီးကို လိပ်သိမ်းလိုက်ပြီး၊ မင်းမင်းစိုးက ကယောင် ကတမ်းနဲ့…

'ကုလားကားကြည့်နေကြတာပါ'

လို့ပြန်ဖြေတယ်။ ဒါပေမဲ့ ကုလားကားကို ကိုရီးယားကားလောက် အဝင်စားတဲ့ ဒေါ်လှက မသိ။

'ဘာ…နင်တို့ကြည့်လို့ရမလား၊ တော်ရုံပဲကြည့်ပေါ့…ဒီလောက် ညကြီးဆို မီတာခနဲ့ငါမွဲပြီပေါ့ ဟဲ့'

ဒီတော့မှအခန်းထဲမှာ T.V မရှိဘူးဆိုတာသတိရသွားကြတယ်။ ဒေါ်လှကြီးက ပြန်ပြောတယ်။

'ဟာဗျာ… နောက်တာပါ… သားတို့မှာကြည့်စရာ T.V မှမရှိ ဘာကိုကြည့်ရမလဲ'

ဆူညံပူညံအသံတွေကို နားမခံသာတာနဲ့ ဗလကြီးကဗက်ခါးကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခေါ်လှကြီးအခန်းထဲခေါင်းပြူကြည့်လိုက်တော့ မင်းမင်း [illegible] ငိုင်တိုင်နေတာကိုတွေ့တယ်။

'နင်တို့ဘာတွေ မဟုတ်တာ ကြံစည်နေကြတာလဲ'

ဆောက်ဘသလိုမေးတော့ မှင်စာကပြောပြတယ်။ခေါ်လှကြီးသရဲ ခြောက်တတ်တာသိလို့လေ။

'ဒီလိုပါ… နေ့ခင်းက ကျွန်တော်တို့ငါးယောက်ကုလားသရဲကား ကြည့်လာကြတာ… အမယ်လေး… ကြောက်စရာကောင်းချက်ကတော့ အခုချိန်ထိအိပ်ကိုမပျော်လို့ စကားထိုင်ပြောနေကြတာ'

'ဟုတ်လို့လား'

မေးလည်းမေး သရဲဆိုတဲ့အသံကြားပြီးကျောထဲစိမ့်သွားကာ စိုက် လိုက်ပြန်တယ်။

'ဟုတ်တယ်…ပြောရဦးမယ်…ကန်တော့ဗျာ… မရှိမသေပြော တာတော့မဟုတ်ပါဘူး၊ ဇာတ်လမ်းကဒီလိုဗျ… အဟမ်း…'

ကျန်လူတွေက ဘာသရဲကားမှမကြည့်ပါဘဲ မှင်စာ့စကားကို ထောက်ခံကြတယ်။ မှင်စာက သူကြည့်ဖူးတဲ့သရဲကားကို ပြန်ပြောပြတယ်။

'အိမ်ကြီးတစ်လုံးကို ဇာတ်လိုက်မင်းသားကဝယ်လိုက်တာ။ဒါပေ အဲဒီအိမ်မှာဝိညာဉ်တွေရှိမှန်း သူကမသိဘူးလေ။ ဒီလိုနဲ့… ညဘက်ရောက် တိုင်း မိန်းကလေးတစ်ယောက်ရဲ့ရှူးရှူးရှားရှားအော်ဟစ်သံနဲ့ ရန်းကန်သံတွေ ကြားရတာအမြဲပဲ'

'ဟယ်… ဟုတ်လား'

'ဟုတ်တယ်…အဖြစ်အပျက်က ဒီလို… အဲဒီအိမ်ထဲက ကောင်မ လေးဟာ စန္ဒရားဆရာတစ်ယောက်ဆီမှာ စန္ဒရားအတီးသင်တယ်၊ အဲ စန္ဒရားဆရာက အဲဒီကောင်မလေးကိုကြိုက်နေတယ်။ တိုတိုပြောရရင် [illegible] တဲ့တစ်ညမှာ အဲဒီအိမ်ကြီးထဲမှာနှစ်ယောက်တည်းရှိတဲ့အချိန်းမှာ ဆရာက





ကြံတယ်။ ဒါပေမဲ့ ကောင်မလေးကလက်မခံတော့ ရုန်းရင်းကန်ရင်းနဲ့ ကောင်မလေးလက်ထဲကို မီးတိုင်ရသွားပြီးကောင်မလေးက စန္ဒရားဆရာရဲ့ ခေါင်းကို သံမီးတိုင်နဲ့ထုလိုက်တာ သေသွားရော'

'ဟူး…တော်ပါသေးရဲ့ ဒါဆိုကောင်မလေး ချမ်းသာရာရသွားတာ ပေါ့'

အခုမှစိတ်အေးသွားဟန်နဲ့ ခေါ်လှကြီးကရင်ဘတ်လေးလက်နဲ့ဖိရင်း ပြောတော့ မှင်စာက မျက်ပြူးကြီးနဲ့အော်လိုက်တယ်။

'ဟာ… ဘယ်ကလာချမ်းသာရမှာလဲ ပိုဆိုးသွားတာ'

'ဟင်… ဟုတ်လား'

'ဟုတ်တယ်…သရဲဖြစ်မှပိုဆိုးတာ၊ လူ့ဘဝတုန်းကမှရိုက်သတ်လို့ ရသေးတယ်။ သရဲဖြစ်သွားတော့မှမကျွတ်ဘဲ သရဲဘဝနဲ့ကောင်မလေးကို ညတိုင်းကြံတယ်'

'ဟဲ့… သရဲကလူကိုရမလားဟဲ့… ဒါတော့ငါလက်မခံဘူး'

'အို… ဟိုဟာကရုပ်ရှင်လေ… အဲ့လိုပေါ့ဗျာ… သရဲနဲ့ဖြစ်မှတော့ ကောင်မလေးယူကြုံးမရဖြစ်ပြီး ကြိုးဆွဲချသေသွားတယ်လေ'

'စိတ်မကောင်းစရာပဲ… ဒါပေမဲ့… ကောင်မလေးဒီတစ်ခါ တကယ်ချမ်းသာရရသွားတာပေါ့နော်'

'နိုးပဲ'

မှင်စာကခေါင်းရမ်းတော့ ခေါ်လှကြီးမျက်လုံးထပ်ပြူးပြီး ကျောထဲ စိမ့်တက်သွားတယ်။ကျန်တဲ့လူတွေကလည်း စိတ်ဝင်တစားနားထောင်နေကြရင်း သတ္တိတွေက ကမ္ဘာကျော်တွေမို့ လူချင်းကပ်သွားကြတယ်။

'လူ့ဘဝနဲ့တောင် မရရအောင်ကြံတာ၊ သရဲဘဝရောက်သွားမှတော့ ဘာပြောကောင်းမလဲ ဘာမှကိုပြောမကောင်းဘူး။ကောင်မလေးသရဲကို အဲဒီ အိမ်ကြီးထဲမှာချုပ်နှောင်ပြီး အနိုင်ကျင့်လာတာအနှစ်(၈၀)ကျော်သထိပဲ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



သရဲကြီးကို ဘယ်သူမှလည်းမနိုင်ဘူး၊ ညဘက်ကျရင် သရဲမလေးကအော်ပြေး သရဲထီးကြီးကလိုက်ပြီးအနိုင်ကျင့်၊ ဟာ…ဆူညံပြီးကြောက်စရာကောင်းသလားမမေးနဲ့ အဲဒီအခွေ ဒေါ်လှကြီးကိုပြမယ်'

ဒေါ်လှကြီးမျက်လုံး နဂိုထက်နှစ်ဆလောက်ပိုပြူးပြီး ခေါင်းတခါခါလက်တခါခါနဲ့ငြင်းတော့တာ။

'ဟယ်…တော်ပါဟယ်… နင်ပြောတာနဲ့တင် ငါ့မှာကြက်သီးထတယ်။ သရဲကလည်းနှာဘူးကြီး မကြည့်ရဲဘူး၊ တော်ပြီ… နင်လည်းဆက်မပြောတော့နဲ့ ပြန်မယ်'

တံခါးကိုဖွင့်ပြီး အပြင်ကိုလှမ်းထွက်လိုက်တယ်။ ပြီးမှ… ဟိုဟိုဒီဒီလှမ်းကြည့်ပြီးကျောချမ်းသွားတယ်။ ဒါကြောင့်…

'ဟဲ့… ဗလကြီး ငါ့ကိုလိုက်ပို့ဟယ်'

'အိ'

ဗလကြီးက အကောင်သာကြီးတာ လူကတော့ဒေါ်လှကြီးရဲ့သတ္တိနဲ့မတိမ်းမယိမ်းပဲမို့ မျက်နှာကြီးငယ်သွားတယ်။ ကြောက်ရွံ့ရွံ့နဲ့မပို့ချင်ဘဲမှင်စာတို့ကိုလှည့်ကြည့်တယ်။

'ဗလကြီးရာ… လိုက်ပို့လိုက်စမ်းပါ မှင်စာပြောတဲ့သရဲက မိန်းမတွေကိုပဲကြဲတာပါ'

'အဟီး… ဟုတ်တယ်'

ဘုရားလူကြီးရဲ့စကားကြောင့် ဗလကြီးကရင်ကော့ပြီး…

'ဒေါ်လှကြီးကလည်း ကြောက်စရာမရှိ ကြံဖန်ကြောက်တာပဲ၊လာပါ… ကျွန်တော်လိုက်ပို့မယ်'

ရှေ့ကနေဦးဆောင်သွားတယ်။ ဒါပေမယ့်လှေကားထိပ်ရောက်-တော့ မင်းမင်းစိုးရဲ့နောက်ဆက်တွဲစကားသံ ထွက်လာတယ်။





'ပြောလို့တော့မရဘူး… ယောကျ်ားချင်းလည်း ကြံချင်ကြံမှာ… မိန်းမတွေကို စိတ်ကုန်နေပြီလေ'

'အဟု'

စကားသံကိုကြားပြီးနောက် ဗလကြီးရဲ့ရင်ဘတ်ကြီးပြန်ပိန်ပြီးနဂိုရှုံ့နေတဲ့ ဖင်လေးပိုရှုံ့သွားတယ်။

'အဟီး… ဒေါ်လှကြီးပဲ ရှေ့ကသွား'

'နင်ကလည်းပြောမှပဲ၊ တကတည်း… ဖယ်'

ဒေါ်လှကြီးက စိတ်တိုလက်တိုနဲ့ရှေ့ကနေ ဒိုက်ဆိုက်ဆိုက်ဆင်းသွားတော့မှ ဗလကြီးလည်း နောက်ကြောင်းပြန်ပြေးပြီး အခန်းထဲဝင်ကာတံခါးကို ကမန်းကတမ်းပိတ်လိုက်တယ်။

ဒေါ်လှကြီးကဗလကြီးပါတယ်ထင်ပြီး စိတ်အေးလက်အေးနဲ့၊ ဧည့်ခန်းထဲကိုရောက်မှ နောက်ကိုအသာလှည့်ရင်း…

'ရှပြီ… ပြန်… ဟင်…'

ဘယ်သူမှမတွေ့လို့ ကြက်သေရောဘဲသေပါသေပြီး၊ မျက်လုံးပြူးကြီးနဲ့ အားခနဲအော်ကာ အခန်းထဲပြေးဝင်တယ်။ နောက်တံခါးကြီးကိုကျိုင်းခနဲပိတ်လိုက်တော့တာ။

ဗလကြီးအခန်းထဲပြန်ရောက်တော့ ကျန်တဲ့လူတွေခြင်ထောင်ထဲကုန်ပြီ။ ဒါနဲ့မီးခလုတ်ကိုပိတ်လိုက်ပြီး ခြင်ထောင်ထဲဝင်လိုက်တော့တယ်။အမှောင်အတိကျသွားပေမယ့် တစ်ယောက်မှအိပ်မပျော်ကြပါ။ ဗလကြီးက သရဲကြောက်ပြီး ဖရုံးတာရော၊ သောက်ထားတဲ့အရှိန်ပါပျောက်ကုန်တယ်။

'သရဲတို့ဝိညာဉ်တို့ဆိုတာ မှောင်လေအစွမ်းမြင့်လေပဲ၊ Power ပိုကောင်းတာပေါ့ကွာ'

ဘုရားလူကြီးကပြောတော့ မင်းမင်းစိုးကလည်း…

'ဟုတ်တယ်… ငါတို့ဘက်မှာဆို သရဲခြောက်တဲ့အိမ်ကြီးရှိတယ်'

www.burmeseclassic.com



နေ့နေ့ညညခြောက်တာ၊ မယုံတဲ့လူတွေလည်း ကြာတော့ယုံသွားကြတယ်။ မင်းတို့ယုံကြလား'

ပြောတော့ ကွန်ဖြူးသန့်ဆီကနေ…

'ခေတ်ပညာတတ်တွေကွ… မင်းကွာ ဒီလောက်တိုးတက်နေတဲ့ စက်မှုခေတ်ကြီးထဲမှာ သရဲတို့စုန်းတို့ဆိုတာ မရှိဘူးကွ မယုံဘူး'

ပြောသလို ဘုရားလူကြီးဆီကလည်း…

'မင်းလူတိုင်းလျှောက်မပြောနဲ့ ပေါတယ်ထင်နေဦးမယ်'

လို့ခနဲ့တယ်။ ဒါပေမဲ့ ကြောက်စိတ်တွေကတော့ လူတိုင်းမှာရှိနေကြတယ်။ ပြောတဲ့မင်းမင်းစိုးကစပြီး နားထောင်နေတဲ့လူတွေအားလုံး သန်းခေါင်ညထဲ သရဲအကြောင်းပြောလို့ အလိုလိုကြောက်လာကြတယ်။ ခေါင်းခေါင်းမြီးခြုံပြီး ကွေးနေကြပေမယ့် ဘယ်လိုမှအိပ်မရကြ။ မျက်လုံးတွေထဲ ကြည့်ဖူးတဲ့သရဲ ကားထဲက သရဲတွေကိုမြင်နေကြတယ်။ ဒီကြားထဲ…

'အေး…ငါပြန်ရင်မင်း တို့ပါလိုက်ခဲ့ကြ'

ဆိုတဲ့မင်းမင်းစိုးစကားကိုကြားပြီး…။

✠

## အခန်း(၄)

'တောက်… ညကဒေါ်လှကြီးမရောက်လာရင် ငါနိုင်ပြီကွ' ဖလကြီးရဲ့ ရှုံးတာတောင်ကြောက်ပြီလားမေးတဲ့ လေသံနဲ့အတူ…

'ဒါလောက်ခွက်ခွက်လန်ရှုံးတာတောင် မမှတ်ဘူး'

ဆိုတဲ့ မှင်စာရဲ့စကားသံနဲ့ ဗိုင်းဟာပြန်တိတ်သွားတယ်။ အခုဆို ဘင်တင်းထဲ ကစားသောက်ဆိုင်တစ်ခုမှာ ငါးယောက်သားမျက်တွင်း ယောက်ပက်နဲ့ အိပ်ချင်နေကြတယ်။ ညကငါးယောက်လုံး ကြောက်ကြောက်နဲ့ တစ်မှေးလောက်တောင်မပျော်ကြ။ သမာဓိအားကောင်းကြပုံများပြောပါတယ်။

'ဒါနဲ့… ငါပြန်ရင် မင်းတို့ငါနဲ့လိုက်ခဲ့ကြနော်၊ မယုံဘူးဆိုတော့ မင်းတို့ကို ငါပြောတဲ့ အိမ်ကြီးထဲမှာတစ်ညလောက်တော့ လွှတ်ပေးရမယ်'

'ဟာ… တော်ကွာ… စောစောစီးစီးမင်္ဂလာမရှိတဲ့စကားတွေပြောနေတယ်၊ ညကအိပ်မရတာ မင်းကြောင့်လည်းပါတယ်'

မင်းမင်းစိုးစကားကို ဖလကြီးကပိတ်ယောက်လိုက်ပြီး၊ လူကောင်နဲ့ မလိုက်အောင် ဖွန်ကြောင်အားပြင်းတဲ့မှင်စာက ဖြတ်သွားဖြတ်လာကောင်မလေးတွေကို ဘယ်တစ်ဆုံးညာတစ်ဆုံးလိုက်ငေးရင်း၊ အပင်ပေါ်ကမျှော်သီးကိုလိုချင်တဲ့ မြေခွေးလေသံနဲ့…





www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… မြင်သမျှတွေ့သမျှ အားလုံးဘောကျတယ်ကွာ'

လို့ပြောတယ်။ ဒါနဲ့ပဲကျန်လူတွေက သူ့ကိုနှာခေါင်းဝိုင်းရှုံ့ကြတယ်။

'သတ်သတ်မှတ်မှတ်မရှိရင် အလကားပဲကွ'

ဘုရားလူကြီးကဆုံးမစကားပြောတော့ ကွန်ဖြူးသန့်က…

'ရည်းစားထားရင်တစ်ယောက်ပဲ ကြည့်ရချစ်ရမှာပေါ့၊ ဒီလိုအလွတ်တမ်းရှိုးတော့ အားလုံးကိုကြည့်လို့ချစ်လို့ရတာပေါ့'

'ဘာပဲပြောပြော… ဖိုးပြူးငါတို့ကို လက်ဖက်ရည်တိုက်ရမယ်။ မင်းညကနိုင်တာ'

ဗလကြီးကမဆီမဆိုင် မင်းမင်းစိုးကိုရှုံ့မဲ့မဲ့တယ်။

မင်းမင်းစိုးက သူ့ကိုဖိုးပြူးလို့ခေါ်လို့ နာသွားတယ်။ ဒါပေမဲ့ သူ့မျက်လုံးက နဂိုပြူးမို့ဖြေသာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနာမည်ပြောင်က တော်သေးတယ်လေ။

'မင်းကိုငါမေးပါဦးမယ် ဗလကြီး… မနိုင်ရင်ပြန်ပေးကြေးဆော့တာလား'

'ဟ… ရှုံးရင်ပြန်ပေးကြေးက ကလေးတွေဆော့တာ'

'ဒါဆို အခုမင်းကဘာလို့ ကလေးလိုငိုတောင်းလဲ'

'ဟ… ငါဘယ်မှာငိုတောင်းလဲ၊ လက်ဖက်ရည်ပဲတိုက်ခိုင်းတာလေ၊ ဟုတ်တယ်နော် ပေ့ကောင်တွေ'

'အေး… ဟုတ်တယ်'

'ဟုတ်လိုက်မှန်လိုက်လေ သူငယ်ချင်းရာ'

ကျန်လူတွေကလည်း ပိုက်ဆံမကုန်ဘဲစားရမှာမို့ ဝိုင်းထောက်ခံကြတယ်။ သူတို့အဖွဲ့ကျောင်းအပ်တာတွေလုပ်ပြီးပြီမို့ ပြန်ရင်တောင်ပြန်လို့ရ[illegible] ဒါပေမဲ့ ကျောင်းသူလေးတွေကို ထုံးစံအတိုင်းထိုင်ရှိုးနေကြတာလေ။





မင်းမင်းစိုးက ဟိုတစ်ခါသူခံရတာကိုသတိရပြီး ကလဲ့စားချေဖို့တွေးလိုက်တယ်။ ဒါကြောင့်…

'အေးပါကွာ… ကိုယ့်သူငယ်ချင်းတွေကိုကျွေးရတာပဲ… စား… ကြိုက်တာသာမှာစား'

'ဟေး… ပျော်စရာကြီး'

'ဒီကောင်က မျက်လုံးပြူးတာကလွဲလို့ သဘောကောင်းပြီးသားပါကွ… ဟဲဟဲ… ခေါက်ဆွဲကြော်တစ်ပွဲဝက်နဲ့'

'ကြက်ကုန်းဘောင်'

'ဂိ…ဂိ'

မှာချက်တွေက လက်လန်ချင်စရာကောင်းလို့ သူတက်ချင်ချင်ဖြစ်သွားတယ်။ ဒါပေမဲ့ဟန်မပျက် ဝက်ကြာဆံတစ်ပွဲမှာရင်း အဝအပြဲစားတယ်။ ကျန်လူတွေ ဆိုပြောစရာမလို၊ စားပြီးရင်အသင့်သောက်ရအောင် သောက်စရာအအေးပါမှာတယ်။

နိုင်တာကနည်းနည်း၊ ကျွေးရတာကများများဖြစ်နေတယ်။ ဒါပေမဲ့ ဘာမှမရှိ မင်းမင်းစိုးကသူများထက်အရင်ပြီးအောင်စားပြီး၊ မိုင်လိုတစ်ခွက်မှာသောက်ကာ စိမ်ပြေနပြေထိုင်နေတယ်။

'စားစား… ဒါမျိုးစားရခဲတယ်ကွ'

သူ့ဘာသာသူပြန်ပြောတာလား တခြားလူကိုပြောတာလားမသိပေမယ့် ကျန်လူတွေက စားလုံးကြီးကြီးနဲ့ ဆက်စားနေကြတယ်။ မိုင်လိုခွက်ကုန်သွားမှ သူက…

'အီး… ကျွတ်ကျွတ်'

မျက်နှာမဲ့ကြီးနဲ့ဗိုက်ကိုနှိပ်ညည်းတော့ ဗလကြီးကမျက်လုံးပြူးကြီးနဲ့ကြည့်ပြီး…

'ဘာဖြစ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com

တခြားလူတွေကလည်း ဘာဖြစ်တာလဲသဘောနဲ့ မော့ကြည့်ကြတော့မှ သူကပြောတယ်။

'မင်းတို့ကိုပြောတော့ပြောမလို့ ရှုံမှာစိုးလို့ပါ၊ အို… ထူးပါဘူး… ဒီလိုကွ… ညကသရဲအကြောင်းပြောပြီးကတည်းက အိမ်သာတက်ချင်ချင်ဖြစ်နေတာ၊ ကြောက်တော့ ကျိတ်မှိတ်နေရတာပေါ့'

'အော့'

လေးယောက်သားမျက်နှာကြီးတွေမဲ့ပြီး ပါးစပ်ထဲရှိတာတွေအန်ထွက်လာကြပေမယ့် သူက ဂရုမစိုက်ပါ။

'မနက်ကလည်းမှေ့ပြီး မသွားခဲ့ရဘူး၊အခုမှ ပယ်ပယ်နယ်နယ်သွားချင်လာလို့ကွ…မှင်စာ…ဘာလို့အန်ထုတ်နေတာလဲ… မင်းတို့ ရှုံတတ်ရင်ငါမပြောပါဘူးကွာ'

'တော်ကွာ… တော်… မင်းဘာသာသွားချင်ရင် အသာလေးသွားပါလား၊ ငါတို့ကိုဘာလို့ပြောလဲ'

'အေး… ဒီကောင်… ပြူးသလောက် အတော်ယုတ်မာတဲ့အကောင်'

'အဟီး… မင်·တို့များသိချင်မလားလို့'

'မသိချင်ဘူး… သွားကွာ… အစားအသောက်ပျက်တယ်'

'ဟုတ်တယ်… ဆိုင်ဘေးဘက်ကနေပတ်သွား'

ရှုံပေမယ့် ဗလကြီးကလမ်းညွှန်လိုက်သေးတယ်။ ဒါနဲ့သူလည်း စပ်ဖြီးဖြီးနဲ့ အသာလစ်ထွက်လာခဲ့တယ်။ တကယ်တော့ သူဘာမှမဖြစ်ဘဲတမင်ပြောခဲ့တာလေ။ ဟိုဟာတွေကတော့ မဲ့ရွဲ့ရင်း ဆက်စားနေကြတယ်။

သူတခြားလမ်းကနေပြီး ကျောင်းဝန်းထဲ ပတ်သွားနေလိုက်တယ်။ ဗလကြီးတို့ကတော့ သူပြန်လာတာကိုလည်းတဆန့်ဆန့်နဲ့ကမျှော်နေပေလိမ့်မည်။ ဒါပေမဲ့ ဒီနေ့အဖို့ကင်တင်းထဲပြန်သွားဖို့ သူ့မှာအစီအစဉ်မရှိတော့ပါ။





ကော်ရစ်ဒါအချိုးတစ်ခုမှာထိုင်ရင်း ဖြတ်သွားဖြတ်လာမြင်မြင်သမျှကောင်မလေးတွေကို ရှိုးနေတော့တာ။ ဒါပေမဲ့ သတ်သတ်မှတ်မှတ်တော့မဟုတ်။ တွေ့သမျှ အကုန်လန်းနေတော့ လန်းသမျှသိမ်းကြုံးပြီးကြဲနေတော့တာ။

ကြာလာတော့မျက်စေ့ရော ဇက်ပါညောင်းလာတာနဲ့ ဝတ္ထုစာတစ်အုပ်ကောက်ဖတ်နေလိုက်တယ်။ သူ့ကျောပိုးအိတ်ထဲမှာ တွေလီကာလီအကုန်ပါတယ်။ ဘီး၊ မှန်၊ ဝတ္ထုစာအုပ်၊ မုန့်ထုပ်တွေပါတဲ့ လိုတရအိတ်ကြီး။ နောက်ဆုံး ခေါင်းကိုက်ပျောက်ဆေးကနေစပြီး လျှက်ဆားအထိပါတယ်။

နောက်တော့ပျင်းလာလို့ တစ်ခါမြက်ခင်းတွေဆီလျှောက်လိုက်ပြန်တယ်။ အတွဲလေးတွေကိုတွေ့တော့ အားကျပါးကျထိုင်ကြည့်နေလိုက်တယ်။

'ဩော်… သူများသားတွေများကောင်းစားလို့ ငါ့ကျတော့…'

သူကထိုင်ချလိုက်ပြီး စာအုပ်ကိုဆက်ဖတ်နေပြန်တယ်။ကျောင်းဝန်းထဲမရောက်ဖူးတဲ့နေရာမရှိအောင် လျှောက်သွားနေလိုက်ပြန်တယ်။ တမင်အချိန်ဖြုန်းနေတာလေ။

ညနေအတော်လေးစောင်းမှ သူကားဂိတ်ကိုပြန်ခဲ့တယ်။ ကားစောင့်ရင်းမခံချိမခံသာဖြစ်နေကြမယ့် ဗလကြီးတို့ကိုမြင်ပြီးပြုံးလိုက်တယ်။ အဲ… ပြုံးရင်းနဲ့မှ သူ့မျက်နှာကြီးမဲ့ကျသွားပြီး ချွေးပျံလာတယ်။

တခြားတော့မဟုတ်ပါဘူး သူများတွေကိုအကျင့်ပုပ်ပြီးထွက်လာခဲ့ယ်စီးရမယ့်ဘတ်(စ်)ကားကို သူမသိပါ။ လိပ်စာမှတ်မိရင် အငှားကားစီးသွားလို့ရပေမယ့် လူအများကြီးနဲ့လာလို့ လိပ်စာလည်းမယူမိခဲ့။ သူမှတ်မိတာ မြောက်ဥက္ကလာဆိုတာကလွဲပြီး ကျန်တာမသိတော့။

မြောက်ဥက္ကလာဆိုပြီး အော်လာတဲ့ကားတွေတော့များသား[illegible]ဘယ်အထိစီးရမှာလဲ။ သူတို့နားက ဘာများသူမှတ်မိလဲ [illegible]ခဲ့ဆေးကြည့်တော့ ဒေါ်လှရေအိုးစင်နဲ့ယန်းမာလာဆိုတဲ့မိန်း[illegible]ကလေးအကောင်


www.burmeseclassic.com

www.burmeseclassic.com



နားညည်းမှတ်မိတယ်။ စိတ်ပျက်လက်ပျက်ထိုင်ရင်း ဘေးဘီကိုငေးကြည့်လိုက်တော့ မိန်းကလေးငါးယောက် ကားထိုင်စောင့်နေတာတွေ့ရပြီး တခြားမရှိ။

မိုးကလည်းချုပ်တော့မည်။ ကွမ်းယာဆိုင်မှာ ဆေးလိပ်ဝယ်ရင်းမေးတော့လည်း မြောက်ဥက္ကလာကအကျယ်ကြီးတဲ့ ရပ်ကွက်လောက်သိရင်တော့လမ်းညွှန်လို့ရပေမယ့် ပန်းမာလာဆောင်ဆိုတာတော့ မသိပါဘူးတဲ့။

ကောင်မလေးငါးယောက်ဘေး မသိမသာကပ်ရင်း နားစွင့်နေမိတယ်။ ပန်းမာလာဆောင်ကိုမေးကြည့်ရင်ကောင်းမလား စဉ်းစားနေမိပေမယ့် လူများတော့မရဲ။ သေချာတာကတော့ ဝတ်ပုံစားပုံနေပုံထိုင်ပုံတွေကို အကဲခတ်ရင်း နယ်သူတွေဆိုတာတော့ သေချာသလောက်ပါ။

စကားတွေပွစိပွစိနဲ့ပြောရင်း ရယ်နေကြတယ်။မေးစေ့မှာ မှဲ့နက်ကလေးပါတဲ့ကောင်မလေးတစ်ယောက်က သူ့ကိုမြင်ပြီးအဖော်တွေကိုလက်တို့တယ်။ ကျန်ကောင်မလေးတွေက သူ့ကိုဝိုင်းပြီးမသက်သာလိုကြည့်ကြတယ်။ သူလည်းမထူးတော့တာမို့ ကောင်မလေးတွေကိုသွားမေးလိုက်တယ်။

'ဒီမှာ… မင်းတို့ကိုတစ်ခုလောက်မေးချင်လို့'

'ဘာလဲ'

ကောင်မလေးတွေက သူ့ကိုဝိုင်းကြည့်ရင်း တီးတိုးပြောရယ်နေကြပြန်တယ်။

'ပန်းမာလာဆောင်ကို မင်းတို့သိကြလား'

'ဘာလုပ်ဖို့လဲ'

'လိုက်ခဲ့ချင်လို့'

'ဘာ'

စကားရဲ့အဓိပ္ပာယ်ကိုတလွဲကောက်ပြီး ကောင်မလေးတွေက သူ့ကိုမျက်စောင်းဝိုင်းထိုးကြတယ်။





'ဩော်… ရှင်က ကျွန်မတို့အဲဒီအဆောင်မှာနေတာသိလို့ ရိတယ်ပေါ့… ဟုတ်လား'

'ဟာ…မဟုတ်ပါဘူးကွာ…ငါတကယ်လိုက်ခဲ့ချင်လို့ပါ၊ ဟိုလေ ငါမလိုက်လို့မဖြစ်လို့ပါ'

'ဘာ… ရှင်သေချင်ပြီထင်တယ်၊ မိန်းကလေးဆောင်ကိုလိုက်ချင်တယ်ဆိုတော့ တော်တော်သတ္တိကောင်းနေတယ်ပေါ့'

'ဗျာ… ဟုတ်ကဲ့…အဲ… ကောင်းပါဘူး'

နှုတ်သီးကောင်းတဲ့ ကောင်မလေးတစ်ယောက်က ပြောတော့ ကျန်တဲ့လူတွေကလည်း သူ့ကိုတမင်ကြောင်တယ်ထင်ပြီး ဝိုင်းပြောကြတယ်။ မေးစေ့မှာ မှဲ့ရှိတဲ့ကောင်မလေးက သူ့ကိုကြည့်ပြီး တစ်ခုခုကိုမှတ်မိသွားပုံနဲ့ ပြောတယ်။

'ဟ… နေကြပါဦး… ဒီရုပ်ကြီးကိုနင်တို့မမှတ်မိဘူးလား'

ပြောတော့ ကောင်မလေးတွေက သူ့ကိုထပ်ကြည့်လိုက်ကြပြန်တယ်။ ကြာကြာကြည့်တော့ သူလည်းမလုံတော့ဘူး။

'ဒီပြူးကြောင်ကြောင်းရုပ်ကို ငါတို့တွေ့ဖူးသလိုပဲ'

'အေး'

နောက်တစ်ခါစေ့စေ့ထပ်ကြည့်လာကြပြန်တာနဲ့ သူလည်းလက်ညှိုးလေးကိုက်ရင်း အဟီ…ဆိုပြီးပြုံးပြလိုက်ချင်လာတယ်။ မှဲ့နဲ့ကောင်မလေးက…

'ဟယ်…နင်တို့ကလည်းဟိုတစ်ရက်ကပဲ ငါတို့ပန်းမာလာဆောင်မှာနေမယ်လို့လာအော်ပြောနေတဲ့ အူလည်လည်ကြောင်လေဟယ်'

ပြောတော့မှ ကျန်လေးယောက်က… ဩော်…လို့သံပြိုင်အော်ကာ ဝိုင်းကြည့်လိုက်ကြပြီး ရယ်နေကြတယ်။ သူလည်းကြာတော့ ရှက်တင်းတင်းဖြစ်လာပြီး ရန်ပြန်တောင်တယ်။

'မင်းတို့… ဘာရယ်တာလဲ၊ ငါက မင်းတို့နားက ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကလာတာ၊ စီးတဲ့ကားနံပါတ်မမှတ်မိလို့ နောက်ပြီးဆင်းရမယ့်မှတ်တိုင်လည်း ဘာမှန်းမသိ… အဲ… ငါနေတဲ့ရပ်ကွက်ကလည်း ဘာမှန်းမသိလို့မင်းတို့ကိုမေးတာ၊ ကြောင်တာမဟုတ်ဘူး… ဟွန်း…'

ဒီတော့လည်း ရယ်ကြပြန်တာပါပဲ။ သူကအတော်အရယ်သန်တဲ့ဟာတွေပဲလို့ တွေးလိုက်ပြန်တယ်။ မုံ့နဲ့ကောင်မလေးကတော့ အားနာတတ်ပုံရတယ်။

'ကဲပါဟယ်… ရယ်မနေကြပါနဲ့ သနားပါတယ်'

'အေးပါဟယ်… မိန်းမဆောင်နဲ့ ယောကျ်ားဆောင်တောင်မှားမှတော့ ကိုယ်နေတဲ့နေရာကိုယ်မသိတာ မဆန်းပါဘူး'

'အေး…ဘတ်(စ်)ကားနံပါတ်မသိတာလောက်တော့ ပြောမနေကြပါနဲ့တော့'

'ကဲ… ဒီမှာကိုဟတ္တာ'

'ဗျာ'

'ရှင်ဘယ်သွားလို့ ဘယ်လာရမှန်းမသိရင် ကျွန်မတို့စီးတဲ့ကားတက်စီးပြီး၊ ကျွန်မတို့ဆင်းတဲ့မှတ်တိုင်မှာလိုက်ဆင်း၊ ဒါပေမဲ့… ကျွန်မတို့အဆောင်ထဲတော့ လိုက်လို့မရဘူး သိလား'

ဝိုင်းလှောင်ရယ်နေကြတဲ့ ကောင်မလေးတွေကို ရပ်တည်နဲ့ကြည့်ပြီး သူကခပ်တင်းတင်းတစ်ခွန်းပဲ ပြောလိုက်တယ်လေ။

'ဟုတ်ကဲ့'

၉

'တောက်… ဝါးရင့်ကဝါးနုကိုပတ်ရတယ်လို့ ခံပြင်းလိုက်တာကွာ'





'ဟကောင်ရဲ့… ဝါးရင့်ပဲဝါးနုကိုပတ်မှာပေါ့'

ဗလကြီးရဲ့စကားကို ကွန်ဖြူးသန့်ကဝင်ထောက်လိုက်တော့ ဗလကြီးကမျက်လုံးတလည်လည်နဲ့ တွေးကြည့်ပြီးမှ…

'အဲလေ… ဝါးနုကဝါးနုကိုပြန်ပတ်ရတယ်လို့ကွာ… တောက်'

ပြောပြန်တယ်။

'ဟ… မှားပြန်ပြီ… ဝါးရင့်ကိုဝါးရင့်… အဲ… မင်းလုပ်တာနဲ့ငါပါလွဲကုန်ပြီ၊ ဝါးရင့်ကို ဝါးနုကပြန်ပတ်တာ'

ဒီတစ်ခါကွန်ဖြူးသန့်ဝင်ထောက်လိုက်မှပဲ တည့်သွားတယ်။

'အေး… မင်းပြောသလိုပေါ့ကွာ…တောသားက လူပါးပြန်ဝသွားတာခံလိုက်ရတယ်'

'အံမာ… မင်းကရော တောသားပဲမဟုတ်လား'

'အိုး… ငါကမနှစ်ကတည်းကရောက်နေတာဆိုတော့ မြို့သားဖြစ်နေပြီလေ'

'ဟ… ဘယ်လိုပဲပြောပြော တောမှာမွေးရိုးမှန်ရင် တောသားပဲကွ၊ ဘာမှပြောမနေနဲ့'

နှစ်ယောက်သားထိုင်ငြင်းနေကြတာနဲ့ လိုရင်းမရောက်တော့။ နေ့အတော်ညိုလို့ မီးတောင်ထွန်းထားရပြီ ဒါပေမဲ့ မင်းမင်းစိုးပြန်မရောက်သေးပါ။

ဝရန်တာမှာ မှင်စာကာဂစ်တာတီးနေပြီး၊ ဘုရားလူကြီးကတစ်ချက်တစ်ချက်ဝင်ဆိုတယ် မရတဲ့နေရာကြတော့ချန်ပြီး ရတဲ့နေရာကျဝင်ဆိုတယ်။ များထောင်ရတာ ဘယ်လိုမှသာသာယာယာမရှိ။

'ဒီအချိန်ထိပြန်ရောက်ပုံမရရင် ဒီကောင်ကားမှားစီးလာမသိဘူးဒါဆိုရင်တော့ တိုင်ပတ်နေပြီ'

ကွန်ဖြူးသန့်က ဝရန်တာထွက်လာရင်းပြောတော့…



www.burmeseclassic.com

www.burmeseclassic.com

'ကောင်းတယ်… ဒါမှမှတ်မှာ'

ဗလကြီးကလည်း လိုက်လာရင်းပြောတယ်။ ဒါပေမဲ့ ဘုရားလူကြီးက တရားချတယ်။

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ… အပေါင်းအသင်းဆိုတာ ကိုယ့်အပေါ်ကောင်းကောင်းဆိုးဆိုး အပေါင်းအသင်းဆိုတဲ့စိတ်ကလေးတော့ ထားမှဖြစ်မှာမဟုတ်ဘူးလား'

'အံမာ… မင်းလည်း ဒီနေ့ပိုက်ဆံစိုက်ရှင်းရတာပဲ မဟုတ်လား၊ မမှတ်ဘူးလား'

'သြော်… ဒါတော့ကွာ… သူ့အလှည့်ကိုယ့်အလှည့်စိတ်မဆိုးကြေးပေါ့၊ စိတ်ဆိုးရင်တော့ သေချာပြီ… ဆိုးတဲ့လူဟာ မိန်းမစိတ်ပေါက်နေလို့ပဲ'

'ဘာကွ'

ဗလကြီးကတင်းပြီး သူ့လက်မောင်းက ကြွက်သားအမြှောင်းမြှောင်းထအောင် ညှစ်ပြတယ်။

'တွေ့လား… ဒီလိုဗလကြီးမျိုးက မိန်းမစိတ်ပေါက်စရာလားကွ ဟေ… ယိစ်'

'တချို့အခြောက်တွေရဲ့ဗလဆို မင်းထက်နှစ်ဆလောက်ကြီးတယ်ကွ၊ အခြောက်ဆိုတာ ပုံစံနဲ့မဆိုင်ဘူး စိတ်နဲ့ဆိုင်တာ၊ မင်းအပြင်ဘန်းဘယ်လောက်ပဲကြီးကြီး အတွင်းစိတ်ကဂျီပုန်းဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

'ဟာကွာ'

ဗလကြီး ညှစ်ထားတဲ့ကြွက်တွေပြန်ပိန်သွားပြီး လူလည်းမဲ့ကျသွားတယ်။ ဘာမှဆက်မပြောသာတော့ဘဲ လမ်းထဲကိုငေးကြည့်နေတယ်။

ဒီအချိန်မှာပဲ မင်းမင်းစိုးနဲ့ကောင်မလေးတွေ အတူပြန်လာတာကိုတွေ့ရတယ်။ အဆောင်ရှေ့ရောက်တော့ မင်းမင်းစိုးက ကောင်မလေးတွေကို





စကားပြောတာကိုတွေ့ပြီး အံ့သြသွားကြကာ ကောင်မလေးတွေက လက်ရှေ့ဆမ်းပြီးနှုတ်ဆက်သွားတော့ မနာလိုဖြစ်သွားကြတယ်။

မင်းမင်းစိုးက ကောင်မလေးတွေကို မျက်စိတစ်ဆုံးလိုက်ငေးပြီး မြင်ကွင်းထဲကပျောက်မှ အဆောင်ဝန်းထဲဝင်လာတယ်။ မျက်နှာကြီးက ဖြီးလို့။

'အံမယ်… မျက်ပြူးကအတော်ခြေသွက်ပါလားကွ၊ ဟိုအဆောင်ကကောင်မလေးတွေနဲ့တောင်ခင်နေပြီ'

'အေး … ဒီကောင်ကမျက်စိသာပြူးတာ စန်းတော့ပွင့်သားပဲ'

ဗလကြီးနဲ့ မှင်စာကမလိုတမာပြောတော့ ကွန်ဖြူးသန့်က မေးပွတ်ရင်း ပညာရှိ တွေလိုစဉ်းစားဟန်ပြုတယ်။ သူကပညာရှိတွေနဲ့တူအောင် မေးမွေးတွေကို အရှည်ထားပေမယ့် ဖြစ်ဖြစ်မြောက်မြောက်မဟုတ်ဘဲ မွေးက ကျဲတိကျဲတောက်။

'မင်းတို့ထင်နေတာ ဟုတ်ချင်မှဟုတ်မှာ ဒီကောင်ခြောက်များနေသလားမှမသိတာ၊ ဒါကြောင့်ငါတို့နဲ့မပေါင်းဘဲ မိန်းကလေးတွေနဲ့ရောနေတာဖြစ်မှာ'

'မင်းဟာက မဖြစ်နိုင်ပါဘူးကွာ… ဒီကောင်ကဂျီမပုန်းပါဘူး'

ဘုရားလူကြီးကဝင်ပြောတော့ ကွန်ဖြူးသန့်က ပိုင်ပိုင်နိုင်နိုင်ပုံစံနဲ့ ပွတ်ရင်း မေးမွေးတွေကို ဆွဲပြောတယ်။

'ဟာ…ငါတွေးကြည့်ရင် ပြေးကြည့်တာထက်ပိုမှန်တယ်၊ ပညာရှိစကား မြေကြီးဖနောင့်နဲ့ပေါက်ရင်လွဲဦးမယ်။ ငါပြောရင်လွဲခဲတယ်ကွ'

'မင်းက ဘယ်လိုသိလဲ'

ဘုရားလူကြီးက အမြင်ကတ်ကတ်နဲ့မေးတော့…

'အို… လူ့ပုံစံကိုအကဲခတ်ရင် သိတာပေါ့၊ ဒီကောင်လမ်းလျှောက်တာ ချိုင်တာအားရမ်းတာ မင်းလည်းမြင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အခိုင်အမာပြောတော့ ဗလကြီးနဲ့မှင်စာပါ စိတ်ဝင်စားလာကြတယ်။

'ဩော်... ဖင်တအားရမ်းရင် ခြောက်ရောလား'

'ဒါပေါ့'

'ဒါဆိုရင် ငါတို့ဒီကောင့်ကိုစမ်းသပ်ရမယ်'

ဘုရားလူကြီးရဲ့စကားကိုကြားပြီး ကျန်သုံးယောက် စိတ်ဝင်စားသွားကြပြန်တယ်။ ဒါမျိုးဆိုဝါသနာလွတ်ပါပုံရတယ်။

'ကွန်ဖြူးသန့်ကို ဒီကောင်နဲ့အတူအိပ်ခိုင်းလိုက်မယ်လေ'

'ဘာကွ'

'ဟုတ်တယ်လေ... ဒါမှဘယ်သူခြောက်လဲသိရမှာ'

'ဟုတ်သားပဲကွန်ဖြူးသန့်ရာ မင်းပြောတာလွဲခဲ့ရင်မင်းနာစရာမရှိပါဘူး... အေး... လွဲခဲ့ရင်တော့နာဖို့သာပြင်'

'အာ... တော်ကွာ... တောက်'

ကွန်ဖြူးသန့်မျက်နှာကြီးရဲကာ အခန်းထဲပြန်ဝင်သွားတယ်။ ဒါတောင်မှ မှင်စာက လှမ်းဆွယ်သေးတယ်။

'ဟေ့ရောင်... စိတ်ကူးမလွဲနဲ့နော်... အဟဲ'

'မင်းပဲအိပ်'

ဒီအချိန်မှာပဲစပ်ဖြီးဖြီးမျက်နှာထားနဲ့ မင်းမင်းစိုးကသူတို့ကို ဟဲခနဲ ရယ်ပြပေမယ့် ရုပ်တည်တွေနဲ့ပဲ...

'ဆောရီးပဲကွာ အဟဲ... ငါကျောင်းဝန်းထဲမှာ မျက်စိလည်သွားလို့ အခုမှပြန်ရောက်တာ လည်ဆိုမင်းတို့နဲ့အတူထိုင်တဲ့ဆိုင်ကိုတောင် မမှတ်မိတော့တာပဲကြည့်'

သူတို့ဘာသာမေ့ထားတဲ့ကိစ္စကို အစဖော်ပေးလိုက်လို့ ဗလကြီး ကျွဲမြီးတိုသွားတယ်။

'ဟွန်း... မင်းမျက်စိလည်တာတော့ လွန်ကိုလွန်ပါတယ်'





'ဘာလဲ... အဲဒီကောင်မလေးတွေနဲ့လည်း မျက်စေ့လည်လို့တွေ့သာခဲ့တာလား'

'အဟီး... ဟုတ်တယ်'

'ဟုတ်တာက အရေးမကြီးဘူး၊ မင်းကိုကွန်ဖြူးသန့်က ဘာပြောတယ်မှတ်လဲ'

'ဟင်... သူကဘာပြောလဲ'

'မင်းကိုခြောက်နေတာတဲ့...ဒါကြောင့်ငါတို့နဲ့မပေါင်းဘဲ ကောင်မလေးတွေနဲ့ သွားရောတာတဲ့'

'ဘာကွ'

မင်းမင်းစိုးနှာခေါင်းကြီးနီပြီး ဒေါကြီးမောကြီးနဲ့အခန်းထဲဝင်သွားတယ်။ ဗလကြီးတို့က တမင်ထောင်ပေးခြင်းသာ။

'အေး... ငါခြောက်မခြောက် အခုပဲမင်းသိရမယ်ကွန်ဖြူးသန့်၊ ဒါတော့မခြောက်ဘူး မင်းကိုပဲ ခြောက်အောင်လုပ်ပေးလိုက်မယ်'

ဗလကြီးတို့သုံးယောက်ကတော့ အပြင်မှာရယ်ရင်းကျန်ခဲ့ကြတယ်။ အထဲမှာ အသံတွေဆူညံနေပြီး ကွန်ဖြူးသန့်ကို မင်းမင်းစိုးဘာလုပ်လိုက်လဲ ဆိုတာ အော်သံကြားရမှ သုံးယောက်သားဝင်ခွဲလိုက်ကြရတယ်လေ။

✠



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

သူသူအောင်၊မမျိုးသူ၊စန္ဒာဝင်း၊ ဖြူပြာခိုင်နဲ့ဝါဝါလှိုင်တို့ငါးယော ဝရန်တာမှာ နေကြာစေ့ဝါးရင်း ညနေကတွေ့ခဲ့တဲ့ အူလည်လည်လူအကြော ပြောနေကြတယ်။ သူတို့ငါးယောက်က တစ်နယ်စီကလာတဲ့ တစ်ခန်းတည် ဖော်တွေ၊ ဒီနှစ်မှစတက်တဲ့ပထမနှစ်သမားတွေ။ စာကျက်တာတော့ မတွေ

ဒါပေမဲ့ လေပစ်နေတာကများတယ်။ အခုလည်း သူတို့မင်းမင်း ရဲ့အူလည်လည်နိုင်ပုံကိုပြောရယ်နေကြတယ်။ သူသူအောင်က မေးစေ့မှာ နက်လေးတစ်လုံးပါပြီး စကားအလွန်များတယ်။

'ဒီလောက်ထူတဲ့လူမျိုးက တစ်ရာမှာတစ်ယောက်တွေ့ရခဲတယ် အေးလေ…ရိုးလွန်းတော့ အ၊ အလွန်းတော့ နုံ၊ နုံလွန်းတော့ ထုံ၊ ထုံလွ တော့ ထိုင်း၊ ထိုင်းလွန်းတော့ ထူ၊ ထူလွန်းတော့ လေး၊ လေးလွန်းတော့—

'ဟယ်… တော်ပါမိသူရယ် နင်ပြောမှပဲ ရစရာကိုမရှိတော့ ကြည့်ရတာ နင်ပြောသလောက်လည်း ဟုတ်ပါဘူးဟယ်'

ဝါဝါလှိုင်ကပြောတော့ ကျန်လေးယောက်က မျက်စောင်း ထိုးကြရှာယ်။ စန္ဒာဝင်းကပြောပြန်တယ်။

'အံမယ်…မိဝါ နင်ကအခုမြင်ပြီး အခုပဲသူ့ဘက်လိုက်ချင်နေတ ပေါ့လေ'



'မဟုတ်ပါဘူးဟယ်… ငါကသူ့ဘက်ပါရအောင် သူ့ကိုကြိုက်နေ သလိုလိုနဲ့… ဒီမျက်ပြူးကိုငါမကြိုက်ပါဘူး နင်ပဲကြိုက်ဟဲ့ စန္ဒာရဲ့'

'အို… ငါလည်းမကြိုက်ပါဘူး ပြူးပြူးကြီးဟဲ့… ခစ်ခစ်'

'ကဲ… ကောင်မတွေ နင်တို့နှစ်ယောက်လုံး ကြိုက်လိုက်ကြ' ဖြူပြာကဝင်ပြောလိုက်တော့ နှစ်ယောက်သားဝိုင်းဆဲကြတယ်။ ရည်းစားမရှိ သေးတော့ ရင်ခုန်သံတွေက လက်လက်ထနေကြတယ်လေ။

'မျက်လုံးပြူးတာမဟုတ်ပါဘူးဟဲ့… မျက်ခုံးမျက်လုံးလှတယ်လို့ ပြောစမ်းပါ။ အသေအချာကြည့်ရင်… ကြည့်ကောင်းပါတယ်'

'မိသူတို့ကတော့ ဓာတ်လမ်းတွေစပြီ'

'ဒါပေမဲ့… နင်နဲ့ရှေ့သွားနောက်လိုက်ညီပါတယ်'

'ဟုတ်တယ်… ဟုတ်တယ်… မယုံရင်နင်ကရှေ့ကသွား၊ သူ့ကို နောက်ကလိုက်ခိုင်းလိုက်ရင်…'

'မိစန္ဒာနော်… ဟွန်း… ငါ့အကြောင်းပြောနေတာကို'

'အံမယ်… ကောင်မရှက်လည်းမရှက်ဘူး၊ငါတို့ကစတာကို သူက အတည်ကြီးတော့'

ဝိုင်းမြှောက်သူမြှောက် စသူစနဲ့ဖြစ်သွားမှ သူသူအောင်ကရှက်ပြီး ဆီးခံနဲ့ရယ်တယ်။

'ဟယ်… ဘာပဲဖြစ်ဖြစ် အဟီး… သူ့ပုံစံကတစ်မျိုးလေးဆိုတော့ —ဘယ်လိုပြောရမလဲ၊ အဟဲ… မီးက…စိတ်တော့နည်းနည်းဝင်စားမိတာ ပေါ့နော်…'

အခွက်ပြောင်နေတဲ့ သူသူအောင်ကို ဝိုင်းဟားလိုက်ကြတယ်။ ပြီး…

'နင့်အဖြစ်ကလည်း နှုတ်ခမ်းကဘယ်တော့နာမယ်မသိတဲ့ မုန့်ဆီ ကြော်က ကျွေးချင်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဝါဝါလှိုင်ကဝင်ပြောတော့ သူသူအောင်က ဝင်ဖြင်ပေးတယ်။

'ဟဲ့… မှားနေပြီ… ပြောင်းပြန်ကြီးဟဲ့'

'အတည့်က ယောကျ်ားတွေဘက်ကပြောတာလေ၊ ဒီတော့ မိန်းကလေးဖြစ်တဲ့ငါတို့က ပြောင်းပြန်ပြောမှပေါ့ဟဲ့'

'သြော်… ဒီလိုကိုး… ပေါက်ပြီ… ပေါက်ပြီ'

ကျန်လေးယောက်က ဝိုင်းပြောင်တော့ မျက်စောင်းပြန်ထိုးတယ်။ တစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်နားထောင်နေတဲ့မေမျိုးသူက ဝင်ပြောတယ်။

'မိသူရယ် နင့်အဖြစ်ကလည်း ဟိုစကားပုံလိုပဲ'

'ဘယ်စကားပုံလဲ'

သူ့ကိုဆိုအားလုံးက စိတ်ဝင်စားကြတယ်။ တစ်ယောက်တည်း အမြဲတမ်း တစ်ခုခုကိုတွေးရင်းငြိမ်နေတတ်လို့လေ။ ဒါပေမဲ့ပြောပြန်ရင်လည်း အလွဲတွေချည်းပဲ။

'မချွတ်ခင်က ကျွတ်ပြီးသားဆိုတဲ့ စကားပုံလေ'

'ဘာ… ဘယ်လိုကြီးလည်းဟဲ့'

ကောင်မလေးတွေ မျက်လုံးပြူးသွားကြတယ်။ အတွေးထဲ လက်ကောက်တို့ ဆွဲကြိုးတို့ကို ခါးပိုကအန္တိုက်ခံရသလိုလို။

'ဟယ်… နင်တို့ကလည်း… အဲ…ငါလည်းမေ့တတ်လိုက်တာ ဟိုလေဟာ… ပန်းခူးတဲ့စကားပုံလေဟာ'

'နင့်ဟာကလည်း ပြောလည်းပြောချင်သေး၊ လွဲလည်းလွဲသေး'

ဒါနဲ့ပဲ ငါးယောက်သားတစ်ယောက်တစ်မျိုးပြောရင်း ဝိုင်းစဉ်းစား ကြတယ်။ ဒါပေမဲ့ မတည့်ကြပြန်ဘူး။ အတော်ကြာမှ မေမျိုးသူပြန်သတိရ သွားတယ်။

'သြော်…သိပြီ မဆွတ်ခင်က…က…အဲ…ညှတ်ပြီးသား၊ ဟုတ် တယ် ငါပြောတာ အဲဒီစကားပုံ အဟီး… အသံကာရံတူဆိုတော့ ယောင် ပြီးမှားသွားတာ'





'ဟွန်း… ကောင်မရယ်…နင်မပြောဘဲသာနေလိုက်စမ်းပါ၊ပြောရင် တလွဲချည်း'

'နင်တို့ကလည်း… တစ်ခါတစ်လေလွဲတဲ့ဟာကို'

'အေးလေ… နင်ကလည်း တစ်ခါတစ်လေမှပြောတာ၊အဲဒီတစ်ခါ တစ်လေမှပဲလွဲတာမဟုတ်လား'

ငါးယောက်သားဆူညံပြီးရယ်နေကြတယ်။ နယ်မြို့လေးတွေက အသူတွေပီပီ အဝတ်အစားကြောင့်မဟုတ်ဘဲ ပင်ကိုယ်ချပ်ချပ်ရပ်ရပ်လေး တွေနဲ့ တစ်မျိုးစီလှကြတယ်။ အသားအရည်ကတော့ မဖြူမညိုတွေ။ တစ်ယောက်နဲ့တစ်ယောက် မသိမသာ သာတဲ့အချက်ကလေးတွေပဲရှိတယ်။

မေမျိုးသူကပါးချိုင့်ကလေးနဲ့ ရယ်ရင်ပါးလေးခွက်ခွက်သွားတယ်။ သူသူအောင်ကမေးမှာမှဲ့လေးနဲ့။ ကျန်လူတွေကလည်း သာမထူးနာမထူးတွေ ထဲ သူ့ဟာနဲ့သူကြည့်ကောင်းကြတာပဲ။

'အားလုံးကိုငါမေးရဦးမယ်'

'ဘာလဲ'

မေမျိုးသူစကားကြောင့် အားလုံးကဘာများလွဲဦးမလဲဆို ဝိုင်းငေးကြ ည့်တယ်။ မေမျိုးက ပြုံးလိုက်ပြန်တယ်။

'ဒါကတော့ တို့တတွေရဲ့…အဲ…ဘဝရဲ့အရေးကြီးတဲ့အပိုင်းပေါ့'

'ဘယ်အပိုင်းလဲ၊ အပေါ်ပိုင်းလား အောက်ပိုင်းလား…ဟီးဟီး'

သူသူအောင်က ဝင်ဖောက်ပြီးရယ်ကြတော့ မေမျိုးကမျက်စောင်း ထိုးတယ်၊ နှုတ်ခမ်းကလည်း စူလိုက်သေးတယ်။

'ငါစကားကောင်းပြောနေတာ မပြောင်ကြနဲ့'

'အေးပါ… တည်ထားမယ်… ဟီးဟီး'

တည်ထားမယ်ဆိုခါမှဘာရယ်မသိ လေးယောက်သားအတော ထောက်နိုင်လောက်အောင် အူမြူးနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီဟယ်… မပြောတော့ဘူး'

'ဟယ်… မကောက်ပါနဲ့ကလေးရယ်… မမတို့ကစတာပါ'

'အေး… ပြောပြော … အတည်ကြီးနားထောင်မယ်'

ပြောရင်းဟီလာတိုက်နေကြပြန်တာနဲ့ သူပါမနေနိုင်ဘဲရယ်လိုက်တယ်။

'ဟောင်မတွေ… စကားကောင်းပြောမလို့ဒီလိုလေ…ပညာရယ်၊ ဥစ္စာရယ်၊ ကြင်ယာရယ် ဒီသုံးမျိုးကိုအစဉ်လိုက်ရှာကြမှာလား၊ ဒါမှမဟုတ် သန်ရာသန်ရာရှာကြမှာလားဆိုတာ မေးမလို့'

'ဘယ်လို'

'အေး… မရှင်းဘူးမေမျိုးရဲ့ ပြန်ပြော'

ဒီတစ်ခါတစ်လွဲစကားမပါတော့ စိတ်ဝင်စားသွားကြတယ်။ မေမျိုးက အားလုံးကိုဝေ့ကြည့်ပြီးမှ…

'အဟမ်း… ဟမ်း… ဒီလို'

မိန့်ခွန်းပြောခါနီးသမ္မတမျက်နှာပေးလိုလုပ်လိုက်လို့ အားလုံးမြင်ပြင်းကပ်သွားကြတယ်။

'လူကြီးသူမတွေဆုံးမထားတာ ရှိတယ်လေဟာ ပထမအရွယ်ကြင်ယာ…အဲ… ဖြစ်ချင်တာနဲ့မှားပြီ… အဟီး…ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ်ကျမှ ကြင်ယာရှာရမှာတဲ့လေ၊ အခုငါပြောနေတာ ဒီကိစ္စကြီး'

'နင်က… ဘာပြောချင်တာလဲ'

'ဟင်… ပြောရရင် ရှေးလူကြီးသူမတွေက တော်တော်ပိန်းတာ အေးလေ…ငါတို့လောက်မှ ခေတ်မမီတာ၊ဒီတော့အတွေးအခေါ်ကစ နောက်ကျတာပေါ့၊ လူကြီးသူမတွေရဲ့တချို့စကားတွေအတိုင်းလိုက်လုပ်ဖို့ မကောင်းတော့ဘူး'





သူ့စကားကြားပြီး ကောင်မလေးတွေတစ်ယောက်နဲ့တစ်ယောက် ခွဲရွှဲပြရင်း ခေါင်းစားသွားကြတယ်။

သူသူအောင်က…

'ကဲ… မရွှေချော ညည်းစကားတွေက တဖြည်းဖြည်းလိုရင်းနဲ့ ဝေးသွားတယ်၊ လိုရင်းကို အကိုးအကားမထည့်ဘဲ တိုက်ရိုက်ပြောပါဟယ်'

စိတ်မရှည်လက်မရှည်ပြောတော့မှ…

'ငါပြောတာက နင်တို့ဘွဲ့ရပြီးမှ ရည်းစားထားမှာလား၊ အခုက ရည်းကရှာကြမှာလားလို့ ပြောနေတာ'

မေမျိုးက ခွဲပြောလိုက်တယ်။ ဒီတော့မှကျန်လေးယောက်က မျက်စောင်းမထိုးဘဲ သူ့ကိုဒွဲဝိုင်းကြည့်ကြတယ်။

'နင်တော်တော်ပိန်းတာပဲ… လူဆိုတာ တစ်ယောက်တည်းနေလို့ရတဲ့အမျိုးမှမဟုတ်တဲ၊ ကြင်ယာရှာပြီးမှ နှစ်ယောက်အတူဥစ္စာရှာရတာပိုကောင်းတာပေါ့၊ တို့တတွေကြင်ယာကို သေသေချာချာစိစစ်ပြီးရှာရင် ဥစ္စာပါတစ်ခါတည်းတွဲပါလာမှာပဲ ဟာ'

သူသူအောင်ရဲ့ အုံမခန်းတွေးခေါ်မျှော်မြင်မှုပါတဲ့ စကားနောက်မှာ မနှာကလည်း…

'ဟုတ်တယ်… သူတို့ပြောသလိုရှာရမယ်ဆို ငါတို့အမယ်အိုကြီးတွေဖြစ်တာတောင် ယောကျ်ားရမှာမဟုတ်ဘူး၊ အခုကတည်းက ရှာထားမှ အန်ကာကျတာ'

မွဲခါရွဲ့ခါနဲ့ သူဖြစ်ချင်တာကိုပြောတော့ ဝါဝါလှိုင်ကလည်း…

'စာအုပ်ကြီးအတိုင်းသွားရင် စာကြည့်တိုက်ထဲက ရှေးဟောင်းစာအုပ်ကြီးတွေလို ရှေးဟောင်းပစ္စည်းစာရင်းထဲဝင်သွားမှာပေါ့။ အခြေအနေအချိန်အခါရယ်ကိုလည်း သိရမယ်လေ။ ဟိုမင်းသားကြီးဗိုဒီယိုကားထဲမှာ ပြောခဲ့တာမှတ်မိကြလား(၁၈)နှစ်ကျော်ရင် အိုပြီတဲ့'



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကျယ်ကျယ်ပြောတယ်။ ဒါပေမဲ့ ဖြူပြာကတော့ ဖြာချယ်သားသောင်းနေတယ်။ ခဏနေမှ...

'ငါကတော့ ဖြစ်ချင်တာထက်ဖြစ်သင့်တာကို ဦးစားပေးရမယ်' ဖြူပြာကပြောတော့ မေမျိုးကပြောတယ်။

'ဘြာ... ဒါဆိုနင်ကဘွဲ့ရပြီးမှ ရည်းစားထားမှာလား'

'အို... ဘယ်ကလာ... ငါဖြစ်ချင်တာ ဘွဲ့ရပြီးမှရည်းစားထားမှာ ဒါပေမဲ့... အပြီး... ဖြစ်သင့်တာက ရည်းစားထားရင်းလည်းကျောင်းတက်လို့ရတာပဲမဟုတ်လား၊ ဘွဲ့လည်းရ၊ အိမ်ထောင်လည်းကျ၊ စီးပွားရေးလည်းမြန်မြန်အခြေကျ...ကဲ...မကောင်းဘူးလား'

'စာစာကတည်းကပြောပါလား ကောင်မရဲ့၊ ငါတို့ကတော့ အထင်ကြီးမိတော့မလို့ နေပါဦး... မေမျိုးကရောဘယ်လိုလဲ၊ နင့်စကားကို နင်လည်းဖြေဦး'

'အပြီး... ရှက်စရာကြီး'

ကိုယ်ပုံးလေးတွန့်လိမ်ရင်းရှက်ပြနေလို့ ကျန်ကောင်မလေးတွေ မျက်စောင်းဝိုင်းထိုးလိုက်ကြတယ်။

'ငါက နင်တို့နဲ့မတူဘူးဟဲ့'

'ဘာမတူတာလဲ'

'သြော်... နင်တို့ကမှ ဘွဲ့ရဖို့စဉ်းစားသေးတယ်၊ ငါကရည်းစား ရရင်ပြီးရော...အပြီ... မဟုတ်ဘူးလား'

ကျန်ကောင်မလေးတွေဆီက ဝိုင်းဆဲသံတွေစီညံညံနဲ့ထွက်လာကြတော့တာ။

☺





ဒီမနက်တော့ကျောင်းပိတ်ရက်မို့ ငါးယောက်သားခြင်းတောင်းကိုယ်စီဆွဲပြီး ဈေးဘက်ထွက်ခဲ့ကြတယ်။ ဒီလိုပါပဲ နယ်ကလာတဲ့လူတွေဆိုတော့ ပိုက်ဆံကိုချွေတာပြီးသုံးရတယ်။ဆိုင်တွေမှာလပေးစားရင် ဖြစ်ပေမယ့် အဆောင်နေကျောင်းသူအားလုံး စိတ်တိုင်းကျကိုယ့်ဘာသာပဲ ချက်စားကြတယ်။

ဒီအဆောင်ကစည်းကမ်းကောင်းသလို လာနေကြတဲ့ကျောင်းသူတွေထဲမှာလည်းဘောစိတွေကို ကြံစားဖန်စားတွေမရှိကြ။ မရှိရင်အငတ်နေမယ်ဆိုတဲ့စိတ်ဓာတ်မျိုးတွေမို့ စည်းလုံးပြီး တစ်ယောက်ရဲ့အခက်အခဲကိုတစ်ယောက်ဖြေရှင်းပေးတတ်ကြတယ်။

ငွေကြေးအရမ်းပြတ်လပ်ပြီး အဆင်မပြေတဲ့ကျောင်းသူဆိုတာ မရှိသလောက်ပဲ။ စည်းနဲ့စား စည်းနဲ့သွား၊ ဒါပေမဲ့စည်းနဲ့တော့ မအိပ်နိုင်ကြ အအိပ်ကြီးကြတာကို။

အဆောင်နဲ့ဈေးကို ဆိုက်ကားငါးရာပေးစီးရင်ရပေမယ့် လမ်းလျှောက်တာ ကျန်းမာရေးနဲ့ညီညွတ်တယ်ဆိုပြီး အကြောင်းပြချက်နဲ့မစီးပါ။ ဈေးသွားရင်လည်း တစ်ဖွဲ့ငါးယောက်ရှိရင် ငါးယောက်လုံးသွားကြတယ်။ တစ်ပတ်စာ ကြိုဝယ်ထားတာဆိုတော့များတယ်။ ဆိုက်ကားငှားရင် ငါးရာကုန်မှာစိုးတာနဲ့ တစ်ယောက်နည်းနည်းစီခွဲသယ်ရင် သယ်၊ မသယ်ရင် တစ်ယောက်တစ်လဲစီဆွဲပြီး ပြန်ကြတာ။

ဒီတော့ဆိုက်ကားသမားတွေက အဆောင်နေကျောင်းသူတွေကိုဆို လှည့်ပင်မကြည့်။ ကပ်စေးကနဲတော့ တစ်ခါဖူးမှဆိုက်ကားနဲ့လိုက်ပို့ရတယ်ဆိုတာမရှိလို့လေ။

ကျောင်းသူတွေ ငါးယောက်တစ်သုတ်၊ သုံးယောက်[illegible] အဆင်ပြေသလိုတွဲပြီး ဈေးထဲကိုဝင်သွားကြတာကို ဈေးရှေ့လ[illegible]ဆိုင်ထိုင်ရင်း မင်းမင်းစိုး၊ဗလကြီးနဲ့ မှင်စာတို့က ရှိုးနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အခန်းထဲတော့ စောစောမနိုးတဲ့ရက်မရှိသလို ဟိုဘက်သောဒီဘက်သောနှစ်ခန်းတလည်း နာရီနှိုးစက်ပေးပြီးအိပ်စရာကိုမလိုတာ။

ဗလကြီးရဲ့ ဝမ်းခေါင်းသံတအိအိကြားရရင် ဒါငါးနာရီခွဲ။ ဘုရားလူကြီးရဲ့ကြေးစည်သံဆို ခြောက်နာရီ။ တဂွမ်ဂွမ်ကြားရတဲ့ မှင်စာရဲ့A.C.G အကွက်ကို ကြားရရင်တော့ ခြောက်နာရီခွဲ။ ဒါဆိုအိပ်ယာကအော်တိုထပြီးသား။

မင်းမင်းစိုးက သူသူအောင်တို့အဖွဲ့ကို တွေ့လိုတွေ့ငြားရှာနေပေမယ့် ခုချိန်ထိတော့မတွေ့သေး။

'ကွန်မြူးသန့်နဲ့ဘုရားလူကြီးက ငါတို့ကိုရှောင်ဖယ်ဖယ်လုပ်နေပြီ'

'ဟ…မပေါင်းတော့လည်းဘာဖြစ်လဲ၊ ဖဲရိုက်လို့ငါးအိမ်ပြည့်ရင်ပြီးတာပဲ၊ ဟိုကောင်ကွန်မြူးသန့်က ဘော်ဒါစိတ်မရှိပါဘူး'

ဗလကြီးရဲ့စကားကို မှင်စာကထပ်ကွန့်တယ်။ မင်းမင်းစိုးမနေ့က ကွန်မြူး သန့်ပေါင်ခွကြားကို ဒူးနဲ့တိုက်လိုက်မိတယ်။ လုပ်တုန်းကတော့ ဒေါသနည်း နည်းပါပေမယ့် လုပ်ပြီးတော့ပြန်တောင်းပန်တာပဲ။ ဒါပေမဲ့ ကွန်မြူးသန့်က ရှောင်ဖယ်ဖယ်လုပ်နေတယ်လေ။ ဘုရားလူကြီးနဲ့ ခုတင်ချင်းကပ်လျက်ဆိုတော့ သူတို့နှစ်ယောက်က တစ်ဖွဲ့ကွဲသွားတယ်။

'ဘာပဲဖြစ်ဖြစ် ငါပြန်ချော့ရမှာပဲ မကောင်းဘူးကွ၊ငါလွန်သွားတာပဲ တကယ်ဆို… သူစတာကိုစိတ်မဆိုးသင့်ဘူး'

'ထားပါကွာ… စိတ်မကောင်းဖြစ်မနေနဲ့ နေနိုင်လှဒီကောင်တွေ တစ်ရက်ထက်မပိုပါဘူး မိန်းမစိတ်ကွ… ကောင်းချင်အခု မကောင်းချင်အခု'

'ဟာ…ဒါတွေအသာထားစမ်းပါ၊ဖိုးပြူး မင်းဟာမလေးတွေလည်း မလာကြသေးတာလား၊ မတွေ့သေးတာလား'

'အခုချိန်ထိတော့ မတွေ့သေးဘူးကွ… ဟော… ဟိုငါးယောက်တွေ့လား၊ ခြင်းတောင်းသုံးလုံးနဲ့ငါးယောက်'





'အေး…တွေ့တယ်ကွ…ဆိုးဘူးနော်…အဟီး… သူတို့နဲ့ခင်ကြည့်ချင်လိုက်တာ'

လူကောင်သေးပေမယ့်ဂေါ်ကြောကြီးတဲ့ မှင်စာရဲ့စကားကိုမကြားတန်ဆောင်ရင်း မင်းမင်းစိုးနဲ့ဗလကြီးက ကောင်မလေးတွေကိုကြည့်တယ်။ ကောင်မလေးတွေကတော့ သူတို့ဘာသာလှုပ်ရှားရလေး ဘေးဘီကိုမကြည့်ဘဲ ဈေးထဲဝင်သွားတယ်။

ဒီတော့မှ သုံးယောက်သားဆေးလိပ်တွေကို အားပါးတရဖွာလိုက်ကြတယ်။

'မင်းကြံ့စမ်းပါဦးဖိုးပြူးရာ ခင်ကြည့်ချင်လို့'

'ခင်ချင်ရင် ခင်ချင်တယ်ပေါ့ ဘယ်နှယ့်ခင်ကြည့်ချင်တာလဲ… မင်းဟာကလည်း'

'အဟီး…ဒီလိုလေကွာ စပွန်ဆာမရှိရင်ဆက်ခင်မယ်ကွာ၊ စပွန်ဆာရှိရင်တော့ဘာလုပ်မလဲ မစားရအညှော်ခံလေ မခင်တော့ဘူးပေါ့'

'ကောင်းလိုက်တဲ့စိတ်… ဟေ့ကောင်…ခင်တယ်မင်တယ်ဆိုတာ အဲဒီစိတ်တွေမရှိဘူးကွ၊ ကိုယ်တွေလိုတစ်နယ်တစ်ကျေးကလာကြတာ စောင့်ရှောက်သင့်စောင့်ရှောက်ရမယ်လေ'

မင်းမင်းစိုးက ရှုပ်တည်ကြီးနဲ့ပြောလို့ ဗလကြီးက…

'ဘာလဲ… မောင်လို အစ်ကိုလိုလား'

မေးတော့ သူက ဟီးခနဲရယ်ရင်း…

'အဟီး…ဒီထက်ရင်းနှီးတဲ့ ချစ်သူလိုပေါ့ကွ'

ပြောလို့ ကျန်နှစ်ယောက်က ဝိုင်းဆဲလိုက်ကြတယ်။ ပြီးမှ…

'မင်းတို့တကယ်ခင်ချင်လား'

'ဒါပေါ့… ငါတို့တစ်နှစ်သာကုန်သွားတယ် တစ်ယောက်မှတောင်အပေါင်းအသင်းမရှိဘူးကွ။ အခုမင်းအားကိုးနဲ့ပေါ့'


www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီဒါဆို… အပင်ပန်းတော့ နည်းနည်းခံရမယ်'

'ဘယ်လောက်ပင်ပန်းမလဲ'

'ဒီကနေ သူတို့အဆောင်ထိပ်လောက်ပေါ့… ဖြစ်လား…'

'အို… ဒီလောက်တော့ ဖြစ်တယ်'

'ဒါဆိုပြီးတာပဲ… ငါ့တာဝန်ထား'

☺

ဒေါ်လှကြီး အိပ်ယာထတာနောက်ကျလို့ ဈေးသွားတာနောက်ကျတယ်။ ကျဆိုညညအိပ်မပျော်။ မပျော်ဆိုနေ့ဘက်သရဲကားတွေကြည့်တာကိုး။ နောက်ကျပေမယ့် ဆိုက်ကားဘယ်သောအခါမှငှားစီးဖို့စိတ်မကူးမိ။ ဒီလိုနေကုပ်ခဲ့လို့လည်း အဆင်ပြေပြေနေနိုင်တာလေ။

တူဝရီးနှစ်ယောက်စာဆိုတော့ အများကြီးဝယ်စရာမရှိ။ တူမလေးက အခုမှဆယ်နှစ်တောင်မပြည့်တတ်သေးပေမယ့် လူလည်တော့ကျတတ်တယ်။

တစ်ယောက်တည်းခြင်းဆွဲပြီး သုတ်သုတ်လျှောက်တုန်း နောက်ကခြေသံကြားလို့လှည့်ကြည့်တော့ ပန်းမာလာအဆောင်ပိုင်ရှင်ကျော်ကြီးကိုမြင်လို့ရင်တုန်သွားတယ်။ ကျော်ကြီးဆိုတာ နာမည်အရင်းမဟုတ်ပေမယ့် နာမည်အရင်းမမှတ်မိတော့။

ကျော်ကြီးက ဟီးခနဲရယ်ပြလို့ သွက်သွက်ပိုလျှောက်လိုက်တယ်။ ကျော်ကြီးလည်း သူ့လိုကပ်စေးနဲဖြစ်ပြီး အခုလည်းဈေးကိုလာပုံရတယ်။

'လှလေး… အဟဲ… ဈေးသွားမလို့လား'

ဦးကျော်ကြီးကို ဒေါ်လှကြီးကမျက်စောင်းလှည့်ထိုးတယ်။ ဦးကျော်ကြီးက သူ့ကိုယ်ယ်ကတည်းကပိုးနေတာ အခုအသက်လေးဆယ်တင်းပင်ပြည့်ပြီ။ ပိုးတယ်ဆိုတာကလည်း တစ်လံကွာကနေပြီး မထိတထိ ဆိုက်စနေတာ။ ဟုတ်တိပတ်တိဆို ညားတာကြာပေါ့။

ဦးကျော်ကြီးက မပိုးတတ်တော့အတော်မသိ။အတောမသိတော့ အခုနှိုင်ထိ လူပိုအပိုကြီးတွေသာ။ ဒါကလည်းဦးကျော်ကြီးက ဒေါ်လှကြီးကိုယ်ကြောက်။ ဒီတော့အနားမကပ်ဘဲ အဝေးကနေစတော့ ပိုချစ်မလာဘဲကြာလေစိတ်ဆိုးလေ၊ စိတ်ဆိုးလေ အဆဲခံရလေပဲ။ဒေါ်လှကြီးက အပြောဆိုးအဆိုးလေ။

'လှလေးကလည်း… အဟဲ…စကားလေးဘာလေးပြန်ပြောပါဦး၊ ခင်းကိုသစ္စာရှိရှိပိုးလာတာ အနှစ်နှစ်ဆယ်ကျော်ပြီလေ'

'ဟဲ့… သေနာကျ… နင်ငါနဲ့အတူသွားချင်ရင် ငါ့နားလာပါလား၊ ဘာလို့အဝေးကနေပြောနေလဲ'

လာဆိုပြန်တော့လည်း ဦးကျော်ကြီးကမကပ်ရဲပြန်။ စိတ်ထဲမှာတော့ ကျော်ကြီး နဲ့လှကြီးတွေ့ပြီပေါ့ကွာလို့ ကြုံးဝါးနေပေမယ့် လက်တွေ့ကမစွံ။ သူ့ပုံက ရည်းစားစကားလိုက်ပြောတာနဲ့ မတူဘဲ လိုက်နှောက်ယှက်နေတာနဲ့တူတယ်။

သူကစလိုက် ဒေါ်လှကြီးကဆဲလိုက်နဲ့ ဈေးရှေ့ကိုရောက်လာခဲ့တယ်။ ဒေါ်လှကြီးကဈေးထဲဝင်သွားပြီး ဦးကျော်ကြီးကတော့ လက်ဖက်ရည်ဆိုင်ထဲဝင်လိုက်တယ်။

'ဟာ… ဦးကျော်ကြီး… ဒီကိုလာဗျ'

'သြော်… အေး… ဗလကြီး'

ဗလကြီးနဲ့သိလို့ ဝင်ထိုင်လိုက်တယ်။ နောက်မင်းမင်းနိုးတို့ မြင်တော့ ခါက်ချင်းမှတ်မိသွားတယ်။

'ဟင်… မင်းလည်းပါတာကိုကွ'

'အဟီး… ဟုတ်ပါတယ်…ဦးလေးကိုနားလေးတယ်လို့ ပြောလိုက်တာ သူတို့'

www.burmeseclassic.com



'ဟုတ်လား… ဟားဟား… တယ်နောက်တဲ့ကောင်တွေပဲ'

သဘောကောင်းတဲ့လူတွေ အချင်းချင်းဆိုတော့ ခဏချင်းပဲခင်သွားကြတယ်။ မင်းမင်းစိုးက အစဖော်ပေးတယ်။

'ကျွန်တော်ဦးလေးတို့နှစ်ယောက်ကို မြင်တယ်နော် အဆင်ပြေရဲ့လား'

'မင်းကွာ… အဆင်မပြေတာမြင်ရဲ့သားနဲ့… ဟူး…အသက်တွေသာကြီးလာတာ လေသံကတော့လွန်ခဲ့တဲ့နှစ်တွေကလိုပဲ မာတုန်းပဲ…သြော် … အလှ အလှ… မင်းနဲ့သေတာတောင် မီးခိုးချင်းပေါင်းရပါ့မလားကွာ'

ဦးကျော်ကြီးက ပြောညည်းညည်းတော့ သူတို့သုံးယောက်ပြုံးမိလိုက်ကြတယ်။

'ဦးလေးက ဘယ်အဆင်ပြေမှာလဲ ပိုးပုံပိုးနည်းများနေတာကို'

'ဟုတ်လား… ပြောစမ်းပါဦး'

'ဦးလေးကို အရင်မေးရဦးမယ်၊ သူ့ကိုစကားလိုက်ပြောရင် အများကပ်လား'

'အဟီး… ကပ်ရဲဘူးကွ… သူကအပေါက်ဆိုးတယ်'

'အဲဒါပဲ… ဦးလေးက အသားနာမှာကြောက်တာကိုး၊မကြောက်နဲ့ … ဘယ်လောက်အပေါက်ဆိုးဆိုး မိန်းမဆိုတာ ကရုဏာတရားအရမ်းရှိတဲ့အမျိုး'

ဟုတ်လားတော့မသိ ဗလကြီးတို့သုံးယောက်ကတော့ မင်းမင်းနိုးတော်ကီမှာ မျောသွားကြတယ်။

'ဦးလေးအစောကြီးကတည်းက ရဲရဲတင်းတင်းအနားကပ်ရင် ညားတာကြာပြီ'

'ဟုတ်လို့လားကွာ… ငါ့ကိုမြှောက်ပေးနေတာလား'

'သြော်… ကဲ…ခက်ကပြီ… ဦးလေး သူ့ကိုပိုးလာတာ ဘယ်လောက်ကြာပြီလဲ'





'အနှစ်နှစ်ဆယ်'

'ကောင်းပြီ… ခုချိန်ထိ သူဘာလို့ယောကျ်ားမယူတာလဲဆိုတာ ဦးလေးသိလား'

'ဟေ… အဲ…ဘယ်သိမလဲ…အကြိုက်မတွေ့သေးလို့နေမှာပေါ့'

မင်းမင်းစိုးက မိန့်မိန့်ကြီးပြုံးရင်း ခေါင်းရမ်းလိုက်တယ်။

'မဟုတ်ဘူး… ဦးလေးကိုစောင့်နေတာ'

'ဟေ… တကယ်ပြောတာလား… အဟီး…ဟုတ်သလိုလိုပဲ'

'ဟုတ်သလိုမဟုတ်ဘူး ဟုတ်ကိုဟုတ်တာ…ဦးလေးကိုစောင့်မျှော်နေတာ၊ ဦးလေးသူ့နားကိုကပ်လိုက်တာနဲ့'

'အဟဲ… အဆင်ပြေရောလား'

'ပါးအတီးခံရရော… အဲလေ… မှားလို့…ဦးလေးသာရှေ့ရဲရဲတိုးဖြစ်ကိုဖြစ်ရမယ်'

'ဖြစ်ပါ့မလား ငါ့ကောင်ရာ… မျက်ခုံးခပ်လှုပ်လှုပ်ပဲ'

'ဖြစ်ကိုဖြစ်တယ်ဦးလေး စျေးပြန်တဲ့အခါ သူ့ခြင်းတောင်းကိုတစ်ခါပဲကူဆွဲ'

'ဒါဆို'

'ဟာ… ဦးလေး အမြဲတမ်း အဲဗားဆွဲရပြီပေါ့'

'ဟမ်… ဘာကိုလဲ'

'ဆွဲခြင်း… တလွဲမတွေးနဲ့… နီးစပ်မှုဆိုတာ ဒီလိုအနားခံပြီးထူရှာပဲ ရသွားရင်ဒါအဆင်ပြေပြီ မှတ်ထား… အပေါက်ဆိုးတဲ့လူတွေဟာသူတို့ရဲ့အားနည်းချက်ကို ပြောဆိုးတာနဲ့ကာကွယ်ထားတာ။ သူတို့ရဲ့အားနည်းချက်က အညှာလွယ်တာ'

'ဖြစ်ပါ့မလား ငါ့ကောင်ရာ… တော်ကြာပါးချခံနေရဦးမယ်'

'ဟူး… ဦးလေးကိုပြောရတာ မောတယ်'

www.burmeseclassic.com



မင်းမင်းစိုးက ရေနွေးခွက်ကိုမော့သောက်လိုက်လို့…

'ငါ့တူအတွက် ဦးလေးလက်ဖက်ရည်တစ်ခွက်ထပ်မှာလိုက်မယ်'

'မလိုသေးဘူးဦးလေး ဒါပေမဲ့ အကြွေးမှတ်ထားမှာနော်၊ အောင်မြင် တော့မှပြုစု'

အုမြူးနေပြီဖြစ်တဲ့ ဦးကျော်ကြီးက…

'အပေးပေး… မမေ့ပါဘူးကွာ၊ အဲဒီအခါကျရင် ငါ့တူကြီးထို ရှယ်ပြုစုမှာ… အပဲ… ဒါနဲ့…ခုနစကားလေးဆက်ပါဦးကွ'

'တစ်ခါပဲ ဦးလေးစည်းရုံးကြည့်… ကိုယ့်ကိုယ်ကို ယုံကြည် အပြည့်ထား… ဟုတ်ပြီလား'

'အေးကွာ… မထူးပါဘူး… လုပ်မယ်'

'လုပ်မယ်ဆို အခုလုပ်…ကဲ…ဗလကြီးရေ ငါတို့လည်းစလုပ် မယ်လေ'

တစ်လက်စတည်းပြောလိုက်လို့ ဗလကြီးနဲ့ မှင်စာကြောင်သွား တယ်။ မင်းမင်း စိုးကဈေးပေါက်ဝကနေထွက်လာတဲ့ သူသူအောင်တို့ မေးငေါ့ပြမှသဘောပေါက်ပြီး သုတ်ခနဲလစ်သွားကြတယ်။

ဦးကျော်ကြီးဒီနေ့တော့ လုပ်ကြည့်ဦးမှလို့ကျိတ်ကြံရင်း မင်းမင်း တို့စားထားတာတွေကိုပါရှင်းပြီး ဈေးထဲဝင်သွားတယ်။ မင်းမင်းစိုးတို့ ကောင်မလေးငါးယောက်နောက် မသိမသာလိုက်သွားတယ်။

✠



## အခန်း(၆)

မေမျိုးနဲ့စန္ဒာက ဆန်ခြောက်ပြည့်ထည့်ထားတဲ့အိတ်ကို တစ်တက်စီ ...ရင်းရှုံ့မဲ့နေကြတယ်။ သူသူအောင်၊ ဝါဝါလှိုင်နဲ့ဖြူပြာတို့ကတော့ ဆွဲခြင်း ...လုံးစီဆွဲရင်းသွားနေကြတယ်။ နည်းနည်းဝေးတော့ ကြိတ်မှိတ်ဆွဲကြရ ...လေ။

'မိသူ…အစားပုပ်မ… လောဘကလည်းကြီးလိုက်တာ၊ တစ်ပတ် ...လေးပြည့်လောက်ပဲဝယ်ရင် ရတဲ့ဟာကို… လေးလိုက်တာ'

'အီး… လက်ပါအံသေလာပြီ ဆိုက်ကားငှားမလားဟင်'

မေမျိုးနဲ့ စန္ဒာက ဆန်အိတ်ကိုပစ်ချရင်း သူတို့လက်ချောင်းလေး ...တို ခါရင်း ပြောတယ်။

'ဟဲ့… မနေ့ကငါတို့ထမင်းမဝဘူးလေ၊ အဲဒါဆန်မလောက်လို့ ...တဲ့… လောက်ငအောင်လည်းဝယ်ရသေးတယ်။အခုသာလေးတယ်ပြော ... စားတော့နင်တို့နှစ်ယောက်ပဲ လက်ပြဲကြီးတွေနဲ့တစ်ဖြဲနှစ်ဖြဲ'

'ဟုတ်ပါ့… ဒီကြားထဲအိုးထဲမှာထမင်းနည်းရင် အလှည့်ကျတဲ့ ...င်မကလည်း ထမင်းလောက်အောင်မချက်ဘူးဆိုပြီး မျက်စောင်းထိုး ...ည်းသူတို့ပဲ'

'အေးလေ… အခုဒီဆန်အိတ်လေးသယ်ရတာကို ...



www.burmeseclassic.com

www.burmeseclassic.com



နားညည်းတယ်… လက်ကြောမတင်းလိုက်တာ…ဆိုက်ကားငှားရင်သိကျွာ ကျတယ်၊ နားပြီး သယ်…ဒါပဲ'

ဖြူပြာရဲ့စကားအဆုံးမှာပဲ ကောင်မလေးနှစ်ယောက်မဲ့သွားကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ငါးယောက်ထဲမှာ သူတို့နှစ်ယောက် စားလုံးက အကြီးဆုံး။ ဒါကြောင့် ဆန်အိတ်ကို သယ်နိုင်းထားတာ။

'နင်တို့ကလည်းဟယ်… ဒီမြွေရည်ခွံအိတ်ကြီးက ဆွဲမကောင်းဘူး လက်အံသေတယ်… လူလဲဆွဲမယ်လေ'

'ဘယ်လိုဖြစ်နေလဲ… လမ်းထိပ်ရောက်ရင်လဲပေးမှာပေါ့၊ ရှက် လည်းမရှက်ကြဘူး သူများတွေလည်းဒီလိုပဲ သယ်ကြတာပဲ'

'အို… သူတို့သယ်တာကသေးတယ်၊ငါတို့အိတ်ကအကြီးကြီးဟာ ကို'

'ကဲကဲ… စကားပြောနေတာနဲ့ မနက်စာပါငတ်နေမယ်၊ ဒီနေ့ဝါ အိုးသူကြီးနော်… ဟွန်း… နောက်ကျရင်ချက်မကျွေးဘူး'

ဝါဝါလှိုင်ရဲ့စကားလည်းဆုံးရော ငတ်မှာစိုးလို့ဆန်အိတ်ကို ကောက်မလိုက်ကြတယ်။ စန္ဒာက ပြောတယ်။

'လေးလိုက်တာဟယ်… မေမျိုးရေ… လျှော့စားမှထင်တယ်'

'ဟယ်… ဗိုက်အပြင်အိတ်ပါတာမှမဟုတ်ဘဲ၊ပြီးတော့…ငါတို့ သွားရည်စာလည်း စားရတာမဟုတ်ဘူး စားမှာပဲ… ဝအောင်ကိုစားမှာ… အီး… အခုလောလောဆယ်တော့ လက်နာတယ်။ ထမင်းစားရတာကောင်း သလောက် ဆန်သယ်ရတာလေးလိုက်တာ'

'အေးဟယ်… အခုအချိန်များ ကောင်းကင်ကဗလကောင်းကောင်း နတ်သားလေးကျလာရင် ဘယ်လောက်ကောင်းလိုက်မလဲ'

စကားအဆုံးမှာပဲ ရှေ့ကနေ…

'ကျလာပြီ… တကယ်ကျလာပြီ… ယိစ်'





ဗလကြီးတစ်ယောက် ဘွားခနဲပေါ်လာပြီးဗလညှစ်ပြလို့ လန့်ပြီး ဆန်အိတ်လွှတ်ကျသွားတယ်။

'အံမယ်လေး… ကုလားကြီးတော့…'

'ကုလားကြီးမဟုတ်ပါဘူး… ဗလကြီးပါနော်'

'ဟဲ့… ဘာဖြစ်နေကြတာလဲ'

နောက်နှစ်ယောက်ဆီကနေ အသံတွေကြားရလို့ သူသူအောင်တို့ သုံးယောက် ပြန်ရောက်လာကြတယ်။ အကောင်သုံးကောင်ကို တွေ့ပြီး ကြောင်တွေထင်သွားကြတယ်။ ဒါပေမဲ့ မင်းမင်းစိုးကိုတွေ့ပြီး မှတ်မိသွား ကြတယ်။

'ဩော်… ရှင်ကိုး'

'ဟုတ်ပါတယ်…ငါပါ… ဟိုလေ… ငါ့ကိုကူညီခဲ့သလို မင်းတို့ ကိုပြန်ကူညီပါရစေ'

'ဟုတ်ပါတယ်…မိန်းကလေးနဲ့ဆန်အိတ်မသင့်တော်လို့ ထမ်းပေး ပါရစေ'

မှင်စာက မျက်နှာချိုသွေးရင်း ဗလကြီးကိုကြည့်ကာ…

'ဗလကြီးထမ်းလေကွာ… အဟီး… သူငယ်ချင်းဗလက ဒီဆန် အိတ်လောက်ကတော့ အေးဆေးပါ'

လို့ပြောတယ်။ ဗလကြီးကတော့ မျက်စောင်းထိုးတယ်။

'သူပဲကောက်ထမ်းတော့မလို့နဲ့ ဆင်ဖြူတော်မှိုပြီး ငှက်ပျောသီးစား ချင်တယ်'

'ဟင်… ကြံစုတ်တာမဟုတ်ဘူးလား'

'အို… ငှက်ပျောသီးကျွေးတာပဲ တွေ့တယ်ကွ'

သူတို့နှစ်ယောက်ရဲ့ ပေါ်ကြောင်ကြောင်စကားတွေကြားသာကို မင်း မင်းစိုးက ဖောက်ပြောဖို့ အရင်ဆုံးလက်ခုပ်နှစ်ချက်တီးလိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ကဲ… အဆင်ပြေသွားအောင်လို့ တို့တွေမိတ်ဆက်လိုက်ကြ ရအောင်၊ တို့အားလုံးကပညာလိုချင်လို့ တစ်နယ်စီကလာကြတဲ့လူတွေ တော့ကူညီစောင့်ရှောက်ရအောင် တစ်ယောက်နဲ့တစ်ယောက်ခင်မင်နေတာ မကောင်းဘူးလား… ငါ့နာမည် မင်းမင်းစိုးပါ၊ သူကဗလကြီး'

'ဟော့ကောင်… နိုင်ဦးပါကွ'

'သြော်…ငါ့စကားကိုဆုံးအောင်နားထောင်လေ၊ ဗလကြီးခေါ်နိုင်ဦး … သူက မှင်စာခေါ်ဇော်နိုင်'

'ဟော့ကောင်… မင်းနာမည်ဖိုးပြူးဆိုတာလည်း ထည့်ပြောဦး လေ'

'ငါပြူးတာ သူတို့သိပါတယ်'

ကောင်မလေးတွေအားလုံး မျက်လုံးပြူးသွားကြပြီး… ဝါဝါလှိုင် က…

'အယ်… ဘယ်လိုကြီးလဲတော့…'

'မ… မဟုတ်ပါဘူး မျက်လုံးပြူးတာကိုပြောတာ၊ ဒီမှာလေ…'

မင်းမင်းစိုးက နဂိုပြူးမျက်လုံးကိုပိုပြူးပြလို့ ကောင်မလေးတွေ မျက်စောင်းပြေပြေလေးတွေ ဝိုင်းထိုးလိုက်ကြတယ်။ ပြီးမှ… ပျော်တတ် သူတို့သုံးယောက်ကိုကြည့်ပြီး ကောင်မလေးတွေကရယ်တယ်။သူသူအော ကပဲ အားလုံးနဲ့မိတ်ဆက်ပေးလိုက်တယ်။

'ရှင်တို့က အရမ်းရယ်ရတာပဲနော်… ကဲ…လောလောဆယ် ပေးထားတဲ့ကတိအတိုင်း… မိတ်ဆက်ပြီးလို့သိလည်းသိနေကြပြီဆိုတော့ …ဟင်း…ဟင်း…'

ဆန်အိတ်ကိုမျက်စပစ်ပြတော့ ဗလကြီးကဖော့ထုပ်လေးလို ပေါ် ကောက်တင်လိုက်ပြီး…

'ဒါပဲလား… ကျန်သေးရင်ပေးဦးလေ'

ဆိုလို့ သူသူအောင်ကအားနာပါးနာပဲ…

'ရှေ့… သိပ်မလေးပါဘူး… အဟီး…'

ဆိုပြီး ဆွဲခြင်းတစ်ခုဆွဲခိုင်းလိုက်သေးတယ်။ ဒါပေမဲ့ ဗလကြီးတို့က ဒီလောက်တော့မမှု။ မှင်စာနဲ့မင်းမင်းစိုးက ကျန်တဲ့ခြင်းနှစ်ခုကိုမျက်နှာလုပ်ပြီး င်ဆွဲတယ်။ ဝါဝါလှိုင်က ဗလကြီးကိုသနားလို့ ဆွဲခြင်းကိုပြန်ယူလိုက် တယ်။ ဗလကြီး သွားဖြီးသွားတယ်လေ။

'ကဲပါ…ဆန်အိတ်ပဲထမ်းပါ… ဒါလောက်တော့ရပါတယ်'

'အဟီး… ကျေးဇူးပါပဲကွာ'

သူများပစ္စည်းကူထမ်းပြီး သူက ကျေးဇူးတွေပြန်တင်နေတာလေ။ ယ်တွေပီပီ ခဏချင်းပဲ ငယ်ပေါင်းတွေနီးပါးခင်မင်သွားကြတယ်။ ဒီတော့ ားတွေလည်း ပြောလို့မကုန်နိုင်အောင်ပါပဲ။ ယောက်ျားလေးဆောင်ရှေ့ ောက်တော့ သူသူအောင်က…

'ကဲ… ရပါပြီ ဒီနားတင်ပဲ…နီးနေပြီ'

ချွေးတရွှဲရွှဲဖြစ်နေတဲ့ ဗလကြီးကိုကြည့်ပြီး မှင်စာကပဏာယူတယ်။ ည့်တုန်း ဗလကြီးကို ကုန်းဆင်းခိုင်းတာလေ။

'အို… ရပါတယ်… ဝို့မယ့်ပို့အိမ်တိုင်ယာရောက်ပဲ လိုက်ပို့ကြ ပေါ့၊ ဟုတ်တယ်နော်… ဖိုးပြူး'

'သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ မှင်စာရယ်'

ဗလကြီးက ကူထမ်းမလားမျှော်ပေမယ့် ဟိုနှစ်ကောင်က ကြော ကြာလေး လေပေးပြီးသွားနေကြတယ်။ သူ့ကိုရှိတယ်တောင်ထင်ပုံမရလို့ ါသထွက်နေတော့တာ။

အောက်ရှူးတဲ့ဗလကြီးရဲခါး တဖြည်းဖြည်းစောင်းလာတာကိုမြင်ဆေ ယ့် အလိုက်တသိမပြော။ ဗလကြီးကလည်း ကောင်မလေးတွေရှေ့ ာကျမှာစိုးပြီးမခေါ်။ တော်သေးတယ် ကောင်မလေးတွေအဆောင်ရှေ့ ောက်သွားလို့။

www.burmeseclassic.com

'ကျေးဇူးပါပဲ… အထဲတော့ဝင်လို့မဖြစ်ဘူးနော်'

'ရပါတယ်မဝင်တော့ပါဘူး… ပေးပေး… ဗလကြီးငါကူမယ်'

ချခါနီးမှကူမယ်ဆိုလို့ ဗလကြီးကမှင်စာပေါ် ဆန်အိတ်ပစ်ချလိုက်တော့ ယိုင်ကျသွားတယ်။

'ဟီးဟီး… ရှင်တို့အဖွဲ့က အရမ်းရယ်ရတာပဲ'

'အသက်ရှည်ချင်ရင်ပဲဖြစ်ဖြစ် စိတ်ညစ်ရင်ပဲဖြစ်ဖြစ် ငါတို့အဖွဲ့ကို သတိရပေါ့… အံမယ်… ဒါတောင်နောက်နှစ်ကောင်ရှိသေးတယ်'

မင်းမင်းစိုးကပြောတော့ သူသူအောင်က ရယ်ရင်း…

'ဟုတ်လား… နောက်တွေ့မှခေါ်လေ၊တွေ့ပြီပေါ့…ကျွန်မတို့အဖွဲ့ကအရယ်သန်သန် ရှင်တို့အဖွဲ့ကအနောက်သန်သန်နဲ့'

ကျွန်လေးယောက်ကခြံထဲကနေ လေကြောမပြော်သေးတဲ့ သူသူအောင်ကို မျက်စောင်းထိုးတယ်။

'နောက်ဆို… မကြာခဏ… အဟဲ… တွေ့ဖြစ်မယ်ထင်တာပဲ'

မင်းမင်းစိုးကစကားခေါ်တော့ သူသူအောင်ကလည်း…

'အဟင်း… ကောင်းတာပေါ့… ကျွန်မတို့လည်းယောကျ်ားလေး အပေါင်းအသင်းမရှိဘူး၊မရှိဆိုလူလည်တွေကများတယ်မဟုတ်လား၊ ဘယ်သူ့ကိုမှယုံလို့ရတာမဟုတ်ဘူးလေ'

'အိုး… ငါတို့အဖွဲ့ကိုတော့ယုံပါ၊ စိတ်သဘောထားဖြူစင်ကြပါတယ်။ ငါကအဖြူစင်ဆုံးပေါ့…ဟဲ…ဟဲ'

ဗလကြီးနဲ့မှင်စာတင်းသွားတယ်။ တကယ်လည်းကျရော မင်းမင်းစိုးက သူ့ဘက်ပဲသူယက်တာကို။

'ယုံပါတယ်ရှင်…ရှင်တို့မျက်နှာမြင်တာနဲ့ ယုံရမှန်းသိပါတယ်… သြော်… သွားတော့နော်… ဒါနဲ့ ထမင်းဆိုင်မှာစားတာလား၊ ကိုယ့်ဘာသာချက်မစားဘူးလား'





လှည့်ပြန်မယ်ကြံနေတဲ့ မင်းမင်းစိုးက သူသူအောင်ဘက်ကို ရှုကြောင်ကြောင်နဲ့ မျက်နှာပြန်လှည့်လိုက်တယ်။ ဒီအဝိုင်းလွှတ်ပေးထားလို့သာတော့ ညနေစောင်းတာတောင် ပြောလို့ပြီးမယ်မထင်။

'မိသူ… ချက်ရပြုတ်ရ လျှော်ရဖွပ်ရဦးမယ်လေ၊ လာတော့… တော်တော်စကားပေါချင်နေတယ်'

ဝါဝါလှိုင်က ခပ်တည်တည်နဲ့ဟောက်လိုက်မှ…

'သြော်… အင်း… ဒါဆို…ဒါပဲနော်…သွားတော့သိလား… နောက်အကူအညီလိုရင်လည်း ခေါ်လိုက်မယ်'

'မိသူ'

'သြော်… နင်တို့ကလည်း လာပါပြီ… သွားပြီနော်'

အထဲကလူတွေမျက်စောင်းဒဏ်ကြောင့် သူသူအောင်လည်း စကားကြောကို ဖြတ်ပြီး လိုက်သွားရတယ်။ ဒါတောင် သံယောဇဉ်မကုန်ဘဲ ဘက်ဖော့ရမ်းပြနေသေးလို့ မင်းမင်းစိုးလည်း လက်ပြန်ရမ်းပြလိုက်တယ်။

ဗလကြီးနဲ့ မှင်စာကတော့ သူ့ကိုမြင်ပြင်းတော်တော်ကတ်သွားတယ်။ မင်းမင်းစိုးကလည်း ဘယ်သူမှမရှိတော့တာတောင် အဆောင်ဘက်ကို ဘက်ကယမ်းပြနေတုန်းပဲ။

'ဟော့ကောင်… မင်းမိထွေးတွေက မရှိတော့ဘူး'

'ဟင်… အဟီး… ဟုတ်သား…ကဲ…ရဲဘော်တို့တပ်ခေါက်'

မင်းမင်းစိုးလည်းရှက်ရှက်နဲ့ စစ်သားတွေလိုလက်နှစ်ဘက်အေးကပ်ပြီး ဘယ်ညာနင်းပြန်တယ်။ ဗလကြီးကတော့ ခါးတစ်ခြမ်းနွဲ့ပြီး ညွှတ်ဖွဲ့ဖွဲ့နဲ့ လိုက်လာရင်း ပြောတယ်။

'မင်းတို့နေနိုင်တယ်ကွာ၊ ငါဒီလောက်အလေးကြီးထမ်းလာရတာကိုညည်းနည်းပါးပါးကူထမ်းမယ်မရှိဘူး'

'မင်းဗလကြီးနဲ့ ငါတို့ကကူထမ်းရင် မင်းသိက္ခာကျမှာစိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



ဗလကြီး သူ့ဗလနဲ့သူတင်းသွားတယ်။တကယ်တော့မထမ်းချင်လို့ တမင်ပြောမှန်းသိနေတယ်၊ ဒါပေမဲ့ အကျိုးအကြောင်းကလည်းနိုင်နေတော့ ပြန်မပြောသာဘူး။

'ဟုတ်တယ်… ဖိုးပြူးပြောသလိုပဲ ငါတို့ကကူထမ်းပြီပဲထား၊ ကောင်မလေးတွေစိတ်ထဲ ဘယ်လိုထင်မလဲ'

'ဘယ်လိုထင်မလဲ'

လို့ပြန်ပြောတယ်။ မှင်စာကမျက်နှာကိုမဲ့လိုက်ပြီး…

'ဟ… ဘယ်လိုထင်ရမလဲ မင်းကိုအကောင်ကြီးပြီး အီးပေါ်လောကြီးလို့ထင်သွားမှာပေါ့၊ ဟော… အခုဆိုငါတို့နှစ်ယောက်ထက် ဆန်အိတ်သမ်းပေးတဲ့ မင်းကိုပိုပြီးသတိထားမိသွားကြပြီမဟုတ်လား'

ဗလကြီးမျက်နှာ ချက်ချင်းဖြီးသွားတယ်။

'ဟုတ်တယ်ကွ… အဟီး… ဟိုဝါဝါလှိုင်ဆိုတဲ့ကောင်မလေးဆို ငါ့ကိုအတော်သနားနေပုံရတယ်။ အဟီး… သူလေးလည်းမဆိုးဘူးကွ… ချစ်စရာရေး… ဟေဟေး'

ခါးနာတာ ချက်ချင်းပျောက်သွားပြီး စကားတောင်ပီအောင် သွားရည်ကို အနိုင်နိုင်ထိန်းရင်းပြောတယ်။ မင်းမင်းစိုးနဲ့ မှင်စာကတော့ ဘာမှမပင်ပန်းလို့ ကျိတ်ပြုံးနေကြတယ်။

ဘာပဲပြောပြော လက်မောင်းနှစ်ဘက်နဲ့ရင်ဘတ်ပဲကြီးပြီး အောက်ပိုင်းရှူးနေတဲ့ ဗလကြီးကတော့ ခါးနာနေတယ်။

😐

ဒေါ်လှကြီး ဈေးပေါက်ကပြန်ထွက်လိုက်ပြီး ဘေးဘီကိုဝေ့ကြည့်တယ်။ ဦးကျော်ကြီးကို တွေ့လိုတွေ့ငြားရှာနေတာ။ ဒါပေမဲ့ဦးကျော်ကြီးရဲ့ အရိပ်တောင်မတွေ့ရလို့မဲ့သွားတယ်။





'ဟွန်း… မိန်းမတစ်ယောက်ကိုတောင် အကြောတင်းအောင်မပိုးနိုင်တဲ့အကောင်ကိုများ ဘာမျှော်နေမလဲ'

သူ့ဘာသာအားတင်းရင်းသွားတယ်။ဆိုက်ကားဂိတ်ကိုတော့ယောင်လို့တောင် လှည့်မကြည့်ပါ။ ဒေါ်လှကြီးကိုယ်ဝှိုင်ကလည်း ဦးကျော်ကြီးကို သဘောကျတယ်။ ဒါကြောင့်လည်း အခုချိန်ထိစောင့်နေတာလေ။

'ဟွန်း… သင်းကိုစောင့်ရင်း အသက်ပဲကြီးလာတယ်၊ ဒီနောက်သူမိဘတွေဘယ်လိုလုပ်ပြီးများ မွေးလိုက်လဲမသိဘူး။မျက်နှာရိပ် မျက်နှာကဲ နည်းမခတ်တတ်၊ အလိုက်ကမ်းဆိုးလည်း မသိ၊ အံမယ်လေး…ဂေါ်ဖီတစ်ခုပ်ကလည်း တော်တော်လေးတာပဲ'

တွေးရင်းနဲ့ လမ်းကွေ့လေး ရောက်လာတယ်။ အခုအချိန်များ တော်ကြီး ခြင်းကူဆွဲရင် ဘယ်လောက်ကောင်းလိုက်မလဲတွေးရင်း လမ်းထဲ ချိုးဝင်လိုက်ရာ…

'အလှ'

'ဟဲ့… ရွှေတိဂုံဘုရားကြီး'

ဦးကျော်ကြီးမျက်နှာကို အနီးကပ်ကြီးမြင်လိုက်ရလို့ လန့်သွားတယ်၊ ဒါတောင်မှ ဦးကျော်ကြီးက…

'မကြောက်ပါနဲ့ကွယ်… ကိုကျော်ကြီးပါ…ပေးလေခြင်းတောင်း'

မျက်လုံးပြူးကြီးနဲ့ကြည့်နေတဲ့ ဒေါ်လှကြီးကို မကြောက်ဘဲ ခြင်းတောင်းတယ်။ ခါတိုင်းအနားမကပ်ရဲဘဲ အခုအတင်းကပ်နေလို့ ဒေါ်လှကြီး နည်းသွားတယ်။ ဒါပေမဲ့… သူ့ရဲ့အော်ရီဂျင်နယ်မှုကိုမပြင်…

'ဘာလို့ပေးရမှာလဲ ကိုယ့်ဘာသာဆွဲနိုင်တယ်'

အပျိုကြီးပီပီမူကောင်းတုန်းပဲ မူသာမူရတယ်ခြင်းက ကြာလေလေးလေလေပဲ။ ဦးကျော်ကြီးက ကြောက်သွားပေမယ့် စိတ်ကိုတင်းလိုက်တယ်။

'ကဲပါကွာ… မင်းလက်တွေညောင်းနေပြီမို့လား… ကိုကျော်ထောက်တော့ အပျော့… အားမနာနဲ့ပေးနော်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဘယ်လိုဖြစ်နေလဲ… ပါးကိုက်ချင်လား'

'အိ' -

ဦးကျော်ကြီး တစ်ချက်တော့တွန့်သွားတယ်။ ဒါပေမဲ့အခုချိန်ထိ ပါးစပ်ကပဲ ပြောပြီး လက်မပါသေးတော့ အခြေအနေမဆိုးဘူးပေါ့။

'ဟာ…ပါးကိုက်တာအကြောင်းမဟုတ်ဘူး၊ အလှလက်ကိုက်သွားမှာ စိုးလို့…ပေးပါကွာ'

ခြင်းတောင်းကိုအတင်းလုလိုက်တယ်။ ဒါပေမဲ့ ပါးအချမခံရဘဲ လက်ထဲ ခြင်းတောင်းက ရောက်လာတယ်။ အတော်လေးနှင့်လို့ ဦးကျော်ကြီးပိုလေးသွားတယ်။ သေပြီလို့ စိတ်ထဲကတွေးပေမယ့် မျက်နှာကတော့ ပြုံးထားတယ်။

ဒေါ်လှကြီးက ဘာမှမပြောဘဲရှေ့ကလျှောက်လို့ ဆွဲခြင်းနှစ်ခုကို ဘယ်ညာဆွဲပြီး ပြေးလိုက်ရတယ်။ ကြာတော့ ဗိုက်ကြီးရှေ့ထွက်ပြီး လက်အံ သေလာတယ်။ အခေါင်ကိုသာအမြန်ရောက်ပါစေဆုတောင်းနေပြီး အခုချိန် လေးတာကလွဲပြီး ဘာစကားမှမပြောချင်တော့။

ဒေါ်လှကြီးကလည်း ဦးကျော်ကြီးစကားအစကို စောင့်တယ်။ ဦးကျော်ကြီးကလည်း မပြောနိုင်။ ဒီလိုနဲ့…

✠



# အခန်း(၇)

အချိန်ကာလယန္တရားကြီးက နာရီလက်တံတွေကို ပစားပေးထားတယ်။ ဒါကြောင့်လက်တံတွေရဲ့ပြေးနှုန်းပေါ်မှာနေ့ရက်တချို့ဖြတ်ပြေးသွားခဲ့တယ်။

ဖြတ်ပြေးသွားတဲ့ရက်တွေရဲ့ပေါ်မှာ ရင်းနှီးမှုတွေစီးနင်းလိုက်ပါသွားခဲ့တယ်လေ။ ရင်းနှီးမှုတွေနဲ့အတူ ပျော်ရွှင်စရာတွေပါ ဟီးလေးခိုတွဲပြီးပါသွားလေရဲ့။

လူ့ဘဝဆိုတာ တော်တော်ဆန်းကြယ်တာပဲ။ ဒီလိုပဲ လူဆိုတဲ့ သတ္တဝါတွေဟာလည်း ဆန်းတယ်။ ဒီထက်ပိုဆန်းတာက တစ်ဦးတစ်ယောက်တည်းမနေနိုင်ကြဘဲ အဖော်သဟဲကို တောင့်တတတ်တာ။ ဘယ်လောက်ပဲပြီးပြည့်စုံတဲ့ဘဝဖြစ်ပါစေ အပေါင်းအသင်းဆိုတာမရှိရင် ဆြီးသလိုဖျော်ထားတဲ့လက်ဖက်ရည်လိုပဲ ပေါ့ပျက်ပျက်နိုင်တယ်လို့ မင်းခင်နီးက ရှေ့စားပွဲပေါ်တင်ထားတဲ့ ကိုညိုရဲ့လက်ဖက်ရည်ခွက်ကိုကြည့်ထားတွေးတယ်။

ဈေးပေါက်ဝမှာ ဒီဆိုင်လက်ဖက်ရည် အကောင်းဆုံးပဲလေ။ သူ ထိုင်ခံလိုက်တာက အရသာမဟုတ်ဘဲ စိတ်ပျက်ဖို့ကောင်းတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လောလောဆယ်ပိုက်ဆံပြတ်နေလို့ တခြားဆိုင်မထိုင်နိုင်ဘဲ ဈေးပေါတဲ့ ဒီဆိုင်ကလက်ဖက်ရည်ပဲ သောက်နိုင်တယ်။ ပိုက်ဆံနည်းရင် ကိုညို့ဆိုင် ထိုင်ရမယ်ဆိုတာသိသလို ကိုညိုကလည်း သူလာထိုင်ပြီဆိုရင် ပိုက်ဆံပြတ်နေမှန်းသိတယ်။ အကြွေးရောင်းပေးတယ်။

ဒါပေမဲ့ပြောထားတဲ့ ရက်ကျော်သွားရင်တော့ ဆိုင်ရှေ့မှာဆိုင်းဘုတ်ကြီးထောင်ပြီး နာမည်တွေနဲ့ နေတဲ့အဆောင်၊ ယူတဲ့သူရဲ့နာမည်တွေကို ပိုက်ဆံလာမပေးမချင်း ရေးထားတတ်တယ်။

ဒီအခြေကိုကြိုမြင်တော့ သူအကြွေးလည်းမသောက်ရဲပြန်။ ဒီတော့ မတတ်နိုင် စောစောစီးစီးပိုက်ဆံချေးဖို့အတွက် သူသူအောင်တို့ဈေးအလာကို ထိုင်စောင့်နေတာလေ။

'ထွီ… တောက်… ညံ့လိုက်တဲ့လက်ဖက်ရည်'

သူလက်ဖက်ရည်ကိုမျိုချရင်း ပြန်ဖို့တက်လာလို့တွေးထုတ်လိုက်ပြီး၊ ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာလိုက်တယ်။

လက်ဖက်ရည်က တစ်ရာငါးဆယ်၊ ဆေးလိပ်က ငါးဆယ်ဆိုတော့ နှစ်ရာ။ ပဲပလာတာတစ်ပွဲက နှစ်ရာငါးဆယ်ဆိုတော့ လေးရာငါးဆယ်။ ဒီတော့ ရှိနေတဲ့ပိုက်ဆံငါးရာ ကွက်တိပြည့်သွားအောင် ဆေးလိပ်တစ်လိပ် ထပ်သောက်လို့ရသေးတယ်။

ဆိုးတော့မဆိုးဘူးလို့တွေးရင်း ဗလာဖြစ်သွားမယ့်အိတ်ကပ်ကို နှိုက်လိုက်တယ်။ ငါးယောက်ထဲကနေ ဘယ်သူ့ဆီကချေးရင်ကောင်းမလဲ စဉ်းစားတယ်။ တကယ်တော့ညကဖဲဝိုင်းမှာ မရှုံးရင်ချေးစရာမလို ဒါပေမဲ့ ညကခွက်ခွက်လန်အောင်ရှုံးတယ်၊ ဒီတော့ချေးမှရမှာ။

သိမ်ဖြူကဘကြီးဆီမှာ ပိုက်ဆံပို့ထားတာရှိပေမယ့် သွားမထုတ်ချင် သေးဘူး။ သူလည်းသူတို့နယ်တစ်ဝိုက်မှာ ပိုင်ဆိုင်မှုတွေတော်တော်ကြီးမှိုင်းတဲ့ သူဌေးသား။ ဒီတော့ပိုက်ဆံအလွန်ဖြုန်းတာ။ ဒါပေမဲ့ ဟိုမှာဖြုန်းတာထက်





လက်ဖြန့်တောင်းလို့ရတယ်။ ဒီမှာဖြုန်းတာက တောင်းချင်ရင်တောင် ချက်ချင်းမရ။

အမေဖြစ်သူကတော့ သိမ်ဖြူကဘကြီးဆီ ယူသုံးလို့ရတယ်တဲ့။ ဘကြီးက အမေ့အစ်ကိုဖြစ်ပြီး အားကြီးစည်းကမ်းကြီးလို့ သူ့အိမ်မှာတောင်မနေဘဲအဆောင်မှာနေတာ။ ပိုက်ဆံသွားတောင်းရင်လည်း ပေးတာနဲ့ကာမိအောင် သူ့ကိုဆုံးမပေဦးမှာ။

ဒီတော့သူသူအောင်ဆီက ဒါမှမဟုတ် မေမျိုးဆီကချေးဖို့ စဉ်းစားတယ်။ ငါးယောက်လုံးကလည်း သူဌေးသမီးတွေချည်းပဲ ဒါပေမဲ့ မိန်းမတောင်းပီသစွာ လက်ပေါက်စေးတယ်။

သူသူအောင်ကလွဲပြီး ကျန်လေးယောက်လုံးဆီကနေ တစ်ခါစီချေးဖို့ ကြံတယ်။ ပထမဆုံးမေမျိုးဆီကနေချေး ပြီးရင်ကျန်လူတွေကိုမပြောနိုင်းဘဲ မှတ်ဝိတ်ထားရမယ်လို့ ကြံတယ်။မျှော်နေတဲ့ကောင်မလေးတွေက ရောက်မလာဘဲ ဗလကြီးတို့လေးယောက်ရောက်လာလို့ စိတ်ပျက်သွားတယ်။

'ရှင်းမယ်ဟေ့… ညီလေး'

ငါးရာဖိုးကိုယူပိုက်ဆံငါးရာကိုကပျာကယာရှင်းပြီး ရုပ်တည်နဲ့နေလိုက်တယ်။ ဒီလိုပါးထားမှတန်ကာကျမယ် အခုနောက်ပိုင်း သူပါးတာကို အလွန့်ပါအောင် အကျီလုံချည်တောင် ပါးပါးပဲဝတ်တာ။

'မင်းကွာ… ငါတို့ကိုတောင် မစောင့်ဘူး'

ဗလကြီးရဲ့အပြစ်တင်စကား။ မင်းမင်းစိုးကအကြဲနဲ့မို့ ရေအမြန်ချိုးပြီး ထွက်ခဲ့ခြင်းပင်။ ဒါပေမဲ့ရုပ်တည်နဲ့လိမ့်တယ်။

'မင်းတို့ကကြာနေတာကိုကွ စိတ်မရှည်လို့ထွက်လာတာ'

'ထားပါ…ငါညကနိုင်တဲ့အတွက် မင်းတို့ကိုကျွေးမလို့ အခုတော့ ကြာစားပြီးနေပြီကို၊ ပိုက်ဆံရှင်းတာငါမြင်လိုက်တယ်၊ စိတ်မကောင်းပါဘူး ကွာ တဲဟဲ'



www.burmeseclassic.com

www.burmeseclassic.com



'အင်…'

လူပါးပုလင်းထိလေပြီ။ မင်းမင်းစိုးမျက်နှာမဲ့သွားကာ မခံချိမခံသာနဲ့ပြောတယ်။

'အဲဒါအဆာပြေကွ… ငါမိုက်မပြည့်သေးဘူး ဒီတော့ငါထပ်မှာလိုက်ဦးမယ်'

ပြောပေမယ့် ဗလကြီးကပြုံးလိုက်တယ်။

'ရပါတယ်ကွာ… မင်းတို့ပိုက်ဆံနဲ့မင်းတို့ကိုကျွေးရတာ ကိစ္စမရှိပါဘူးကွာ ဟဲဟဲဟဲ'

ဒီစကားကြားတော့ မင်းမင်းစိုးနဲ့အတူ မှင်စာတို့သုံးယောက်ပါ ဗလကြီးကို မြင်ပြင်းကတ်သွားကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ် ညကဗလကြီးကို ကျန်လေးယောက်က သုံးထောင်စီလောက် ကန်တော့လိုက်ရတယ်လေ။

'ဟွန်း… နိုင်တုန်းတော့ ပြောထားဦးပေါ့ကွာ'

'ဟော့ကောင်… မင်းမင်းစိုးတို့က ရှုံးလည်းပြုံးပြုံးပဲနော်၊ အေး… မင်းအလှည့်ကျမမဲ့နဲ့'

'ဖိုးပြုံးပြောတာဟုတ်တယ် မင်းရှုံးတုန်းက မျက်နှာနာကြီးနဲ့ သေမလိုပဲ'

မင်းမင်းစိုးတို့က နိုင်ကျွဲကနောက်မှာသဘောနဲ့ ရှုံးမဲမဲပြီးပြောပေမယ့် ဗလကြီးက သွားဖြဲကြီးနဲ့ပဲ။

'မင်းတို့ဘယ်လိုပဲပြောပြော လောလောဆယ် ငါ့ကိုမလှန်နိုင်ပါဘူးကွာ ဟဲဟဲဟဲ'

'အေးပါ… ဒီညတွေ့ပြီမှတ်'

နောက်နေ့တနင်္ဂနွေနေ့မို့ ညလုံးပေါက်လည်း ကိစ္စမရှိ။ လောလောဆယ်လို တာကငွေ။ဒီငွေမရှိရင်ညကျ ဘေးထိုင်ဘိုင်ကျပြီးဘုစကားပြောကာ ဖဲမီးလှုံနေရတော့မည်။





မကျေပွဲနဲ့ဖို့ အဓိကကျတာက မေမျိုးတို့။ ဒါပေမဲ့အခုချိန်ထိအရိပ်အယောင်ကမတွေ့ရ။ အဆောင်သွားဖို့လည်း မသင့်တော်၊ ကောင်မလေးတွေ အမေမျိုးနဲ့သူ့ကိုတစ်မျိုးမြင်ကြမှာ အမြင်မှားတာနဲ့တပြိုင်နက်အထင်ပါလွဲမှာ။

ဗလကြီးတဟဲဟဲနဲ့ စကားပြောရင်းစားနေတာကလွဲလို့ ကျန်လေးယောက်ကတော့ သူ့အတွေးနဲ့သူငြိမ်ပြီး အစားသာစားနေကြတော့တာ။

'ဖိုးပြုံး… မင်းဘယ်သူ့ကိုလိုက်နေတာလဲ'

'သူသူအောင်ကိုပေါ့… ငါကသူ့မေးစေ့က မှဲ့လေးကိုချစ်တာ'

မှင်စာရဲ့အမေးကို မင်းမင်းစိုးကဖြေပြီး ကွန်ဖြူးသန့်က…

'ဒါဆို သူ့ဆီမှာမှဲ့မရှိရင် မင်းကမချစ်တော့ဘူးပေါ့'

ရွဲ့မေးတယ်။ မင်းမင်းစိုးက မနာဘဲ ပြုံးတယ်။

'ဘာလဲ… မင်းက မှဲ့ကိုဖြုတ်ခိုင်းမလို့လား'

'မဟုတ်ပါဘူး ငါကမေးကြည့်တာ'

'မှတ်ထားကွန်ဖြူးသန့်… ကောင်မလေးတစ်ယောက်စီမှာ စွဲမက်စရာတစ်ခုခုရှိနေသလို ချွင်းချက်တစ်ခုခုလည်းရှိကြတာပဲ…အေး…ဒါကိုသိရင်ကောင်မလေးတွေကို မင်းချစ်တတ်လာမှာပဲ'

မင်းမင်းစိုးက မကျမ်းကျေနေပုံနဲ့ပြောလို့ ကျန်လူတွေမဲ့ရွဲ့သွားကြတယ်။ ဘုရားလူကြီးက မျက်နှာကိုအတည်ငြိမ်ဆုံးအနေအထားကိုပြင်ပြီး သံကလည်း တကယ့်ကို အအေးဆုံးလေသံနဲ့…

'တကယ့်တရားသဘောနဲ့ကြည့်ရင် ဒီလိုလှတာဟာ… စပါးစေ့တွေ မင်းတို့မြင်ဖူးတယ်မဟုတ်လား… အေး… အဲဒီတစ်ထောက်စာလေးကိုဖယ်လိုက်ရင် အပုပ်ကောင်ကရုပ်ဆောင်တယ်ဆိုတာ မြင်လာလိမ့်မယ်… ကြည့်ကြည့်စမ်းပါ…အရိုးအရွဲတွေချည်းပဲ၊ မသတ်စရာတွေနဲ့ပြည့်နှက်နေတဲ့ ကိုယ်ကို မြင်ယောင်ကြည့်လိုက်ကြစမ်းပါ သူငယ်ချင်းတို့ရာ'

'အာ…လခွီးတဲ့… ဒီမှာစားသောက်နေကြတာကွ ဘာတွေမဟုတ်မဟုတ်ကတွေပြောနေလဲ'



www.burmeseclassic.com

www.burmeseclassic.com



မှင်စာက စားထားတာတွေ ထွေးထုတ်ပစ်တော့မယ့်ပုံစံနဲ့ပြော တယ်။ ဘုရားလူကြီး လေသံနည်းနည်းပျော့သွားတယ်။

'ဆောရီးကွာ…အဟီး…မင်းတို့တရားသဘောနဲ့ ဆင်ခြင်တတ်ရင် မိန်းမဆိုတာ ဘာမှမက်စရာမရှိဘူးဆိုတာကို ပေါ်လွင်အောင်ဥပမာပေးပြတာ ပါ'

'အေး…မင်းပဲပြောတာနော်…မင်းမိန်းမယူတဲ့နေ့ကျရင် မင်းမိန်းမ နားမကပ်ရဘူး… ငါတို့လာခွဲမယ်'

'အဟီးဟီး… မင်းကလဲ…ဘုရားကဟောထားတယ် လူ့ရယ်လို့ ဖြစ်လာရင် အိမ်ထောင်တော့ပြုကိုပြုရမယ်တဲ့ဒါမှလူပီသတာလေ၊ငါကတရား မပေါက်သေးတော့လည်း… ဟဲ…ဟဲ'

'တော်ကွာ…ပြောလိုက်ရင်ကြီးကြီးတွေ သူလည်းပြောသလိုလိုက် လုပ်နိုင်တာမဟုတ်ဘဲနဲ့ မင်းဟာတစ်ဖြည်းဖြည်း ဘုရားလူကြီးဆိုတဲ့နာမည်နဲ့ ပိုလိုက်လာပြီ'

'ဘာဖြစ်လို့လဲ'

'အပြောတစ်မျိုး အလုပ်တစ်မျိုးမို့လေ'

လေးယောက်သား ဘုရားလူကြီးကိုဝိုင်းနှိပ်ကွပ်ရင်း လျှောက်ရယ် လိုက်ကြတယ်။ ဒီအချိန်မှာပဲ ဦးကျော်ကြီးနဲ့ဒေါ်လှကြီး ဈေးအတူတူ လာဝယ်တာ တွေ့ရတယ်။

'ဟိုလူကြီးတွေတောင် အဆင်ပြေနေပြီကွ'

'အဲဒါကောင်းတယ် သူတို့အဆောင်နဲ့ ငါတို့အဆောင်ပေါင်းထား မယ်နဲ့တူတယ်'

သူလိုရာသူဆွဲပြောတဲ့ မှင်စာရဲ့စကားကို ဘယ်သူမှမထောက်ခံပြ ပေမယ့် တကယ်ဖြစ်လာရင် ကောင်းမယ်လို့တွေးနေကြတယ်။

'ဟော… ဟိုကောင်မလေးတွေ လာကြပြီကွ…အဟီး'





သူသူအောင်တို့ငါးယောက်ကိုတွေ့တော့ ဘုရားလူကြီး ကုန်းကုန်း ကွကွဖြစ်သွားတယ်။ သူက စန္ဒာကိုသဘောကျနေတာလေ။ ကျန်လေး ယောက်က သူ့ကိုမျက်စောင်းဝိုင်းထိုးကြတယ်။

'ပြောတော့ အရိုအချွဲတွေချည်းပဲဆို'

'အေးလေ… အခုတော့လည်း အပုတ်ကောင်မြင်တဲ့ကျီးကန်လိုပဲ'

'အာ… မင်းတို့ကလည်းကွာ၊ဟဲဟဲ…သူ့ကိုတော့ အပုတ်ကောင် နဲ့မနှိုင်းစမ်းပါနဲ့ကွာ… အလန်းဖယားစစ်စစ်လေးပါ'

ဘုရားလူကြီးက တဟဲဟဲရယ်ရင်း စန္ဒာကိုကြည့်နေပြန်တယ်။ မင်းမင်းစိုးက ဈေးဝရှေ့သွားကြိုစောင့်တယ်။ ဒီကောင်မလေးတွေနဲ့ပတ်သက် ပြီး ကျန်လေးယောက်က သူ့ကိုဖားလျှားနေရတာလေ။ ဘာပဲပြောပြော မင်းမင်းစိုးနဲ့စခင်တာကိုး။

မင်းမင်းစိုးကိုတွေ့တော့ သူသူအောင်ကို ကျန်လေးယောက်က နောက်လာကြတယ်။ ဒါပေမဲ့မင်းမင်းစိုးကလောလောဆယ် သူသူအောင်ကို စိတ်ဝင်စားဘဲ ပိုက်ဆံကိုသာစိတ်ဝင်စားတယ်။ သူသူအောင်ဆီကချေးရင် အထင်သေးမှာလည်းကြောက်တယ်။

'ဟဲ့… နင်ဘယ်သူ့ကိုလာစောင့်နေတာလဲ မင်းမင်း'

ဝါဝါလှိုင်က သူသူအောင်ကို မျက်စပစ်ရင်းမေးတော့ မင်းမင်းစိုး က ဟီးခနဲရယ်ရင်း မေမျိုးကို လက်ညှိုးထိုးပြတယ်။

'အဟဲ… သူ့ကို'

သူသူအောင်ကစပြီး မေမျိုးအဆုံး ပါးစပ်လေးတွေဟောင်းလောင်း ဖြစ်သွားကြတယ်။မင်းမင်းစိုးက သူတို့အမူအယာကိုစိတ်မဝင်စားဘဲ မေမျိုးကို ဆွဲခေါ်ပြီးလူရှင်းတဲ့နေရာကိုသွားတယ်။

သူသူအောင်မျက်နှာကြီးပုတ်သိုးပြီး ဈေးထဲခြေဆောင့်ဝင်သွားလို့ ကျန်လူတွေတစ်ယောက်နဲ့တစ်ယောက်ကြည့်တယ်။ ဝါဝါလှိုင်က…



www.burmeseclassic.com

www.burmeseclassic.com


'မေမျိုး… ငါတို့သွားနှင့်ပြီ'

လှမ်းအော်ပြီး သူသူအောင့်နောက်ကိုလိုက်သွားတယ်။ မေမျိုးရုပ် ကန်းကန်း အန်းတန်းတန်းနဲ့ မင်းမင်းစိုးကိုမော့ကြည့်တယ်။

'ဘာလဲ'

'အဟဲ… ဟိုဟာလေ… ဟဲဟဲဟဲ'

မင်းမင်းစိုးက ပြောရမှာအားနာလို့ ပုဆိုးကိုတစ်ချက်မပြီး ခေါင်း ကုတ်လိုက်တယ်။ မေမျိုးကတော့ လူကြားထဲရည်းစားစကားပြောမယ် ထင်ပြီး ထူပူနေတယ်။

'ငါပြောရတာတော်တော်ခက်နေလို့ နောက်ပြီး တခြားဘယ်သူ့ကို မှမပြောပါနဲ့နော်… ဒီလိုဟ… အဟမ်း'

မင်းမင်းစိုးတစ်ခါမှ ပိုက်ဆံမချေးဖူးတော့ မျက်နှာပူပူနဲ့ မေမျိုးကို မဝံ့မရဲကြည့်ပြီး…

'မေမျိုး'

ခေါ်တော့ မေမျိုးကလည်း မရဲတရဲမော့ကြည့်တယ်။

'ဘာလဲဟဲ့'

'ငါ့ကို ပိုက်ဆံသုံးသောင်းလောက် ချေးစမ်းပါဟာ'

'ဘာ'

မေမျိုးမျက်စိရှေ့ အသံပါအကျယ်ကြီးဖြစ်သွားလို့ မင်းမင်းစိုး ကပျာကယာ ပြောတယ်။

'လုပ်ပါဟာ… ငါ့မှာခုတစ်ပြားမှမရှိတော့လို့ စိတ်ချ… နင့်ပိုက်ဆံ မဆုံးစေရဘူး၊ ငါပိုက်ဆံမှာထားတယ်'

'မဟုတ်ပါဘူး ငါနင့်ကိုယုံပါတယ်၊ လောလောဆယ်ပါမလာဘူး နေ့လည်ကျမှ ဦးကျော်ကြီးအဲဒီကိုလာရင် ပေးလိုက်မယ်'

'အေးပါဟာ… နင့်ကျေးဇူးငါတကယ်မမေ့ပါဘူး၊ နင်ဦးကျော်ကြီး ကိုပေးဖို့မမေ့နဲ့နော်'



'အေးပါ… ဒါပဲဆို ငါသွားတော့မယ်'

'အေး…အေး'

တုန့်နှေးနှေးနဲ့လှည့်ထွက်သွားတဲ့ မေမျိုးကိုကြည့်ပြီး မင်းမင်းစိုးက အော်ပြောတယ်။

'ဟဲ့… ဒီကိစ္စဘယ်သူ့ကိုမှမပြောနဲ့နော်… သိလား'

မေမျိုးက ခေါင်းသွက်သွက်ညိတ်ရင်းဈေးထဲဝင်သွားတယ်။ အခုမှ မင်းမင်းစိုး ရင်ထဲကအလုံးကြီးကျသွားတယ်။ လက်ဖက်ရည်ဆိုင်ပြန် ရောက်တော့ ဗလကြီးက…

'မင်းပြောတော့ သူသူအောင်ဆို'

မင်းမင်းစိုးက ဘာမှမပြောဘဲ ပြုံးနေတယ်။ ပိုက်ဆံချေးတယ်ဆို တာမပြောချင်ပါ။

'ဗလကြီး… ဝါဝါလှိုင်က အပြန်ဆန်အိတ်ထမ်းပေးဦးတဲ့'

'တကယ်လား… ဟီး… ပျော်စရာကြီး'

ဗလကြီးမျက်လုံးထဲမှာ ဆန်အိတ်ကိုမမြင်ဘဲ ဝါဝါလှိုင်ကိုမြင်နေ တယ်။

၉

သူသူအောင်ဈေးကပြန်လာကတည်းက မြင်သမျှတွေ့သမျှအားလုံး သဘောမကျဖြစ်နေတယ်။ အာလူးတွေကို ဓါးနဲ့ထိုင်ခွာရင်း ဘယ်သူ့ကို ဆိုးနေမှန်းမသိပါ။ ကျန်တဲ့သုံးယောက်က ထမင်းအိုးတည်သူတည်၊ သီးထောင်းသူထောင်းနဲ့လုပ်နေကြပြီး တစ်ယောက်နဲ့တစ်ယောက်ကွက် ကြည့်ကွက်ကြည့်လုပ်နေကြတယ်။

မင်းမင်းစိုးက သူ့ကိုဦးတည်နေသလိုနဲ့မေမျိုးဘက်ပါသွားပြီလား

www.burmeseclassic.com



လို့မသက်မသာတွေးနေတယ်။ ပြီးတော့ မဖြစ်နိုင်ဘူးလို့လည်း တွေးမိ
တယ်။ မမျိုးကိုရည်းစားစကားပြောချင်ရင် ကျောင်းမှာပြောလို့ရတာ

အခုမှတကူးတကကြီးပြောစရာမလို ဘာအကြောင်းများလဲဆိုတာ
တွေးမရ။ အဲတိုတာကတိုတာ အချင်းချင်းက အချင်းချင်းပဲလေ။ မနေနိုင်
အဆုံး သူကစပြောလိုက်တယ်။

'မမျိုးကို မင်းမင်းဘာတွေပြောလဲမသိဘူးနော်'

'ရည်းစားစကားနေမှာပေါ့'

စန္ဒာကဝင်ပြောပြီး ဖြူပြာကခေါင်းရမ်းတယ်။

'မဖြစ်နိုင်ဘူး… ငါထင်တာက မမျိုးကိုမင်းမင်းက အောင်သွယ်
နိုင်းတာလားမှ မသိဘဲ'

'ဒါဆို… မမျိုးက ပျာပျာပျာပျာနဲ့ ဦးကျော်ကြီးဆီဘာသွားလုပ်
တာလဲ၊ တော်ကြာကျရင် ဦးကျော်ကြီးကဒေါ်လှကြီးဆီကိုသွားမှာ'

'အေး… ဒါလည်းဟုတ်တာပဲ'

ဝါဝါလှိုင်ရဲ့အပြောကို ဖြူပြာကပဲ ထောက်ခံလိုက်ပြန်တယ်
ပြောနေတုန်းပဲ မမျိုးအခန်းထဲရောက်လာလို့ ဝိုင်းကြည့်ကြတယ်။ နီးကြော
နီးဝက်ဖြစ်နေတဲ့ မမျိုးက မလုံမလဲနဲ့ ဟီးခနဲရယ်တယ်။ ပြီးမှ
တစ်လက်နဲ့ ကြက်သွန်နီခွာနေပြန်တယ်။

ဝါဝါအောင်ကစန္ဒာကိုကြည့်ပြီး၊ စန္ဒာကဖြူပြာကိုကြည့်တယ်။ ပြီး
သုံးယောက်သား သူသူအောင်ကို ဝိုင်းကြည့်ကြပြန်တယ်။ သူသူအောင်
သူတို့ ကိုလှည့်ကြည့်တော့ မျက်နှာလွဲသွားကြပြန်တယ်။ မမျိုးသူကလည်း
သူတို့လေးယောက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်ပြီးခေါင်းကို ကပျာကယာ
ငုံ့လိုက်တယ်။

ဒါနဲ့ပဲအခန်းထဲမှာ ငါးယောက်သားချာကလည်ရိုက်နေကြတယ်
ဖြူပြာက ပုဇွန်ခြောက်မှုန့်တွေကိုရေစိမ်နေပြီး၊ စန္ဒာကချဉ်ပေါင်ရွက်ကိုချွေ



တယ်။ တစ်ပတ်စာအတွက် ငါးခြောက်မှုန့်၊ ပုဇွန်ခြောက်နဲ့ချဉ်ပေါင်ရွက်ကို
ကြော်ပြီး ဖန်ဗူးထဲထည့်ထားမယ်။

နောက်ငါးပိနည်းနည်းနဲ့ငါးအကောင် သေးသေးလေးတွေကိုစင်း
ကြော်ပြီး ဗူးထဲ ထည့်ထားမယ်၊ ဒါက ဟင်းအခြောက်။ ဘယ်သူဖြစ်ဖြစ်
မချက်နိုင်တဲ့နေ့ဆို ဒါနဲ့စားလို့ဖြစ်တယ်။

နေ့တိုင်းချက်စားလို့ရတဲ့ အာလူး၊ ဘဲဥနဲ့ငါးသေတ္တာသုံးလေးဗူးက
လို့ ကျန်တာအသီးအရွက်ချည်းပဲ။ မမျိုးသူက ဘာမှမဆိုင်တဲ့စကားကို
လိုက်ပြန်တယ်။ကျန်ကောင်မလေးတွေ မျှော်လင့်နေတဲ့စကားနဲ့အလွဲကြီး။

'မိဝါ… ဒီနေ့ဘာဟင်းချက်စားမှာလဲ… ဘာဝယ်ခဲ့လဲ'

'ဟင်…သြော်… ဒီနေ့တော့ အသည်းအမြစ်ကြော်မယ်၊ အာလူးနဲ့
သလွန်သီးအချဉ်ချက်မယ်၊ ဒညင်းသီးပြုတ်တို့ရယ်လေ'

ကြားချင်တာကတလွဲ ပြောတာကတလွဲဆိုတော့ ခဏကြောင်သွား
ဝါဝါလှိုင်က ပြန်ဖြေတယ်။ ဒီတော့မှ ကောင်မလေးတွေဟာ သူတို့
ထဲက တအုံ့နွေးနွေးကိုမေ့ထားလိုက်ပြီး အစားဘက်မြားဦးလှည့်လိုက်ကြ
။ မမျိုးက…

'အေးဟာ… အခုမနက်ဈေးထဲက မုန့်ဟင်းခါးနှစ်ပွဲဆက်စားလာ
တောင် ဗိုက်ကဆာနေပြန်ပြီ'

ပြောတော့ သူသူအောင်တို့က မျက်စောင်းဝိုင်းထိုးလိုက်လို့ ဟီးခနဲ
တယ်။ စန္ဒာက…

'လူမှာနံပိန် ကျွဲမှာချိုလိမ်ဆိုတာဟုတ်တယ်၊ နင်ဟာလေ ပိန်သ
တစ်စားလုံးကကြီးမှုကြီး'

လို့ပြောတော့ မမျိုးက ပြန်ပက်တယ်။

'အောင်မာ နင်ကရောဘာထူးလဲ၊ အသုပ်နှစ်ပွဲကိုအာသာပြေလို့
ရည်သုံးပွဲတောင် တောင်းသောက်တာလေ'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး...အသုပ်ကနည်းနည်းလေးလို့ပါဟယ်။ပြီးတော့ ဟင်းရည်
ကလည်းသောက်လို့ကောင်းလို့ပါ'

'တော်ပါအစားပုတ်မတွေရဲ့ နင်တို့နဲ့ဆိုတယ်နေရာစားစားအ...
ကွဲတယ်။ ကင်တင်းထဲမှာထိုင်လည်း အလကားရတဲ့ရေခဲရေကို တစ်ဖြုန်...
တောင်းသောက်၊ ပေးချင်မှန်းမသိ မပေးချင်မှန်းမသိ အတင်းတောင်းသော...
ဝဘ ရှက်လိုက်တာအရမ်းပဲ'

ဝါဝါလှိုင်ကပြောပြီး ဖြူပြာနဲ့သူသူအောင်က ရယ်တယ်။ မေမျိုး...
ရှက်ဖြီးဖြီးနဲ့...

'အဟီး... နေကပူတာကိုးဟ'

ဆင်ခြေပေးတယ်။ သူသူအောင်က ခစ်ခနဲရယ်ပြီးပြောပြန်တယ်

'အေးနော်...တို့ထိုင်တဲ့ဆိုင်ကတော့ ငါတို့ကိုလာစေချင်မှာမဟုတ်...
ဘူး၊ အအေးလေးနှစ်ခွက်လောက်မှာ... တစ်ခါတစ်လေမှဆီချက်လေးစား...
တောင်းလိုက်တဲ့တစ်ရှူး၊ တောင်းလိုက်တဲ့ကုန်းဆင်း(ရေခဲရေ) အအေး...
မိဝါပြောသလိုပဲ... ရှက်လာပြီ'

'ဘာဖြစ်လဲ... တစ်ချို့ဆိုတစ်နေကုန်ထိုင်ကြတာ မှင်စာတို့...
အအေးတစ်ခွက်လောက်နဲ့တစ်နေကုန်ပဲ၊ ဗလကြီးရော ဘာထူးလဲ'

ဖြူပြာစကားထဲ ဗလကြီးပါလာလို့ မိဝါကမျက်စောင်းသိသိသာ...
သာထိုးတော့ ကျန်လေးယောက် ဟီးခနဲရယ်လိုက်ကြတယ်။

'ဘာဗလကြီးလည်း... သူကတစ်ခါတစ်လေပါဟယ်၊အခုနင်တို့
ထမင်းသက်တောင့်သက်သာစားနေတာ သူဆန်အိတ်သယ်သယ်ပေးနေလို့
နော်... ဟွန်း... ကျေးဇူးမကန်းနဲ့'

'အေးပါဟယ်... ငါတို့ကစတာပါ...အဟီး...ငါတစ်ခုပြောစရာ
ရှိသေးတယ်ဟသိလား နင်တို့လည်း လက်ခံမယ်ထင်တယ်'

မေမျိုးကစကားစခင်းပြန်တော့ လေးယောက်သား မင်းမင်း...
အကြောင်းများလားလို့ စိတ်ဝင်စားသွားကြတယ်။





ဒါပေမဲ့...

'ငါတို့တစ်ပတ်မှာ အသားဟင်းစားရတာ နှစ်ခါတည်းဆိုတော့
နည်းဘူးလား၊ သုံးရက်လောက်စားကြမယ်လေဟာ မကောင်းဘူးလား'

'ဟာ... အဲ့ဒါကောင်းတယ် သိလား... ငါလက်ခံတယ်'

အစားပုတ်မရဲ့စကားကို အစားပုတ်မစန္ဒာက ချက်ချင်းထောက်ခံ
ခဲတစ်မဲပေးပြီး ကျန်သုံးယောက်က တစ်ခဏစဉ်းစားတယ်။ မေမျိုးက
သူ့ဘက်ပါအောင် အတင်းဖိအားပေးပြန်တယ်။

'နင်တို့ပဲစဉ်းစားကြည့် ကြက်သားစားမယ်ဆိုတော့လည်း...ဟဲ့...
ကြက်တုပ်ကွေးကဆိုးတယ် ဗီတာမင်အေပါတဲ့ကန်စွန်းရွက်ပဲ စားတာကောင်း
တယ်၊ တစ်ခါဝက်သားကျပြန်တော့လည်း ဝက်တုပ်ကွေးကဆိုးတယ် ဗီတာ
မင်စီပါတဲ့ ချဉ်ပေါင်ရွက်ကပိုမကောင်းဘူးလား၊ဒါနဲ့ပဲ ငါတို့ဗိုက်ထဲမှာလည်း
ချဉ်ပေါင်နဲ့ကန်စွန်းရွက်ခင်းတောင် ပေါက်နေပြီထင်ရတယ်'

'ဟုတ်တယ်... ဟုတ်တယ်... အသီးအရွက်ချည်းစားရတော့
လည်းဗိုက်ကမကောင်းတတ်ဘူးဟဲ့'

ကျန်သုံးယောက်က သူတို့နှစ်ယောက်ကို အမြင်ကတ်သွားကြ
တယ်။ ဒါပေမဲ့ ပြောတာလည်းဟုတ်နေတော့ လောလောဆယ်အိုးသူကြီး
ဖြစ်နေတဲ့ ဝါဝါလှိုင်က ပြောတယ်။

'ဟုတ်ပါတယ်... ငါတို့ကတခြားသုံးစရာစားစရာဖြုန်းစရာလည်း
မရှိပါဘူးလေ၊ သုံးရက်အသားဟင်းစားကြတာပေါ့'

'ဟေး'

မေမျိုးနဲ့စန္ဒာလက်ဝါးရိုက်ပြီး ကလေးတွေလိုခုန်ပေါက်ပျော်နေကြ
တယ်။ သူသူအောင်လည်း စိတ်ထဲမှာအစိုင်အခဲတွေမရှိတော့ပါ။ ...
ပါးပါးဘဝလေးတွေထဲကို လေးလေးပင်ပင်အတွေးမျိုးတွေ မဝင်စေချင်တော့
ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ကောင်မတွေ… အရမ်းနန့်မနေကြနဲ့ ကြမ်းကျွံကျကုန်မှ အဆောင်ကမောင်းထုတ်ခံနေရမယ်'

ဖြူပြာရဲ့ခပ်ငေါက်ငေါက်စကားအဆုံးမှာပဲ…

'ဟယ်… ထမင်းအိုးတူးပြီတော့'

ဆိုတဲ့ ဝါဝါလှိုင်ရဲ့စကားသံကို ကြားလိုက်ရတယ်။

✠



## အခန်း(၈)

ဒီညတော့ ကြွေတစ်လုံးကြွက်တစ်ခုန်ဆိုသလို မင်းမင်းထွန်းနဲ့ ထွန်းဖြူးသန့်ကပြန်နိုင်နေပြီး ဗလကြီးအတော်ကုန်နေပြီ။ မင်စာနဲ့ဘုရားလူကြီး ထည်းနည်းနည်းပြန်နိုင်ထားတော့ ထုံးစံအတိုင်းဗလကြီးရဲ့မျက်နှာမှာနေတော့ တာ။

သူတို့ကျိတ်ဝိုင်းက ညည့်နက်လေလေပိုမြိုင်လာလေပဲ။ ဒါပေမဲ့ည (၁)နာရီထိုးတော့ ဝိုင်းကအလိုလိုရပ်သွားတယ်။

ရပ်သွားတာက ဦးကျော်ကြီးကို အချိန်မတော် ခြံထဲဝင်လာတာ တွေ့လိုက်ကြလို့။ ဖြစ်ချင်တော့ ဗလကြီးက ကွမ်းတံတွေးတွေထည့်ထားတဲ့ ဘီတ်ကို ဝရန်တာကနေထွက်ပြီး ခြံစည်းရိုးကျော်အောင် ပစ်ထုတ်လိုက်တယ်။ နောက်… အထဲဝင်ခါနီးကျမှ ခြံရဲ့နံဘေးမှာ လူရိပ်တစ်ခုကိုတွေ့ရပြီး ရှုနိုးထင်သွားတယ်။

ဒါပေမဲ့ ခြံထဲရောက်မှ ဦးကျော်ကြီးမှန်းသိပြီး ဝါးယောက်သား ဝိုင်းရပ်သွားတယ်။ ကျိတ်တိုင်ပင်လိုက်ကြတယ်။

'ဒီလူကြီးနေ့နေ့ညညလာလာနေတာ ချောင်းပေါက်တော့မယ်'

'အဲဒါမင်းမြှောက်ပေးတာလေ'

'အပေါ်း… ငါက ပါးအတီးခံရအောင် မြှောက်ပေးတာ၊ သူတို့အ အဆင်ပြေသွားကြတာကိုးကွ'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ ပေါင်းပေးလိုက်ကြရင် ကောင်းမယ်ထင်တယ်'

မှင်စာကပြောတော့ မျက်စောင်းဝိုင်းထိုးကြတယ်။

'မင်းရူးနေလား… ငါတို့က သူတို့မိဘတွေမှမဟုတ်ဘဲ'

'ဗလကြီးပြောတာ ဟုတ်တယ်၊ ငါတို့က ဘယ်လိုပေးစားမှာလဲ။ ဟုတ်မှလည်းလုပ်ပါ'

ဘုရားလူကြီးစကားဆုံးတော့ မှင်စာကပြုံးတယ်။

'စဉ်းစားကြည့်ရင် ငါတို့ဘက်က ခေါ်လှကြီးရှုံးတယ်ကွ၊ အစုည ဘက်ပါလာတယ်ဆိုတော့ အခြေအနေကငိုးပြတ်ရှုံးဖို့ဖြစ်လာပြီ၊ ဒီတော့ငါတို့ လုပ်စရာတစ်ခုပဲရှိတယ်'

'ဟုတ်တယ်… မှင်စာပြောသလိုဆို ဦးကျော်ကြီးအပျော်ကြီးရင် ခေါ်လှကြီးကျန်ခဲ့မယ်၊ ဒီတော့… ငါတို့ဒီလိုလုပ်မယ်၊ငါ့နားလာကြပြောဖြ မယ်'

လေးယောက်သား မင်းမင်းစိုးနားကပ်သွားကြတော့တာ။

☺

အောက်ထပ်ဧည့်ခန်းထဲမှာ ခေါ်လှကြီးနဲ့ဦးကျော်ကြီးကပ်ထိုင်ရင်း ကြည်နူးနေကြတယ်။ အချစ်နဲ့အရသာကိုအသက်ကြီးမှ ထိထိမိမိခံစားမိကြ တော့ မိုးရောငေ ါပါမမြင်ကြဘူး။

'နေပါဦး… နေ့ခင်းကကျော်လာတော့ ဟိုပြူးတူးတူးအကောင်က သူ့လင်မြင်တဲ့အတိုင်း ဝမ်းသာအားရပြေးဖက်တယ်။ သူက အခြောက်လား ကျော်နော် ဘာမဟုတ်တာတွေလုပ်နေလဲ'

'အာ… သူကပြေးဖက်မှာပေါ့ အဆောင်ကသူ့ကောင်မလေးက ကျော်နဲ့ပိုက်ဆံထည့်ပေးလိုက်တာကို အလှကလည်း ကိုယ်က ယောက်ျား အချင်းချင်းဖြစ်စရာလားလို့… ဟဲဟဲ… အလှရှိတာပဲ'





ဦးကျော်ကြီး စကားပြောရင်းဝိုက်ကပ်သွားတယ်။ ခေါ်လှကြီးက အခုမှစိတ်ကျေနပ်သွားပြီး ပြုံးလိုက်တယ်။

'မဟုတ်ရင်လည်းပြီးတာပဲ အလှကစိတ်တူသဘောတူတဲ့လူတွေဆို သိပ်မုန်းတာနော်'

'အလှကလည်း… ဟုတ်ပါဘူးဆို…ဟင်'

ဦးကျော်ကြီးက ဗိုက်ဖောင်းဖောင်းကြီးကိုမှအားမနာဘဲ ရွဲ့နေတယ်။ ဒီတုန်းမှာပဲ စေ့ရုံပဲစေ့ထားတဲ့ အိမ်တံခါးမကြီးက…

'ကျွီ… အီ…အီ'

လေမတိုက်ဘဲ တဖြည်းဖြည်းပွင့်သွားလို့ သရဲကြောက်တဲ့ ခေါ်လှ ကြီးမျက်လုံး ပန်းကန်ပြားနီးနီးပြူးပြီး ဦးကျော်ကြီးကိုဖပ်ခနဲဖက်ထည့် လိုက်တယ်။

'သ… သရဲ…လား…မသိဘူး'

ဦးကျော်ကြီးက တံခါးကိုကြည့်ပြီးပြုံးလိုက်တယ်။ လေတိုက်လို့ ပွင့်တယ်ထင်ပြီးအကြံကြီးကြံကာ ခေါ်လှကြီးကိုဖက်တယ်။

'ဟုတ်တယ် အလှရဲ့…ဖြူဖြူကြီး…အကြီးကြီးပဲ မကြည့်နဲ့'

'ဟင်… ဟုတ်လား… အံမယ်လေး'

'ဟုတ်တယ် … အရပ်ကလည်းအရှည်ကြီးပဲ မျက်နှာကညည်းပြီး လက်ကလေးဘက်…ဟော…အထဲ…အထဲဝင်လာပြီ'

'အံမယ်လေးတော့'

ဦးကျော်ကြီးက ခေါ်လှကြီးကိုမကြောက်ကြောက်အောင်ခြောက်ပြီး ပြုံးပြုံးကြီး ဖက်ထားတယ်။

'ဟင်'

ဒီအချိန်မှာပဲ တံခါးဝကနေအထဲကို အဝေးကအလင်းရောင်ကြည့် မှောမှောအရိပ်ကြီးတစ်ခုကျလာလို့ ခေါင်းနပန်းကြီးသွားတယ် သတ္တိက လည်း ကမ္ဘာကျော်ဆိုတော့ ချက်ချင်းတုန်တက်သွားတယ်။

www.burmeseclassic.com



'ရှုပ်... ဖျပ်... ဖျပ်... ဟီး ဟီး'

'ဟာ... တ...တ...တရဲကြီး'

မြူမြူကြီးတံခါးအပြင်ကနေပေါ်လာလို့ ဦးကျော်ကြီးမျက်စိ[illegible] ကျယ်ပြီး စကားတောင်မပီ။ သရဲကအရုပ်ရှည်လွန်းတယ်။ တံခါးအပေါ်[illegible] တော်တော်ကြီးကျော်ပြီး လက်မည်းမည်းကြီးလေးဘက်က ကားကားကြီး[illegible]

'အီး... ဟီး... ဟီး'

'အံ မေ ရေ...တ...တကယ်သရဲကြီး ဂျ...အဟ'

'ဟင်... ဘယ်မှာလဲ...ဟင်...အား'

နှစ်ယောက်သား အသံပြလန်လန်ကြီးတွေနဲ့ ပြခဲ့အော်လိုက်ကြ[illegible] တယ်။ သရဲရဲ့ ခြေမည်းမည်းကြီးတစ်ဘက်က အခန်းထဲရောက်လာပြီး နောက်တစ်ဘက်အလှမ်းမှာ...

'ဝါး ဟား ဟား... ခုန်း... အီးယားယား'

အရုပ်ကရှည်လွန်းတော့ ခေါင်းပိုင်းကတံခါးဘောင်နဲ့ ခုန်းခနဲ ဝင်ဆောင့်လို့ ရယ်သံကနေ ငိုသံပေါက်သွားတယ်။ ခေါနေမှငုံ့ဝင်လာလို့ ရုပ်လုံးကြီးပေါ်လာတော့တာ။

'ဟီး ဟီး ဟီး'

'အား'

အဝတ်ဖြူကြီးဝတ်ထားတဲ့သရဲက လက်ခြောက်ဘက်ပါပေမယ့် ခေါင်းကသေးသေးမည်းမည်းလေး။ ကြောက်စရာကောင်းအောင် အသံမျိုးစုံ ထွက်နေပြီး အနားကပ်လာလို့ နှစ်ယောက်သားဖက်ရင်းငယ်သံပါအောင်အော် တယ်။ သရဲအရုပ်ကရှည်လွန်းပြီး လက်တွေကလည်းမည်းတူးနေတယ်။

'ဝူးဝူး ဟားဟား'

'ကျော်ကြီး ရှင်ပြောတော့ လက်လေးဘက်ဆို၊ အခုခြောက်ဘက် တောင်ပါလား'





'အား... ငါလည်း အခုမှတွေ့တာ... ပြေး'

နှစ်ယောက်သားအပြင်းအခုံပြစ်ပြီး ခေါ်လှကြီးအခန်းထဲလှစ်ခနဲဝင် ပြေးသွားကြတယ်။ ဒီတော့မှ သရဲကတံခါးဇိုအပြင်ကနေ လော့ချလိုက် တယ်။

ပြီးမှမင်းမင်းစိုးက အိမ်ထဲကိုပြေးဝင်လာပြီး ပတ်ထားတဲ့ဇိမ်ယာခင်း တွေကို ဖြေယူလိုက်တယ်။ ဒီတော့မှ ခြေနှစ်ဘက်ရောလက်နှစ်ဘက်ပါဒိုး ညည်းသုတ်ထားတဲ့ဗလကြီး၊ ဗလကြီးရဲ့ကော်ကိုခွလျက် ကွန်မြူးသန့်၊ ကွန်မြူး သန့်ကိုခွလျက်မှင်စာကတော့ နဖူးမှာဘုထနေတယ်။

'အီး... ခွေးသူခိုးဗလကြီး... အပေါ်ကိုမကြည့်ဘူး'

'ဟ... ငါ ဘာမှမတွေ့ရဘူးကွ'

ဗလကြီးပေါ်ကဆင်းလိုက်ကြပြီး တံခါးဝနားသွားကား တဟီးဟီး တဟားဟားနဲ့ ရယ်သံပေးတယ်။ အထဲမှာ ဘယ်လိုနေမလဲတော့မသိ။ အပြင်မှာ မှင်စာကတော့ ဘုထနေတယ်။ မင်းမင်းစိုးက...

'ကဲ... ကိစ္စတော့ပြတ်ပြီ သူတို့ကိုမနက်(၁၀)နာရီလောက်ကျမှ အနားကလူကြီးတွေခေါ်ပြီး အပေါက်ဖွင့်ပေးလိုက်မယ်'

ပြောတော့ ကွန်မြူးသန့်က...

'ပြတင်းပေါက်နှစ်ပေါက်ရှိတယ်လေ အဲဒီကခုန်ချရင်ရော'

မင်းမင်းစိုးက ပြုံးတယ်။

'ဘုရားလူကြီးက အပေါက်နှစ်ခုကိုအပြင်ကနေလက်ကိုင်တွင်းနှစ်ခု ကိုကြိုးနဲ့ပူးချည်ထားပြီကွ'

'ဟုတ်လား... ဒါဆို ကိစ္စပြတ်ပြီပေါ့'

'ဒါပေါ့... ဟဲဟဲ... အကြံမပိုင်လား'

မင်းမင်းစိုးက ခြေနဲ့လက်မှာအိုးမည်းသုတ်ထားတဲ့ [illegible] ကြည့်ပြီး ရယ်တယ်။ ကွန်မြူးသန့်က လက်ပံပေပြီး၊ မှင်စာ[illegible] လက်မှာ။



www.burmeseclassic.com

www.burmeseclassic.com

**ဒီတုန်းမှာပဲ** ဒေါ်လှကြီးရဲ့တူမလေး အခန်းတံခါးဟလာလို့ မှင်စာ ကမျက်နှာကြီးသွားပြလိုက်ရာ···

'အား··· သရဲကြီး··· ဝုန်း'

ကလေးမလေးအော်ပြီး တံခါးပြန်ပိတ်လိုက်တော့တာ။တဟားဟား ရယ်နေတဲ့မင်းမင်းစိုးကို သုံးယောက်သားအိုးမည်းတွေနဲ့ဝိုင်းသုတ်ကြတယ်။ အိုးမည်းတွေက ဒေါ်လှကြီးရဲ့မီးဖိုချောင်ထဲက ရတာလေ။

'မင်းတို့ဘာဖြစ်နေကြတာလဲ··· ဟားဟားဟား'

ဘုရားလူကြီးအထဲကိုလာရင်း သူတို့ကိုမေးတယ်။ မည်းတူးနေတဲ့ သူတို့လေးယောက်ကိုကြည့်ပြီး ရယ်လို့ဖမ်းပြီးမီးဖိုချောင်ထဲဝင်သွားတယ်။

အတော်ကြာတော့ ငါးယောက်သားမည်းသဲပြီး ပေတူးပွလန်လာကြ တယ်။ သူတို့ပြန်ထွက်လာတာနဲ့တိုက်တိုက်ဆိုင်ဆိုင် ကလေးမလေးတံခါးဟ အကြည့်နဲ့တိုးတယ်။ငါးယောက်သားတံခါးဝကနေ ခေါင်းငါးလုံးစီပြီးဖြဲခဲ့ ရယ်ပြလိုက်ရာ···

'အား··· ခေါင်းငါးလုံးသရဲကြီး'

လို့အော်ပြီး ဒီတစ်ခါတော့ တံခါးပြန်ဖွင့်မလာတော့ပါ။

☺

သူတို့တောင်းမှုနဲ့ ဒေါ်လှကြီးတို့နှစ်ယောက် တရားဝင်ဖြစ်သွား တယ်။ ဒါပေမဲ့ မင်္ဂလာပွဲကိုတော့ တိုးတိုးတိတ်တိတ်တစ်ရပ်ကွက်လုံးသိ အောင် ဖိတ်လိုက်တယ်။ ဒေါ်လှကြီးကတော့ ရှက်လို့ဆိုပြီးမင်္ဂလာပွဲပြီးက တည်းက ခြင်ထောင်ထဲကကို မထွက်တော့။

ဦးကျော်ကြီးက ဆံထုံးနောက်ဘိုကေပါပြီး ဒေါ်လှကြီးဆီလိုက်နေ တယ်။ဦးကျော်ကြီးကလည်း ဒေါ်လှကြီးသရဲကြောက်တတ်မှန်းသိလို့ နေ့နေ့ ညညအနားကမခွာဘဲ စောင့်နေတယ်။





ဘာပဲဖြစ်ဖြစ်ဦးကျော်ကြီးကတော့ မင်းမင်းစိုးတို့ငါးယောက်ကို တ်တော်ကြီးချစ်သွားတယ်။ ဒါကြောင့်သူတို့ ငါးယောက်မကောင်းတာ လုပ်လုပ် မမြင်ဟန်ဆောင်နေခဲ့တယ်။ ဖဲရိုက်တာတို့ သူ့အဆောင်တ င်မလေးတွေကို စတာနောက်တာတို့။

ဒီနေ့မနက်လည်း ထုံးစံအတိုင်းသူတို့အခန်းဟာ ဆူညံခြင်းနဲ့အိပ် တထလာကြတယ်။

'အိစ်···အိစ်···အိစ်'

'အမျှ··· အမျှ···အမျှ၊ နောင် ဝေ ဝေ သာဓု'

'ဠမ် ဂလွမ် ဠမ်'

ကွန်ဖြူးသန့်က အိပ်မရမယ့်အတူတူထတာပဲကောင်းတယ်တွေး ခြင်ထောင်ကိုမဖြုတ်ပြီး ခေါင်းကိုထွက်လိုက်ရာ···

'အမျှ အမျှ အမျှ၊ နောင် ကလွမ် ဒေါင်'

'တောဘီ'

ဘုရားလူကြီးရဲ့ ကြေးစည်ရိုက်တံတင်းပုတ်ကလေးက အရှိန်ကနေ တ်ပြီး နဖူးတည့်တည့်မှန်သွားတယ်။ သူတင်းသွားတယ်။

'အဟီး··· ပြန်ပေးနော်··· ဒီမှာသုံးခါမပြည့်သေးဘူး'

ကုသိုလ်ရေးမို့ ဘုကလေးကိုဘုရားလူကြီးကိုပြန်ပေးကာ မျက် င်တထိုးထိုးနဲ့ ထသွားတော့တာ။ ဗလကြီးဇာ ဝိတ်တုံးကိုအေါက်ပေါ်ပြန် ချရင်း မင်းမင်းစိုးကို···

'ငါးခါလောက် လာမပါလား'

မင်းမင်းစိုးက ခေါင်းရမ်းတယ်။

'ငါမနိုင်မှာမဟုတ်ဘူး တော်ကြာဝိတ်ပိသေတယ် ကြားနေရဦးမယ်၊ န်မထမ်းတာ ကောင်းတယ်'

'မင်းကွာ ကျားကိုးကောင်စားတောင် မကုန်တဲ့ခန္ဓာကိုယ်ကြီး ပြီ ကြည့်ထား ငါသုံးခါလောက်မပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



မှင်စာက ဂစ်တာကိုချပြီးအကျီကိုချွတ်လိုက်ရာ အပြိုင်းပြိုင်းထ[illegible]တဲ့ နံရိုးတွေကို အစီအရီတွေ့လိုက်ရတယ်။ ပြီး... ခါးကိုဘယ်ညာ[illegible]ပြီးချိုးလိုက်သေးတယ်။

'ဖြည်းဖြည်းလုပ်ပါကွာ မင်းနံရိုးတွေငါ့ကိုကျွတ်မှန်ပါဦးမယ်... သာသာလုပ်'

မင်းမင်းစိုးကခနဲ့ပေမယ့် မှင်စာကဂရုမစိုက်ဟန်နဲ့ ခါးတောင်[illegible]ကျိုက်လိုက်ရာ ဖယောင်းတိုင်သာသာပဲရှိတဲ့ ပေါင်နဲ့ခြေသလုံးကိုတွေ့လိုက်[illegible]မြင်တယ်။

'ဒီအဆောင်နဲ့ဒီအဆောင် ကြွက်နဲ့တူတာဆိုလို့ နှတ်သီးတောင်မတွေ့[illegible]ဘူး၊ နံရိုးဗလနဲ့မင်းက ဒီဝိတ်တုံးကြီးကိုမဦးမယ် ဟုတ်လား'

ဘုရားလူကြီးက မယုံမကြည်နဲ့မေးတော့ မှင်စာက...

'လူမှာနံပိန် ကျွဲမှာရိုးလိမ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ မင်းတို့[illegible]ကောင်မျိုးနှစ်ကောင်ပေးလို့ရတယ်'

လို့ထိမထင်ဟန်နဲ့ပြောတယ်။ သွေးကတော့ မြန်မာပီသတယ်။ ခပ်တည်တည်နဲ့ ဝိတ်တုံးအောက်ပက်လက်သွားလှန်ရင်း အိစနဲကီးထုတ်[illegible]သေးတာကို ကြည့်ရင်း...

'အီးလည်းထွက်ကုန်ပါဦးမယ်ကွာ'

မင်းမင်းစိုးက ခနဲ့တယ်။ ဒါပေမဲ့ဂရုမစိုက်ဘဲ မှင်စာကပြောတယ်။

'ဗလကြီး... ဒီထက်ကြီးတဲ့ဝိတ်တုံးရှိသေးလား'

'မရှိတော့ဘူး'

'မရှိတော့ရင် မမတော့ဘူးကွာ'

ရှုပ်တည်နဲ့ထွက်သွားတဲ့ မှင်စာကိုကြည့်ပြီး ဘုရားလူကြီးတို့သုံးယောက် ရယ်လိုက်ကြတယ်။ မင်းမင်းစိုးက ဗလကြီးပါးကိုကြည့်ပြီးပြောတယ်။





'ဗလကြီး မင်းပါးမှာဝက်ခြံမှည့်နေတယ်'

'ဟော... ဟုတ်လား... မှန်းစမ်း'

ကိုယ်တစ်ပိုင်းပေါ်တဲ့မှန်ရှေ့သွားပြီး ပါးကိုမကြည့်ဘဲ ဘယ်[illegible]က်မောင်းကို ညှစ်ကြည့်လိုက်၊ ညာလက်မောင်းကို မကြည့်လိုက်နဲ့[illegible]ဘာယဗလမောင်ကိုယ် ဟန်ပြသလိုလုပ်နေတယ်။မင်းမင်းစိုးတို့နှစ်ယောက်[illegible]တော့ မြင်ပြင်းကတ်နေတော့တာ။ တော်ဘော်ကြာမှ ပါးက ဝက်ခြံကို[illegible]ပြီး...

'အေးဟ... ညှစ်လိုက်ဦးမယ်... အိမ်'

ဆို... ကိသွင်းပြီး လက်နှစ်ဘက်နဲ့ညှစ်တယ်။ ဒါပေမဲ့ ဗလကြီး[illegible]ဘာ အမြောင်းလိုက်ထနေပြီး အားကမရှိ။ မျက်နှာကြီးရဲပြီး ကြွက်သား[illegible]ဘာ ကားတက်လာတယ် ဝက်ခြံက မထွက်။

'အား... နာတယ်... ထွက်ဘူးဟ'

ဘုရားလူကြီးက လက်တစ်ဘက်တည်းနဲ့ဝင်ညှစ်လိုက်မှထွက်သွားတယ်။

'ဘယ်ထွက်မှာလဲကွ၊ ဝက်ခြံညှစ်ပါဆို... ကြွက်သားတွေပဲ ညှစ်နေတာကိုး'

'အဟီး... မှန်ထဲမှာငါ့ကြွက်ကြီးတွေက လှတာကိုကွ'

'ကဲ ..အရည်မရ အဖတ်မရတာတွေလုပ်မနေနဲ့ ကျောင်းကိုသူ့သူ[illegible]အောင်တို့နဲ့အတူသွားရအောင် လုပ်ကြ'

မင်းမင်းစိုးကပြောတော့ ဘုရားလူကြီးက စားပွဲပေါ်က နာရီကိုကြည့်ပြီး ပြောတယ်။

'မင်းစိတ်ကူးယဉ်မနေနဲ့ဖိုးပြူး နာရီကိုကြည့်'

'ရှစ်နာရီမတ်တင်းလေကွာ'

'အေး... ဒီအချိန်ဆို မင်းမအေလေးတွေက ကျောင်းကိုရောက်သွားပြီပေါ့ဟ'



www.burmeseclassic.com

www.burmeseclassic.com



'အဲ… အဟီး… ဟုတ်သား'

'ဖိုးပြူး… မင်း…သူသူကိုဘယ်တော့ပြောမှာလဲ'

'အင်း… ငါလည်းပြောမယ်ပြောမယ်နဲ့ သူ့ရှေ့ရောက်ရင်စကား… ပြောမထွက်ဘဲ အ နေတယ်'

'မင်းပဲ… ကျမ်းကျေတယ်ဆိုကွ'

'အဟီး… နောက်တာ… ကျမ်းကကျေဆို ငါတွေ့ကတည်း… အဲဒီကျမ်းက ခြကိုက်ထားပြီးသား၊ မေမျိုးကိုအောင်သွယ်နိုင်းမလားလို့… မကောင်းဘူးလား'

ဟိုနှစ်ယောက်က ဘာမှမပြောကြလို့ သူ့ဘာသာကောင်းတယ်… ပြောလိုက်တယ်လေ။

✠



# အခန်း(၉)

သူသူအောင်တို့ငါးယောက် ကော်ရစ်တာမှာထိုင်နေကြတယ်။ ခုံတွေမှာထိုင်ရင် ပိုက်ဆံကုန်မှာစိုးလို့လေ။ နေကြာစေ့စားရင်းကနေ ဂျပ်စတင်ဘီဘာ၊ ရောဘတ်ပက်တာစန် စတဲ့ကမ္ဘာကျော်တွေအကြောင်း ပြောနေကြတယ်။

ဂျပ်စတင်ဘီဘာအသံကပြောသလောက်မကောင်းဘဲ ရုပ်ခံလေးနဲ့ လုပ်စားနေကြောင်း၊ နောက်ရောဘတ်ပတ်တာစန်ရဲ့ အကြည့်က ညို့အားကောင်းတာမဟုတ်ဘဲ ကြောင်လီကြည့်ကြည့်တာ ဘာညာနဲ့ငြင်းခုန်နေကြတယ်။ နောက်မှတဖြည်းဖြည်း မြန်မာသရုပ်ဆောင်တွေဘက် လှည့်လာကြတယ်။

'ဟဲ့… ဟိုမင်းသမီးက အမြဲစပ်ဖြဲဖြဲနဲ့နော်'

'အင်း…သူကစပ်ဖြဲဖြဲနေမှလှတာကိုကြည့်ပါလား အမွေးသီချင်းဆိုတာတောင်စပ်ဖြီးဖြီးနဲ့ သူ့အစားပါးညောင်းလိုက်တာ'

'သူကမှတော်သေးတယ် ဟိုတစ်ယောက်ဆိုပိုဆိုးတယ်၊ သူ့ကိုမျက်လုံးလှတယ်ဆိုလို့ မျက်လုံးကို အမြဲပြူးထားတာလေ၊ငိုလည်းပြူး ရယ်လည်း ပြူးနဲ့အမြဲပြူးကြောင်ကြောင်ကြီး'

'အံမယ် ဟိုတစ်ယောက်ဆို မျက်ရည်အရမ်းလှတယ်တယ်၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းယောက်ပြောပြီး မျက်ရည်ကတစမ်းစမ်း၊စိတ်ပျက်စရာအရမ်းကောင်းတာပဲ'

အတင်းတွေချနေကြတယ်။ ပြီးမှအဓိကကျတဲ့ကိစ္စတွေ ဆက်ပြောကြတယ်။

ကျောင်းစာကိစ္စတော့ မဟုတ်။

'စန္ဒာ…နင် ဘုရားလူကြီးကို ဘယ်လိုသဘောရလဲ'

သူသူအောင်ကမေးတော့ စန္ဒာကရှက်ကိုးရှက်ကန်းနဲ့…

'အဟင်း… ဒီလိုပါပဲ'

ဘုရားလူကြီးတစ်ယောက်ပဲ ဖြစ်ဖြစ်ချောက်ချောက် စန္ဒာ့ကိုပိုးပြီး ကျန်လူတွေကတော့လည်လည်ပဲ။ မင်းမင်းစိုးကျတော့ မေမျိုးလိုလို သူသူအောင်လိုလို၊ ဗလကြီးကျပြန်တော့ ဝါဝါလှိုင်ကိုမပြောရဲပြန်၊ ကွန်ဖြူးသန့်ကျပြန်တော့ မှုန်တေတေနဲ့ မှင်စာကျပြန်တော့ ဘယ်သူ့ကိုပိုးလို့ပိုးမှန်းမသိ။ တစ်ခါတစ်လေငါးယောက်လုံးကိုပဲ ကြောင်နေသလို၊ဘယ်သူ့ကိုဦးတည်မှန်းမသိ။

'ဝါဝါ… နင့်ကိုဗလကြီးပြောပြီးပြီလား'

'သူလား… ပြောလိုက်ရင် သူ့ဗလအကြောင်းပဲ၊ ငါ့ကိုချစ်တဲ့အကြောင်းတစ်ခွန်းမှမပါဘူး'

ဝါဝါလှိုင့်စကားကြောင့် ပြုံးလိုက်မိကြတယ်။

မေမျိုးက…

'မီသူ… နင့်ကိုရော… မင်းမင်းကပြောပြီလား'

မေးတော့ အူကြောင်ကြောင်ဖြစ်သွားပြီး ပြန်မေးတယ်။

'ငါ့ကိုမပြောဘူးဟ… နင့်ကိုရော'

'ဟဲ့… ငါ့ကိုဘာလို့ပြောရမှာလဲ သူကနင့်ကိုကြိုက်တာ'

'ဟုတ်လို့လားဟယ်… သူကနင့်ဘေးမှာပဲ အမြဲနေတာ'





'အဲ… ဒါက…ဒါက'

မေမျိုးက ဘာပြောလို့ပြောရမယ်မသိ။ တကယ်တော့ မင်းမင်းစိုးက မေမျိုးကို ရိုးရိုးသားသားစိတ်ပဲရှိတာ ဒီတော့သူစိတ်ထဲရိုးငဲ့ မေမျိုးဘေးကိုပဲကပ်တယ်။

သူသူအောင်ဘေးကျတော့ မကပ်ရဲ၊ မကပ်ရဲဆို မရိုးမသားကြံနေတာကို။

ပြီးတော့ မေမျိုးဆီက ပိုက်ဆံချေးရတာလွယ်လို့။

'ကဲ… ထားပါ…ဟိုကောင်မှင်စာကရော ဘယ်သူ့ကိုလဲ'

ဖြူပြာကမေးတော့ ကောင်မလေးတွေဖေဝေဖေဝါနဲ့ဖြစ်နေကြတယ်။

'အေး…သင်းကဘယ်သူ့ကိုကြောင်နေမှန်းကို မသိတာ၊ နင့်ကိုပဲဖြစ်မှာ'

'နင်တို့နော်'

ဖြူပြာကမျက်စောင်းပြန်ထိုးတာနဲ့ရယ်လိုက်ကြတယ်။ ဘာပဲဖြစ်ဖြစ်ရည်းစားလိုချင်နေကြတာတော့ အမှန်ပဲ။

'ဟော… ပြောရင်းဆိုရင်း သက်ဆိုးရှည်ကြဦးမယ် လာပြီ'

'ဘာပဲဖြစ်ဖြစ် သူတို့နဲ့ကင်တင်းသွားရင် ပိုက်ဆံတော့ မကုန်ဘူးဟဲ့'

'ဟုတ်တယ်… ယောကျ်ားလေးအပေါင်းအသင်း ထားရတာကောင်းတယ်၊ စားသောက်ဆိုင်ထိုင်ရင် မရှင်းရဘူး'

မေမျိုးနဲ့စန္ဒာ့ကို ကျန်သုံးယောက်က မျက်စောင်းဝိုင်းထိုးလိုက်ကြတယ်။

သူသူအောင်က…

'စားကြပေါ့… နင်တို့ကျွေးတဲ့အလှည့်ကျမှ မငိုနဲ့'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com



စကားကမရှင်းတော့ မျက်လုံးပြူးသွားကြတယ်။

'ဟဲ့… ယောကျ်ားလေးတွေက မိန်းကလေးတွေထက်အစားပိုကြီးတယ်လို့ပြောတာပါ တော်ကြာရှင်းစရာပိုက်ဆံမလောက်လို့ ထိုင်ငိုနေရမယ်လို့ပြောတာ'

'တော်ပါသေးရဲ့ဟယ်… နင့်စကားကရင်တောင်ထိတ်တယ်'

မင်းမင်းစိုးတို့ငါးယောက် ရုပ်တည်တွေနဲ့ ရောက်လာကြပြီး မျက်နှာချင်းဆိုင် ကော်ရစ်တာမှာထိုင်လိုက်ကြတယ်။

ဗလကြီးက…

'နင်တို့ ကင်တင်းမသွားကြဘူးလား'

မေးတော့ ဝါဝါလှိုင်ကလည်း ပြောင်ပြောင်ပဲပြောတယ်။

'ပိုက်ဆံကုန်မှာကြောက်လို့မသွားတာ'

'ဟာ… ဒါဆို မပူနဲ့၊ ပိုက်ဆံတစ်ပြားမှမကုန်ဘူး၊ လာ… လိုက်ခဲ့'

'ကောင်းတာပေါ့'

မူတောင်မမူဘဲသွားဖို့ပြင်တော့ မင်းမင်းစိုးက…

'မေမျိုး… ငါနဲ့ခဏနေခဲ့ပါဟာ'

အသနားခံလို့ မေမျိုးက သူသူအောင်ကိုကြည့်တယ်။ သူသူအောင်က ဘာမှမဖြစ်သလိုပုံစံနဲ့ဦးဆောင်ပြီး ကင်တင်းဘက်ကိုသွားတယ်။ နှစ်ယောက်တည်းကျန်ခဲ့တော့မှ မင်းမင်းစိုးကမေမျိုးဘေးကပ်လာလို့ မေမျိုးရင်ခုန်သွားတယ်။

'ဘာပြောမလို့လဲ… ပိုက်ဆံချေးဦးမလို့လား'

'ဟာ… နင်ကလည်း…နင့်နားကပ်တာနဲ့ ပိုက်ဆံချေးဖို့ချည်းပဲထင်နေတာပဲ'

'မဟုတ်ဘူးလား'





'ဟင့်အင်း… ငါအခုပြောမယ့်စကားတွေက ငါ့ဘဝအတွက်အရမ်း ရေးကြီးတဲ့စကားတွေပဲ'

'ဟွန်း… ဟုတ်လို့လား… ကြီးကြီးကျယ်ကျယ်တွေပြောပြီး ါက်ကရလုပ်မယ်တော့ မကြံနဲ့နော်'

'တကယ်…အတည်ကြီးပြောမှာ'

မင်းမင်းစိုးက အဝေးကိုကြည့်ရင်းကနေ မေမျိုးကို စိုက်ကြည့်လိုက် တယ်။

'ငါကောင်မလေးတစ်ယောက်ကို ချစ်မိနေပြီဟ'

မေမျိုးက တိတ်တဆိတ်နားထောင်နေတယ်။ သူ့စိတ်ထဲမှာ သူသူ ာင်နဲ့ အောင်သွယ်နိုင်းမယ်ထင်နေခဲ့တယ်။

'ဟုတ်တယ်… ငါသူ့ကိုချစ်တယ်…ဒါပေမဲ့ သူ့နားရောက်ရင် အလိုလိုကြောက်ပြီး ပြောမထွက်တော့ဘူး'

'အဲဒီတော့ ငါကပြောပေးရမယ်ဆိုပါတော့'

'ဟာ… မှန်လိုက်တာ မေမျိုးရာနဖူးတည့်တည့်ပဲ၊သူငယ်ချင်းတွေ မှာနင်တစ်ယောက်ပဲ အလိုက်သိတာ နောက်ဘဝ နင်ဒီထက်ပိုလှဦးမှာသိ း… အခုတောင်…ဟင်…'

မင်းမင်းစိုး မေမျိုးနားကပ်ကပ်နေပေမယ့် တစ်ခါမှစေ့စေ့မကြည့် ဘူး။ အခုသူ့စကားနဲ့သူပြောရင်းကနေ အသေအချာကြည့်ရင်း မေမျိုးအလှ ို့မြင်သွားတယ်။

သူသူအောင်ထက်တောင် ပိုလှတယ် ထင်နေသေးတာ။ ဒါပေ … သူ… သူသူအောင်ကိုပဲ ရွေးလိုက်တယ်။

⊜



www.burmeseclassic.com

www.burmeseclassic.com



'စရင်းသေားတွေအရကွက်ချက်ကြည့်တဲ့အခါ အိမ်ထောင်ပြု
ဟာစိတ်သောကတွေကို ကာကွယ်နိုင်တယ်တဲ့၊ ပြောမယ်ဆိုစိတ်ပိုချမ်း
တယ်ပေါ့ကွာ…အဟဲဟဲ'

ဘုရားလူကြီးရဲ့ဆွယ်တရားကို ကွန်ဖြူးသန့်က ဝင်ပိတ်တယ်

'အင်း…စိတ်ကျန်းမာရေးဆေးရုံတွေရဲ့ မှတ်တမ်းအရဆိုရင်
အိမ်ထောင်ပြုခြင်းဟာ စိတ်သောကကိုပိုဖြစ်စေတယ်တဲ့'

ဘုရားလူကြီးက ကွန်ဖြူးသန့်ခြေခုံကို တက်နင်းလိုက်တယ်။

'ဘာလဲကွာ'

ဒါပေမဲ့ ကွန်ဖြူးသန့်ကငြိမ်မနေဘဲထအော်လို့ ကောင်မလေးတွေ
ရယ်လိုက်ကြတယ်။ မှင်စာက ဆက်ဆွယ်ပြန်တယ်။

'ထားပါ… အိမ်ထောင်ပြုတယ်ဆိုတာထက် အိမ်ထောင်ဘက်
ရွေးရတာပိုခက်တယ်။ ဒီအတွက်ရည်းစားထားရမယ် သဘောထားချင်း
ယူလို့ရတဲ့အခါကျမှ အိမ်ထောင်ဘက်အဖြစ်စဉ်းစားရမှာ အဟဲ…ဒီအတွက်
နင်တို့ရည်းစားထားကြည့်ပါလားဟင်'

'သေနာ… ငါတို့ဘက်လှည့်လာပြီ'

ကောင်မလေးတွေဆီကနေ မျက်စောင်းနဲ့ဆဲသံတွေပလူပျံထွက်လာ
တယ်။

ဒါတောင်…

'ဟီး… ရည်းစားထားတာ ကောင်းတယ်ဟ'

ဆွယ်နေသေးလို့ ဖြူပြာက…

'ကောင်းရင် နင့်ညီမကိုထားခိုင်းပါလား မသာရဲ့'

ပြောတာတောင် မလျှော့ဘူး။

'အို…ငါ့နှမက ငယ်သေးလို့… နည်းနည်းကြီးမှထားခိုင်းရမယ်'

ဘုရားလူကြီးက ဟီးခနဲရယ်ရင်းဝင်ပြောတယ်။





'အဲဒီအခါ ငါ့ကိုမမေ့နဲ့နော် သယ်ချင်း'

'ဟော့ကောင်… ငါ × × ×'

ပထမသုံးလုံးပဲအသံထွက်ပြီး နောက်စကားတွေက ပါးစပ်လှုပ်ရုံပဲ။
…ပဲပြောပြော သူတို့ဝိုင်းကပျော်စရာကောင်းတာတော့ အမှန်ပဲ။

'ဟော… လာပါပြီ… ဟိုနှစ်ကောင်'

ဒီအချိန်မှာပဲ မင်းမင်းစိုးနဲ့မေမျိုးရောက်လာပြီး ဝင်ထိုင်လိုက်ကြ
…ယ်။ ထုံးစံအတိုင်း မေမျိုးက ကြေးအိုးတစ်ပွဲမှာတယ်။ မေမျိုးစားသမျှကို
…င်းမင်းစိုးက အမြဲရှင်းပေးတယ်။ သူသူအောင်စားတာကိုလည်း သူကပဲရှင်း
…ယ်။

မင်းမင်းစိုးက သူသူအောင်နဲ့မေမျိုးကို ယှဉ်ကြည့်လိုက်ပြီး စဝေစဝါ
…နေတော့တာ။

'ဘယ်လိုလဲ… မင်းကိစ္စအဆင်ပြေလား'

'အေး… ပြေသလိုပဲ'

ဗလကြီးကမေးတော့ မင်းမင်းစိုးကပြန်ဖြေတယ်။ သူသူအောင်က
…တည်နေပြီး မေမျိုးကတော့ ကလေးလိုပဲသူများအအေးပုလင်းတွေလိုက်
…ာက်ရင်း ကြေးအိုးအလာကိုစောင့်နေတယ်။ မင်းမင်းစိုးတစ်ယောက်
…ရယ်မသိတဲ့ သက်မောတစ်ခုကို ကြိတ်ပြီးချလိုက်မိတော့တယ်။

'ငါတို့မိန်းကလေးတွေမရှိရင် နင်တို့ယောက်ျားလေးတွေ အသက်
…ှင်နိုင်ပါဘူး ဟုတ်တယ်မဟုတ်လား'

စန္ဒာက မေးတော့ ဘုရားလူကြီးက ခေါင်းကိုစက်တပ်ထားသလို
…ိတ်ရင်း ထောက်ခံတယ်။

'ဟာ… ဟုတ်တာပေါ့… အထူးသဖြင့်နင်မရှိရင် ငါဘဝကမ…
…ူးဟ'

'သေဝါလား…မသာရဲ့'



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာက သူ့စကားနဲ့သူရှက်နေပြီး ဘုရားလူကြီးကတော့ တဟီးဟီး
နဲ့လေ။

ကွန်ဖြူးသန့်ကဝင်ပြောတယ်။

'ငါပြောပြမယ်နော်… မိန်းမတွေဟာ ထိန်းရတာခက်ကြောင်း
ပေါ့။ လူတစ်ယောက်က ဌာနတစ်ခုမှာအလုပ်သွားလျှောက်တော့ လူကြီး
မေးတယ်… ဘာလုပ်လဲပေါ့… သူကဆပ်ကပ်ထဲမှာ ကျားတို့ဆင်တို့ထိန်း
ပါတယ်ဆိုတော့ ဒါဆိုနီးစပ်တယ်ဆိုပြီး ချက်ချင်းအလုပ်ရသွားတယ်'

'ဟုတ်လား… ဘာအလုပ်လဲ'

'စိတ်ကျန်းမာရေးဆေးရုံက မိန်းမဆောင်ကို အုပ်ချုပ်ရတာလေ'

'ဟ…အဲဒါနဲ့မိန်းမတွေကို ထိန်းရခက်တာနဲ့ဘာဆိုင်လို့လဲ'

မှင်စာကမေးတော့ ကွန်ဖြူးသန့်က…

'ဟ…ဒါလေးတောင်မသိဘူးလား မိန်းမတွေဟာ ကျားတွေဆင်
တွေထက်ပိုဆိုးလို့ပေါ့'

'ဘာ…သေနာကြီး'

အပြောကကောင်းတော့ ကောင်မလေးတွေဆီက ဆဲသံတွေ
ပြိုင်ပြီး ထွက်လာတော့တာ။

☺

ဒီညတော့ဝိုင်းစဖို့စကားဘယ်သူမှမစကြတော့ဘဲ ငါးယောက်သား
ထိုင်နေကြတယ်။ မှင်စာနဲ့ကွန်ဖြူးသန့်က အရင်အတိုင်းရှိကြပေမယ့် ချစ်စိတ်
တွေကိုယ်စီရှိနေကြတဲ့ မင်းမင်းစိုးတို့သုံးယောက်ကတော့ ရင်ထဲမှာဟာတ
ဟာတာနဲ့တစ်ခုခုလိုနေတယ်။

အဲဒီတစ်ခုခုက ထမင်းစားချင်သလိုလို ရေသောက်ချင်သလိုလို





ကြီး။ ဒါပေမဲ့ ထမင်းစားချင်တာလည်း မဟုတ်သလို ရေသောက်ချင်တာ
လည်းမဟုတ်ဘဲ ကိုယ်စီကျိတ်ကြံနေကြတဲ့ကောင်မလေးတွေဆီ စိတ်ရောက်
နေခြင်းသာ။

ညရဲ့ဘုရင်လမင်းတစ်ခြမ်းပဲ့ကိုကြည့်လို့ မင်းမင်းစိုးစိတ်ကူးယဉ်နေ
မိတယ်။ အခုအချိန်ဖြစ်နိုင်မယ်ဆိုရင် မြင်နေရတဲ့သစ်ပင်ထိပ်ဖျားကနေတစ်
ဆင့်တိမ်တွေပေါ်ခုန်တက်မည်။ နောက်…သူသူအောင်ကိုပါမရမကခေါ်တင်
ပြီးတိမ်တွေစီးကြမည်။ တိမ်တွေပေါ်ကနေတဆင့် ကြယ်တွေကိုခူးဆော့ကြ
မည်။

စီးနပ်ကြယ်ပွင့်လေးကိုခူးပြီး သူသူအောင်ရဲ့ဆံနွယ်လေးတွေကြား
ထဲအဝါရောင်နှင်းဆီတစ်ပွင့်လို ပန်ဆင်ပေးမည်။ သူသူအောင်က သူ့ကိုချစ်
ရည်ရွှန်းတဲ့ မျက်ဝန်းတွေနဲ့ကြည့်ကာပြုံးမည်။

နောက်ဆုံးသူတို့နှစ်ယောက် ကောက်ကွေးနေတဲ့လတစ်ခြမ်းပဲ့ပေါ်
တက်ထိုင်ရင်း ချစ်စကားတွေ တီတီတာတာပြောနေကြတော့တယ်။ သူ့အ
တွက် အရမ်းအရမ်းကိုချိုမြိန်စေတဲ့စိတ်ကူး။ မြိန်တယ်၊ ကောင်းတယ်၊
အရသာရှိတယ်။

အတွေးတွေဟာ သူ့မျက်နှာကြီးကိုပြုံးစေတယ်။

'မခံနိုင်တော့ဘူးကွ… ငါမခံနိုင်တော့ဘူးနော်'

'ဟဲ့…ပလုတ်တုတ်… ချီးရုပ်… ဖိုးတုတ်'

ဗလကြီးရဲ့မခံချိမခံသာအသံကြီးက သူ့ဖီးလ်ကိုပျက်စေပြီးလန့်
သွားတယ်။ သူတင်းပြီးကြည့်လိုက်တော့ ဗလကြီးကိုမဲ့မဲ့ကြီးတွေ့ရပြီး
ဘုရားလူကြီးကို ကြောင်ကြောင်ကြီးတွေ့လိုက်ရတယ်။

'မင်းအမြီးကို ဘယ်သူကတက်နင်းထားလို့လဲကွ'

'ဝါဝါလှိုင်ပေါ့'

သူ့ရဲ့အမေးကို ဗလကြီးကတည့်တည့်ဖြေပြီး ရုပ်သိုးကြီး[illegible]

www.burmeseclassic.com



တယ်။ နောက်…ညောင်နာနာအသံက လူကောင်ကြီးနဲ့မလိုက်အောင်ပြော တယ်။

'ဝါဝါလှိုင်ဆိုတဲ့ အလှပဂေးလေးက ငါ့ရဲ့နှလုံးသားအမြီးကိုတက် နင်းထားခဲ့တာ အခုဆိုငါလှုပ်မရရှားမရဖြစ်နေပြီကွာ ဘယ်လိုလုပ်ရမလဲ'

'ဟင်…ဝါဝါလှိုင်က ဂေးကြီးလား… ဒါဆို…'

'ဘာကွ…ဟော့ကောင်…ဂေးမဟုတ်ဘူး…ပဂေးကွ အလှပဂေး။ မင်းရဲ့သူသူအောင်သာဂေးကြီး'

ဗလကြီးက မင်းမင်းစိုးကိုပြန်ခွပ်တယ်။ဘုရားလူကြီးကတော့ သူ့ ကောင်မလေး စန္ဒာကိုဂေးလို့မပြောတော့ တဟီးဟီးနဲ့သဘောကျနေတယ်။ ဒါပေမဲ့ မင်းမင်းစိုး ဆက်ပြောတဲ့စကားကြားပြီး မဲ့သွားတယ်။

'အေး…ဒါဆို သူတို့နှစ်ယောက်တည်းတော့မဖြစ်နိုင်ဘူး စန္ဒာတို့ မြူပြာတို့တစ်ဖွဲ့လုံးဖြစ်မယ်'

'ဟာကွာ…တော်… မင်းတို့ကောင်မလေးတွေဖြစ်ချင်ရာဖြစ် ငါ့စန္ဒာမပါရင်ပြီးရော ကျန်တဲ့လူတွေဖြစ်ပစေ'

'အေး…ကျန်တဲ့လေးယောက်လုံးဂေးဆိုရင် မင်းစန္ဒာသေပြီ'

'ဟာ… တော်ကွာ…တော်'

သုံးယောက်တည်းနဲ့ စကားက လမ်းကြောင်းမတည့်။ ဟိုဖွဲ့ဆင်း ဒီဖွဲ့ဆင်းနဲ့ ရောက်ချင်ရာရောက်ကုန်ကြတယ်။

'မင်းတို့နှစ်ကောင်လုပ်တာနဲ့ ငါ့စကားလွဲကုန်ပြီ၊ ငါဝါဝါ့ကိုအရမ်း သတိရတာပဲ၊ အဲဒါဘယ်လိုလုပ်ရမလဲဟင်'

ဗလကြီးကမေးတော့ မင်းမင်းစိုးက ဝရန်တာလက်ရန်းကို လက် ထောက်ရင်း မတ်တပ်ရပ်လိုက်တယ်။

'လုပ်စရာက တစ်ခုပဲရှိတယ်'

'ဘာလဲဟင်'





'ထလိုက်'

မင်းမင်းစိုးကပြောလို့ ဗလကြီးကထရပ်တယ်။

'အောက်ကိုကြည့်လိုက်'

'အောက်ကိုကြည့်တော့ ကွန်ကရစ်အခင်းကိုမြင်တာပေါ့'

'ပြီးတော့ အမြင့်ကိုတွက်'

'အေး… ဆယ်ပေတော့ ကျော်မှာပေါ့'

'ဒီပေါ်ကခုန်ချရင် သေနိုင်လား'

'အင်း… ခေါင်းနဲ့ကျရင်တော့ သေနိုင်တယ်'

'သေချာလား'

'ဘာလဲ… မင်းစမ်းသပ်မလို့လား ဖိုးပြူး'

မင်းမင်းစိုးက မေးကိုလက်နဲ့ပွတ်ရင်းပြောတယ်။

'မင်းစောစောကမေးတာ ဘာလုပ်ရမလဲဆို'

'ဟာ… အဲဒါနဲ့ဘာဆိုင်လဲ'

'ဆိုင်တာပေါ့… မင်းဒီပေါ်ကခုန်ချလိုက်…အေး…ခေါင်းနဲ့တော့ ကျပါစေ ဒါဆိုမင်းသေပြီ၊ မင်းသေရင်ဘာမှလုပ်စရာမလိုတော့သလို ဘာမှ လည်းမစံစားရတော့ဘူးပေါ့'

'ဟာကွာ…'

ဗလကြီး ပြန်ပျော့ကျသွားတယ်။

ဘုရားလူကြီးက…

'ဟုတ်တယ်ဖိုးပြူးရဲ့ ငါလည်း စန္ဒာကိုသတိရနေတယ်၊ မင်းရော သူသူအောင်ကို သတိမရဘူးလား'

မေးတော့ မင်းမင်းစိုးကပြုံးတယ်။

'သတိဆိုတာ ရတိုင်းကောင်းတယ်များ မင်းတို့ထင်နေလား'

'ဒါဆို မင်းကမရဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး…ရတာပေါ့… ဒါပေမဲ့ ငါသတိရတာက ကြည်နူးစရာ ကောင်းတယ်၊ မင်းတို့လိုစိတ်မညစ်ရဘူး ဒါပေမဲ့ငါ့မှာအကြံရှိတယ်'

'ဘာအကြံလဲ'

'အင်း… ငါတို့ရဲ့ A.C.G အကွက်ကြီးကို သုံးရတော့မယ်'

စကားဆုံးတော့ သုံးယောက်သား မှင်စာကိုကြည့်ပြီး ပြုံးလိုက်ကြတယ်။

✠



## အခန်း(၁၀)

သူသူအောင်က ဝရန်တာထွက်ထိုင်နေပြီး တစ်ခုခုကိုတွေးနေတယ်။ ဝါဝါလှိုင်၊ မေမိုးနဲ့စန္ဒာက စကားပြောနေကြပြီး၊ မြူပြာကအိပ်ဖို့ပြင်နေတယ်။ အောင်ငါ့လုံးကို တစ်ဆက်တည်းဆက်ထားကြတယ်။ဟိုလူ့နေရာ ဒီလူ့နေရာ ဆယ်လို့တိတိကျကျမရှိ၊ ဦးတဲ့လူက အလယ်ကိုဝင်အိပ်ကြတာ။ ဒါကြောင့် မြူပြာက အလယ်မှာနေရာဝင်ယူထားတာလေ။

'ငါတို့စာအုပ်တွေ ရုပ်ရှင်တွေထဲမှာကြည့်ရတာ အဆောင်သူတွေရဲ့ ကျောင်းလေးတွေက ဂစ်တာလာတီးကြ၊ ပျော်ကြရွှင်ကြနဲ့ ငါတို့အဆောင် ကျတော့ ဘယ်နှာမှဂစ်တာလာမတီးကြပါလား'

မေမိုးကပြောတော့ စန္ဒာက…

'အဲဒါ… အရင့်အရင် ငါတို့ရဲ့… ဘယ်လိုခေါ်မလဲ ဘိုးဘေး ဘီဘင်တွေ လက်ထက်ကဟဲ့၊ ဒီဘက် ငါတို့လက်ထက်မှာတော့ ဂစ်တာ တီးကြတော့ဘူး'

ပြောတော့ ဝါဝါလှိုင်က မေးတယ်။

'ဘာတီးလဲ'

'ဒန်အိုးဖုံး… အဲလေ…ဟုတ်ပါဘူး…D.J ပွတ်ကြတာတဲ့…



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာကခေတ်မရှိတော့ဘူးလေ…ဟင်းဟင်း… မေရိုး…နင်နဲ့မင်းမင်း
ဘယ်လိုလဲ'

'D.J လိုပွတ်…အဲလေ… နင့်စကားက ဘာလဲ'

စန္ဒာက ရောသောဖောသောမေးလို့ မေရိုးက အကြောင်းကြေ
ဖြစ်သွားတယ်။ ဝါဝါလှိုင်က မေရိုးရဲ့ စကားအမှားကို အားရပါးရ
လိုက်သေးတယ်။ ပြီးမှ… သူသူအောင်ကို မသိမသာ မေးငေါ့ပြောတ

'ပြောလို့ကြားရတဲ့စကားတွေအရ မင်းမင်းစိုးကသူသူအောင်
လိုက်နေသလိုလိုလေ နင်လည်းသိတာပဲ'

'အင်းလေ… အဲဒါဘာဖြစ်လို့လဲ'

'ဟဲ့ … ဘာဖြစ်ရမှာလဲ … အခု အဲဒီမျက်ပြူးက နင့်ဆော
သံလိုက်လိုရော တောက်တဲ့လိုပါ ကပ်နေတာကို ဒီတော့မိသူစိတ်ထဲ
ကောင်းမှာလဲ'

မေရိုးကဘာမှမပြောဘဲပြုံးနေတယ်။ သူစဉ်းစားနေတာကတ
သူသူအောင်ကိုအောင်သွယ်နိုင်းတဲ့ကိစ္စပြောရင် ကောင်းမကောင်း။ မိသူ
က မင်းမင်းစိုးကိုငြင်းမယ့်ပုံမပေါ်။

'ငါ့ဆီးကို မင်းမင်းကပ်တာ အကြောင်းရှိလို့ပေါ့ဟဲ့'

မေရိုးကပြောတော့ မိုးပေါ်ကိုမော့ကြည့်ရင်း ဘာတွေတွေးနေ
မသိတဲ့ သူသူအောင်ကပါ လှည့်ကြည့်တယ်။ ဝါဝါလှိုင်က မေးတ

'ပြောစမ်းပါဦး'

'သြော်… ဘာကိစ္စရှိရမှာလဲ ချစ်ရေးချစ်ရာကိစ္စပေါ့၊သူက
အောင်ကိုကြိုက်လို့ ငါ့ကိုပြောခိုင်းတာ'

မေရိုးက အမှန်အတိုင်းပြောပေမယ့် ကျန်သုံးယောက်ကမယုံ
စန္ဒာက ပြောပြန်တယ်။

'မဖြစ်နိုင်ဘူးမေရိုး… ဒါတို့ကိုကလေးတွေမှတ်ပြီး လာပြီးမ



'အေးလေ… သူသူအောင်က သူ့အပေါ်ဒါလောက်တောင်းနေတာ
ကိုပြောစရာရှိ ဘွင်းဘွင်းပေါ့၊ ဘာမှကြားခံနယ်တွေ သုံးစရာမလိုပါဘူး'

'ဟဲ့… အဲဒါတော့ သူတို့ကိစ္စ…ငါပြောတာက ငါ့ကိစ္စ…ထုံတာ
ဆုံတာနင်တို့ကိစ္စ… မိသူ…အဲဒီကိစ္စကို နင်ဘယ်လိုလုပ်မလဲ'

မေရိုးက တစ်လက်စတည်း သူသူအောင်ကိုမေးတယ်။

'အဲ…ဘယ်ကိစ္စလဲ…နင့်ကိစ္စတွေကများလွန်းတော့ ဘယ်ကိစ္စ
ကိုမေးလို့မေးမှန်းမသိဘူး'

'သြော်… မင်းမင်းစိုးက နင့်ကိုကြိုက်လို့တဲ့'

'ကြိုက်တာပဲ ကြိုက်ပေါ့'

'သြော…ဒါဆိုနင်ကလည်း လက်ခံတယ်ပေါ့…ဒါဆိုငါ ပလတ်
(+)ပြလိုက်တော့မယ်နော်'

သူသူအောင်က တင်းသွားတယ်။

'ဟဲ့… နင့်ဘာသာ ပလပ်စ်ပြပြ မိုင်းနပ်စ်ပြပြ ငါကနွဲ့ပြောနေ
တာ။ သူ… ငါ့ကိုကြိုက်ရင် ကိုယ်တိုင်လာပြောလို့ပြောလိုက် နင်လည်း
ဘာမှ ကြားကားလုပ်ပေးစရာမလိုပါဘူး၊ ပြီးတော့… တစ်ခါတည်း
အဖြေပေးရလောက်အောင်လည်း ငါက သူ့ကိုငမ်းငမ်းတက်ဖြစ်နေတာမှ
မဟုတ်ဘဲ'

'ဟုတ်တယ် မိသူ… မှုသာမှု'

ဝါဝါလှိုင်ကပြောတော့ သူသူအောင်ကမော်မော်လေးပြုံးတယ်။

'ဒါပေါ့… မှုရမှာ…အာ… ဟဲ့… မိဝါရဲ့ ငါက မှုနေတာ
မဟုတ်ဘူး၊ တကယ်မကြိုက်တာ'

'ဟုတ်လို့လား မိသူရယ်၊ အရမ်းလည်းမှုမကောင်းဘူးနော်၊ တော်
ရှိုဝဲမှုလေ'

စန္ဒာကလည်း ဝင်ပြောတယ်။ သူသူအောင်လည်းပြန်ကြိုက်နိုင်

www.burmeseclassic.com

တယ်ဆိုတာ အချင်းချင်းသိပြီးသားတွေပဲ။ မေမျိုးက ရုပ်တည်နေတဲ့ သူ
အောင်ကို ပြောတယ်။ တကယ်တော့ သူသူအောင်က ရှက်လို့ မူနေခြ
သာ။

'ကဲပါ မိသူရယ်… ဒီတစ်ခါတော့ မူလိုက်ဦးနော်၊ နောက်တစ်
ဆို ငါပလပ်စ်ပြလိုက်မယ်သိလား'

'အို… နင့်ကို ငါပြောပြီးပြီ ကိုယ်တိုင်လာမပြောတဲ လက်မခံ
ဘူးနော်… ဟွန်း'

'အေး… ဒါတော့ဟုတ်တယ်… ယောကျ်ားပီပီရည်းစားစကား
တော့ပြောသင့်တာပေါ့ အခုတော့ သင်းကအကြံကြီးကြီးနဲ့ဟဲ့'

စန္ဒာကပြောတော့ ကျန်ကောင်မလေးတွေ စိတ်ဝင်စားသွားကြ
တယ်။

'ဘယ်လိုကြီးတာလဲ'

'ဟုတ်တယ်လေ…သင်းကကြွက်ပျင်း… မေမျိုး ပြောပေး
အဆင်ပြေသွားရင် သူကသာသာလေးပဲ… သူ့စိတ်ထဲမှာအဆင်ပြေမပြေ
ကြိုမသိလို့ ကိုယ်တိုင်လာမပြောတာလေ မပြေရင်ပါးအချခံရမယ်…
…အခုမေမျိုးကိုတီးခေါက်နိုင်းလိုက်လို့ သူ့ဘက်ပါမှဝင်လာမှာဟဲ့'

'အေး… နင်ပြောတာဖြစ်နိုင်တယ်…မိသူ…နင်တင်းတင်းနေ
…အရမ်းရောရင်ပေါ်တယ်'

'ဟုတ်တယ်…နင့်ကိုသူကိုယ်တိုင် Propost လုပ်မှပျော့ချင်ပျော့'

'ဟုတ်တယ်… လောလောဆယ် နင်တို့ပြောသလို ငါတင်းထား
မယ်၊ သင်းကငါ့ကို ချောင်ချောင်လေးရမယ်ထင်နေတာ… ကျပ်ကြောင်းပြ
သေးတာပေါ့'

'အေး… နင်ကျပ်ကြောင်းပြလိုက်စမ်းဘာ'

ဝါဝါလှိုင်စကားအဆုံးမှာ ခဏငြိမ်နေကြသေးတယ်။





ပြီးမှ… သံပြိုင်ရယ်လိုက်ကြတယ်။

ဒီအချိန်မှာပဲ အဆောင်ခြံစည်းရိုးရှေ့မှာ ဂစ်တာကိုင်ထားတဲ့လူငါး
ယောက်ကို တွေ့လိုက်ရတယ်။

'ဟယ်…ဟိုမှာ…ဟိုမှာ…အပေါ် ဂစ်တာလာတီးတယ်တော့်…
…ရာကြီး…ဟယ်…ဗလကြီးတို့ဟဲ့'

အတင်းကာရောကြီးကို ဝမ်းသာအယ်လဲဖြစ်သွားတဲ့ ဝါဝါလှိုင်ကို
…သုံးယောက်က မျက်စောင်းဝိုင်းထိုးလိုက်ကြတယ်။

'ဟဲ့…ဘယ်လိုဖြစ်လို့ ဒါလောက်နန့်နေတာလဲ'

'အေးလေ… ကောင်မ… တော်တော်ဖြစ်နေတယ်…ဟုတ်လား'

ဝိုင်းဟောက်လိုက်မှ မျက်နှာငယ်နဲ့ပြန်ငြိမ်သွားတယ်။ မင်းမင်းစိုးတို့
…ယောက်က ခြံပြင်အုတ်ခုံမှာနေရာအသေအချာယူတယ်။မှင်စာရဲ့တခေါင်
…ခေါင် တခင်ခင်ကြိုးညှိသံနဲ့အတူ ဘုရားလူကြီးရဲ့ အသံပြကြီးပေါ်လာတယ်။

'အဟမ်း… ဟုတ်ကဲ့…အများပြည်သူအနားယူနေကြတဲ့ တနည်း
…ဖြင့်ပြောရရင် မင်္ဂလာအပေါင်းခညောင်းနေတဲ့ ဒီလိုညချမ်းအချိန်အခါ
…ယမှာ…'

'ဘုရားလူကြီးကတော့ လုပ်ပြီ၊ မင်းရဲ့ ဘုရားလူကြီးလေကိုမပြင်
…ဘူးလားဟ'

ဗလကြီးရဲ့စကားကို မကြားချင်ယောင်ဆောင်ပြီး ဘုရားလူကြီးက
သူ့စကားကိုဆက်တယ်။

'ကျွန်တော်များ…ခံစားချက်ကိုဖွင့်အံကြမယ့် သူတစ်စုရဲ့သဒ္ဒါအသံ
…ကြောင့်စိတ်အနှောက်အယှက်ဖြစ်ကြမယ်ဆိုရင်…မေတ္တာတရားရှေ့ထားပြီး
…ဘော့ခွင့်လွှတ်သည်းခံကာ နားဆင်ပေးကြပါလို့ ပဏာမအနေနဲ့ဂါရဝတရား
…နှင့်တကွအနူးအညွတ် တောင်းဆိုအပ်ပါတယ်ခင်ဗျာ'

အဆောင်သူတွေက ဘယ်သူမှမအိပ်ကြသေးပါ။ သူတို့…

www.burmeseclassic.com

ကြောင့်ဝရုန်တာဆီရောက်သွားရောက်၊ ပြတင်းပေါက်ကကြည့်သူကြည့်နဲ့ ဝင်စားကုန်ကြတယ်။ ဘုရားလူကြီးရဲ့ပဏာမဆိုတဲ့စကားအရှည်ကြီးအ မှာ ခပ်လောင်လောင်ကျောင်းသူတစ်စုထံမှ အသံထွက်လာတယ်။

'ဘာလဲ… ဆေးရောင်းမလို့လား၊ ကျွန်မတို့ အဆောင်သူ ကျန်းမာရေးကောင်းကြပါတယ်၊ မဝယ်သေးပါဘူးရှင့်'

ကွန်ဖြူးသန့်ကလည်း…

'ဟုတ်တယ်… မင်းဟာကလဲ မြို့ပတ်ရထားပေါ်ဆေးရောင်း အော်နေသလိုပဲ'

'မင်းဘာသိလို့လဲ၊ ကိုယ်ပြောချင်တဲ့ အဓိကအကြောင်းအရာ တိုက်ရိုက်မပြောဘဲ ဒီလိုခြေဆင်းလေးမျိုးတော့ လှုံ့စိတ်ဝင်စားတာပေ့ါ ယဉ်ကျေးတဲ့စကားလုံးအသုံးအနှုန်းနဲ့ဆိုတော့ နားထောင်သူရဲ့စိတ်ကို ညှတ် စေတာပေ့ါ၊ ဒါမျိုးကို ပဋိသန္ဓေရစကားလို့ခေါ်တယ်… မှတ်ထား'

'ခွေးကောင်…ကောင်မလေးတွေရှေ့မှာမှ ဒီစကားကိုမှားရသလ ပဋိသန္ဓာရစကားလို့ပြောရတာဟ…ငါ နားရင်းတီးလိုက်ရမကောင်းရှိ မယ်'

'ဖုန်း'

ဗလကြီးက လက်ရွယ်တုန်းရှိသေးတယ်၊ ကွန်ဖြူးသန့်က နားရ တီးပြီးနေပြီ။ ကောင်မလေးတွေထံက ရယ်သံတစ်ခစ်ခစ်ထွက်လာပေမယ့်… ဘုရားလူကြီးက ရုပ်တည်ကြီးနဲ့ သူ့စကားကိုဆက်ပြန်တယ်။

'ဟုတ်ကဲ့… လူတိုင်းလူတိုင်းရဲ့ရင်ထဲမှာ ခံစားချက်ကိုယ်စီရှိ ပါတယ်။ဒီလိုပါပဲ…ကျွန်တော်တို့မှာလဲ ဟောဒီရင်ဘတ်ကြီးနဲ့အပြည့်အသိ

… ဗုန်း…ဗုန်း…

(ဘုရားလူကြီးက သူ့ရင်ဘတ်ကိုပုတ်…ပုတ်ပြလို့ ထွက်လာတဲ့အသံပါ)

…ပွင့်အံထွက်ကျလာတော့မယ့် ခံစားချက်တွေရှိနေပါတယ်'







'ဘာလဲ… ဖဲကြေးတွေများလို့ ရင်ပူနေတာလား'

အဆောင်သူတွေထံမှ အသံထွက်လာလို့ ဘုရားလူကြီးမျက်နှာရှုံ့မဲ့ တယ်။

'ဟေ့ကောင်…မင်းလျှာကြောရှည်နေတာ လိုရင်းကိုမရောက်တော့ '

'အေးလေ…ငါတို့သီချင်းမဆိုရဘဲ မိုးလင်းတော့မယ်'

မှင်စာတို့ကပါ ဝိုင်းဟောက်တော့မှ…

'ဟုတ်ကဲ့…ဒီလိုပါပဲ…အကြွေးထူတာကတော့ ထုံးစံလိုဖြစ်နေလို့ ရထူနေပါပြီ၊ အခု…ကျွန်တော်တို့ရင်ထဲက ခံစားချက်တွေနဲ့ထပ်တူကျ ဒီကအဆောင်သူတွေကို မျှဝေခံစားနိုင်အောင်လို့ ကျွန်တော်တို့ရောက် ကြတာပါ။ တကယ်တော့… ကျွန်တော်တို့က D.J ပွတ်ပြီး ကျွန်တော် ရဲ့ခံစားချက်တွေကို 'လွှတ်'ချင်တာပါ၊ ဒါပေမဲ့…'

'ဟေ့ကောင်…ဘုရားလူကြီး'

ဗလကြီးရဲ့အသံကျယ်ကျယ်နဲ့အတူ လက်သီးအကြီးကြီးမျက်နှာနား ရောက်လာတော့မှပဲ ဘုရားလူကြီး သူ့စကားကိုအဆုံးသတ်နိုင်ရှာတယ်။

'အဲ… D.J စက်ကမဝယ်နိုင်သေးလို့၊ လောလောဆယ်ရှိရှိသမျှ တာစုတ်လေးတစ်လက်နဲ့ပဲ…ကဲ ဂစ်တာဆရာ ကိုမှင်စာရေ…စလိုက် ကြို့လားဗျာ'

ဘုရားလူကြီးရဲ့ ပဏာမမိတ်ဆက်စကားရှည်ကြီး အဆုံးမှာပဲ ဆောင်သူတွေရဲ့ ရယ်သံနဲ့အတူ မှင်စာရဲ့ဂစ်တာသံပေါ်လာတယ်။ ဂစ်တာ တော့ ထုံးစံအတိုင်း A.C.G အကွက်တွေပါပဲ။

'အချစ်ဆိုတာကောင်းကင်က ငှက်တစ်ကောင်လိုပဲ × × × ဘ အပုံသန်းမှအဓိပ္ပာယ်တွေရှိတယ် × × × သို့ပေမယ့် × × × တ သန်းလာခဲ့ရတဲ့ × × × '



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုသံတွေက တစ်ယောက်တစ်မျိုးနဲ့ ကပေါက်တိကပေါ
ချာထွက်လာတယ်။ ဂစ်တာတီးသူကလည်း သူတီးတတ်တာပဲတီးနေ
ဂစ်တာသံကတခြား၊ ဆိုသံတွေကတခြား တော်တော်နားဝင်ပီယံဖြစ်နေ
ပေါ့။

ဒါပေမဲ့ …သီဆိုတီးခတ်သူတွေက တတ်သချှမှတ်သမျှနဲ့ အ
ကြိုးမာန်တက်ဖျော်ဖြေပေးနေကြတာမို့ နားဆင်သူတွေကလည်းသည်း
နားထောင်ပေးကြတယ်။ဖျော်ဖြေသူနဲ့နားဆင်သူများ ဟာမိုနီဖြစ်လိုက်ကြသ
မှာ ညည့်အတော်နက်သွားတော့တာယ်။ ဒီလိုနဲ့ပဲ ….

၉

သူသူအောင်အိပ်နေရာကနေ မျက်နှာပူသလိုလိုဖြစ်လာလို့မျက်
ဖွင့်ကြည့်လိုက်တယ်။ ဒါပေမဲ့ အလင်းရောင်ကစူးခနဲဝင်လာလို့ မျက်လုံး
မှိတ်လိုက်ပြီး ပြန်မှိန်းကယ်။ ညကသီချင်းသံတွေကို နားထဲပြန်ကြားရင်
လိုက်တယ်။ ကြည်နူးလာသလိုလိုတောင် ဖြစ်မိသေး။

နောက်မှပြုံးနေတဲ့မျက်နှာ ပြုံးပြုံးပျာပျာနဲ့ဖြစ်သွားပြီး လူကလ
ထိုင်လျှက်သား။ ဘေးကိုဝေ့ကြည့်လိုက်တော့ ကျန်လေးယောက်လည်း
ကြသေးပါ။ဒီနေ့သူသူအောင်အိုးသူကြီးမို့ နာရီကိုကြည့်လိုက်တော့…ရှစ်
ခွဲ။ နေမျက်နှာထိုးမှနိုးတယ်။

'ဟယ်… သွားပြီတော့'

သူစိတ်ညစ်သွားတယ်။ ဒီအချိန်မှထပြီး ချက်ပြုတ်ရင်မမီတော
သေချာတာကတော့ ဒီနေ့မနက်စာနဲ့နေ့လည်စာကို ဝယ်ကျွေးရပြီ။ မေမို
ကလည်း ကုလားသေ တရုတ်မောနဲ့ ဗမာလိုဟောက်ရင်းအိပ်နေကြတယ်

သေချာတာကတော့ တခြားကျောင်းသူတွေလည်း မနိုးကြသေ



တာ။ သီချင်းက တစ်ခါမှ လာမဆိုဘူးတော့ ဆောင်လုံးကျွတ်အားပေးကြ
တာလေ။

'ဟဲ့…မိဝါ…ထ…ဟဲ့…မေမိုး'

သူသူအောင်နှိုးလိုက်မှ အားလုံးပြူးတူးပြဲတဲနဲ့ထလာကြတယ်။

'ဘယ်အချိန်ရှိပြီလဲ'

'ကိုးနာရီထိုးတော့မယ်'

'ဟယ်…ဒါဆိုဒုက္ခတော့ရောက်ပြီ'

ကောင်မလေးတွေ အိပ်ယာတောင်မသိမ်းနိုင်ကြတော့ဘဲ တခြား
အခန်းတွေကိုလိုက်နှိုးရင်း ရေချိုးခန်းဘက်ပြေးသွားလိုက်ကြတယ်။ တစ်
ဆောင်လုံးက ကောင်မလေးတွေရဲ့တစ်ယောက်တစ်ခွန်းအသံက လမ်းပေါ်က
ကားသံတွေနဲ့ Remix ဖြစ်ပြီးဆူညံပွက်သွားတော့တာ။

× × ×

မင်းမင်းစိုးက သူသူအောင်နဲ့မြက်ခင်းပေါ်မှာပြေးနေတယ်။ Rကြီး
နဲ့ပိုင်းစုတို့ရဲ့လိုက်ဖက်တဲ့ ဘဝသီချင်းသံနဲ့မြူးနေတယ်။သူသူအောင်က သူ့
လက်ကိုလွှတ်ပြီး သစ်ပင်ကိုပတ်ပြေးတယ်။ သူကလည်း သစ်ပင်ကိုပတ်ပြီး
လိုက်တယ်။ ခဏနေတော့ နောက်ကနေမလိုက်ဘဲရှေ့ကနေကြိုစောင့်နေလိုက်
တာ သူသူအောင်ပြေးလာတော့ သူ့နှာခေါင်းနဲ့သူသူအောင့်ပါး ပွတ်ခနဲထိ
မိလို့ ရင်ထဲမီးတွေပွင့်သွားကြတယ်။

သူက ရှက်နေတဲ့သူသူအောင်ကို ဟီးခနဲရယ်ပြတော့ ဟိုက
ပိုရှက်သွားပြီး သူ့ရင်ဘတ်ကိုဆောင့်တွန်းလိုက်တာ…

'ဘုန်း'

'အား'

အနားကရေကန်ထဲကိုထိုးကျသွားလို့ ရင်ထဲအေးမြသွားပြီးလန့်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နေရောင်တော်တော်တော့ ကြောက်လန့်တကြားနဲ့ ယက်ကန်ကန်ဖြစ်နေတယ်။တဖြည်းဖြည်းအသက်ရှုကျပ်ပြီး မျက်လုံးပွင့်သွားမှ ခုတင်ပေါ်ကပြုတ်ကျပြီး ခြင်ထောင်နဲ့လုံးထွေးနေလို့ မနည်းဖြည်ပြီးထိုင်လိုက်ရတယ်။

နာရီက ကိုးနာရီနီးပြီ။ တစ်ခါမှ အိပ်ယာထနောက်မကျဘူးတော့ အထူးအဆန်းနဲ့ဗလကြီးတို့ကိုကြည့်လိုက်တယ်။ တစ်ဆောင်လုံးတိတ်ဆိတ်နေပြီဆိုတော့ သူတို့ကလွဲပြီး သွားကုန်ကြပြီထင်တယ်။

'ဟောကောင်တွေ…ထကြဟ'

သူ့အသံဆိုးဆိုးကြီးနဲ့ အော်ကြာကြာနှိုးလိုက်မှပဲ လေးယောက်သားကပြူးကပြဲနဲ့ထပြီး ရေချိုးကန်ဆီပြေးသွားကြတော့တာ။ သွားတောင်သေသေချာချာမတိုက်အားတော့ဘဲ ရေကပျာကယာချိုးလိုက်ကြတယ်။

မှင်စာက အအေးပုလင်းကိုတစ်ချက်စုပ်လိုက်ပြီး ဘုရားလူကြီးရဲ့ မှုန်တေတေမျက်နှာကိုမဲ့ရွဲ့ကြည့်တယ်။ ညကတော့ တီးကောင်းကောင်းနဲ့ တီးပြီး ခုတော့ လက်တွေကနာနေလို့ တခြားလူတွေကိုစကားတောင် ဟဟာမပြောချင်။ဘုရားလူကြီးကလည်း အသံတွေနာပြီးအိပ်ချင်နေတယ်။ငါးယောက်သားအိပ်ချင်မှေးတေးနဲ့ထိုင်နေကြတယ်။

အတန်းတစ်ချိန်မှကို မတက်ကြဘဲထိုင်နေကြတာ။ သူတို့ရောက်တော့အတန်းနှစ်ချိန်ပြီးခါနီးပြီ။

ဒီတော့တက်မနေတော့။

'တစ်မနက်တလေပျက်တာ ဘာမှမဖြစ်ပါဘူးကွာ၊ ဟုတ်တယ်မဟုတ်လား ဖိုးပြူး'

'ဒါပေါ့… ဘာမှမဖြစ်ပါဘူး'





ဗလကြီးရဲ့စကားကို မင်းမင်းစိုးကပြန်ဖြေပြီး ကွန်မြူးသန့်က မျက်စောင်းထိုးတယ်။

'ဒီလိုစိတ်ဓာတ် ဒီလိုအကျင့်တွေရှိနေရင်…တိုးတက်ဦးမယ်…ဒါကြောင့်စိတ်ထားကိုမြင့်မှ လူမျိုး….'

'ဟောကောင်တော်ကွာ… ဒဿနစကားတွေပြောချင်ရင် ကွင်းပြင်ကျယ်မှာ တစ်ယောက်တည်းသွားပြော'

'ဟ…တစ်ယောက်တည်းပြောရင် ငါ့ကိုတစ်ခြားလူတွေက အရူးလို့မြင်ကြမှာပေါ့'

'သြော်…မင်းကလည်း သူတို့အမှန်ကိုအမှန်အတိုင်းမြင်ရမယ့်ဟာကို မင်းကဘာလို့စိတ်ဆိုးနေလဲ'

'ဘာကွ'

ကွန်မြူးသန့်က စပ်ဖြီးဖြီးဖြစ်နေတဲ့မင်းမင်းစိုးကို စိတ်ဆိုးသွားတယ်။ သူက မင်းမင်းစိုးနဲ့မတည့်။ မတည့်ဆိုသူ့စကားတွေကို ကန့်လန့်တိုက်တိုက်နေတာကို။

ဗလကြီးက ကလေးနှစ်ယောက်အဖေလေသံနဲ့…

'အကြီးရော…အငယ်ပါတော်ကြ၊ မင်းတို့နှစ်ကောင်ကလည်းတွေ့တာနဲ့ ပြိုင်ဟောင်မယ်ဆိုတာပဲ'

ပြောလိုက်လို့ ဇက်ပုသွားကြတယ်။ တွေ့တာနဲ့ပြိုင်ကိုက်တဲ့ ခွေးနဲ့ကြောင်လို့ ပြောရင်နှစ်ယောက်သား သူကြောင်ငါကြောင်နဲ့ ငြင်းနေကြဦးမှာ။ ဒါပေမဲ့ နှစ်ယောက်လုံးငကြောင်တွေဖြစ်ကြောင်းကို ထိုင်နေတဲ့ တခြားကျောင်းသူတွေကိုမေးရင်း သက်သေပြတယ်။

ကျောင်းသူတွေဒီလောက်များမှတော့ ရောင်စုံပန်းပွင့်တွေကြား ရောက်နေတဲ့ပုရွက်ဆိတ်လို ဘယ်အပွင့်ကိုတက်ကိုက်လို့ကိုက်ရမှန်းမသိ ယောင်လည်လည်အူကြောင်ကြောင်ဖြစ်နေတာတော့ မှန်ရဲ့

www.burmeseclassic.com



ဒီအချိန်မှာပဲ သုန်မှုန်နေတဲ့မျက်နှာထားတွေနဲ့ သူတို့ဆီလာနေတဲ့ သူသူအောင်တို့ကိုမြင်ပြီး သွားကြီးတွေဖြီးသွားကြတယ်။

သူသူအောင်တို့ငါးယောက်က ပေတုံးတုံးရုပ်ကလေးတွေနဲ့ ဝင်ထိုင်ရင်းစားစရာတွေမှာတယ်။ ပြီးမှ ဝါဝါလှိုင်က…

'နင်တို့မကောင်းလို့ ငါတို့အတန်းတစ်ချိန်လွတ်သွားတယ် မသာတွေရဲ့'

ချစ်စဖွယ်ပြောလို့ မင်းမင်းစိုးတို့မဲ့သွားကြတယ်။

'ငါတို့ကြောင့်ဆိုတာ ဘာလဲ'

'ဟဲ့… ညက နင်တို့အသံဆိုးတွေနဲ့ လာအော်နေလို့ ငါတို့အအိပ်ပျက်၊ အအိပ်ပျက်တော့ နေမြင့်မှနိုးတာပေါ့'

'ဟင်… နင်တို့ဘာသာနားထောင်တာလေ ဘာလို့မအိပ်လဲ'

'ဟဲ့… နင်တို့ငါးလောင်းပြိုင်အသံကြီးက တစ်ဆောင်လုံးအိပ်မရတာဟဲ့၊ အိပ်မရမယ့်အတူတူ ငုတ်တုတ်ထိုင်နေကြတာ၊ နားထောင်ကောင်းလို့တော့မဟုတ်ဘူးဟေ့'

တစ်ယောက်ပြီးတစ်ယောက် ပြောနေကြလို့ နားငြီးလာကြတယ်။ ဒါပေမဲ့ မင်းမင်းစိုးကတော့ မခံ။

'နင်တို့ဘာသာ အအိပ်ကြီးကြီးတယ်ပေါ့၊ ငါတို့ကိုအပြစ်လာတင်မနေနဲ့ လူတင်ပါလို့နွားခွေးကိုက်တာ'

'ကျားကိုက်တာပါဟယ်'

မေမျိုးက ဝင်တည့်ပေးပေမယ့်…

'ငါသိပါတယ်…ဆရာမလုပ်နဲ့…ဒီမှာကျားဆိုတာ စာအုပ်ထဲပဲရှိတော့တာ ကိုက်မယ့်ကိုက်ခွေးပဲကိုက်မှာပေါ့၊ ခွေးတွေပေါတာကို'

'ဘာပဲဖြစ်ဖြစ် နောက်တစ်ခါလာမအော်ကြနဲ့ဟာ'

တစ်ညတည်းနဲ့ ပရိတ်သတ်ရဲ့ထောက်ခံမှုကို အနိုင်အမာရသွား





တယ်။ မင်းမင်းစိုးက သူသူအောင်ကိုအကဲခတ်နေတယ်။ ဒါပေမဲ့ မျက်နှာကစာတယ်။ မေမျိုးနဲ့ ပြောနိုင်းတာမှားများသွားပြီလားတွေးတယ်။ သူသူအောင်က ရိုးရိုးသားသားခင်တာဆိုနာပြီလို့ တွေးပြန်တယ်။

မှင်စာနဲ့ကွန်ဖြူးသန့်ကတော့ ဘယ်သူရယ်လို့ သတ်သတ်မှတ်မှတ်ရှိ။ ဒါပေမဲ့ဗလကြီးတို့သုံးယောက်ကြိုက်နေတဲ့ကောင်မလေးသုံးယောက်ကိုမယ်ပြီး ဖြူပြာနဲ့မေမျိုးကို ငမ်းတယ်။ မင်းမင်းစိုးက ကြေးအိုးသောက်နေတဲ့မေမျိုးကိုမေးရင်း သူသူအောင့်စိတ်ကိုစမ်းသပ်တယ်။

'မေမျိုး အခြေအနေဘယ်လိုလဲ'

'အေးဟ… ဒီဆိုင်ကကြေးအိုးမဆိုးဘူး အနံ့ကသိပ်မကောင်းပေမယ့် အရသာကောင်းတယ်၊ အသားတုံးလည်းများတယ်'

'များမှာပေါ့ တစ်ပွဲသုံးထောင်ကိုးဟဲ့'

'အေးလေ…ဈေးကလည်းကောင်းပါတယ်'

ပြန်ပြောတဲ့စကားတွေက တလွဲ…ဒါနဲ့…

'အာ…ငါပြောတာ ဒီကိစ္စမဟုတ်ဘူးလေဟာ…အယ်…ဟိုကိစ္စ'

မင်းမင်းစိုးက သူသူအောင်ကို မျက်စပစ်ရင်းပြောမှ…

'သြော်…ပေါက်ပြီ…အခြေအနေကတော့…'

မေမျိုးက ရုပ်ချက်ချင်းမာသွားတဲ့ သူသူအောင်မမြင်အောင် မင်းမင်းစိုးကိုမဲ့ပြတယ်။ အခြေမလှဘူးဆိုတဲ့သဘော။ မင်းမင်းစိုးက သက်ပြင်းတိုချရင်း မှိုင်သွားတယ်။ ပြီးမှ… ညှောင်နာနာအသံနဲ့…

'စားလို့ကောင်းလား သူသူ'

မျက်နှာချိုသွေးရင်းမေးတော့…

'နင်မမေးခင်အထိတော့ ကောင်းတယ်'

ပြန်ဖြေလို့မဲ့သွားတယ်။ အနေအထားကတော့ ဆက်မြေချင် ဝါးချခံရဖို့ပဲ ရှိတယ်။ စားသောက်ပြီးတော့ သူသူအောင်က…



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ကော်ရစ်တာဘက်ပြန်သွားတော့မယ်'

ပြောတော့ ဗလကြီးတို့က ဝမ်းသာအားရပြောတယ်။

'ငါတို့လည်းလိုက်မှာပေါ့…အဟဲ…'

'ဒီမှာထိုင်ရတာ ပျင်းစရာကြီး'

'မေမျိုး နင်နေခဲ့ဦးမှာလား'

'အော်…အေး…ခဏလေး နေဦးမယ်'

နောက်ဆုံး မင်းမင်းစိုးနဲ့ မေမျိုးပဲ ကျန်ခဲ့ကြတယ်။ မေမျိုး မျက်နှာနာနေတဲ့ မင်းမင်းစိုးကိုကြည့်ပြီး ပြုံးတယ်။

'အခြေအနေကတော့ နင်မြင်တဲ့အတိုင်းပဲ၊ ဒါပေမဲ့ စိတ်မပျက်ပါ ဟာငါ့ကိုအောင်သွယ်နိုင်းလို့ သူ့ရှက်တာဖြစ်မှာပေါ့'

'ဟာ…မဖြစ်ပါဘူး…ဒါပေမဲ့ မျက်နှာမာကြီးနဲ့ဟ'

'အော်…မိန်းကလေးဆိုတာ ဒီလိုပဲလေ၊ မူတာလည်းဖြစ်ချင်ဖြစ် မှာပေါ့ လိုက်ပြောပါဟာ…မသကာပါးလောက်ပဲ ကျွတ်ကျွတ်ကျိုးမှာ

'အဟု'

မင်းမင်းစိုး မျက်နှာငယ်လေးနဲ့ဖင်ပါကျုံ့ဝင်သွားတယ်။ နဝိုဏ သူသူအောင်ကို သူကကြောက်တယ်။

'နင်ကလည်းဟာ…အားကိုးပါတယ်ဆိုမှ…ဟွန့်'

'ငါက နောက်တာပါ…အလွန်ဆုံးရိုက်နိုင်မှ နှစ်ချက်ပေါ့ဟာ'

'ဟာ… တော်ဟာ…တော်'

တခစ်ခစ်ရယ်နေတဲ့မေမျိုးကိုကြည့်ပြီး မင်းမင်းစိုးစိတ်လက်ပျာ သွားတယ်။ အထင်နဲ့လက်တွေ့က ဘီယာနဲ့အရက်လိုကွာတယ်။ မူးတာချင်း တူပေမယ့် ဘီယာက အဝင်ကောင်းတယ်လေ။

'နင်ဟယ်… ယောကျ်ားကြီးဖြစ်ပြီး ကြောက်တတ်လိုက်တာ'

'ဟ…ယောကျ်ားကြီးလည်း ရိုက်ရင်နာတာပဲ'





'အဲဒါကြောင့်နင့်ကိုမိသူမကြိုက်တာ ယောကျ်ားဖြစ်ပြီး အဖြစ်ကိုမရှိ ဘူး ငါကနင်ကြိုက်တဲ့အကြောင်းပြောတော့ မျက်နှာကြီးမာသွားတယ်၊ငါက တောသားနုံ့နုံ့အအဖို့ခင်တာ သင်းကအခွင့်အရေးယူတယ်တဲ့၊ အနားကပ်လာ ဖို့ကတော့ မသနားဘဲပါးဆွဲချလိုက်မယ်တဲ့'

'အော်… တော်တော်ချစ်ပုံရတယ်'

မင်းမင်းစိုးပါးပွတ်ရင်း မျက်နှာပိုငယ်သွားတယ်။

'ဒါပေမဲ့… ငါနောက်တစ်ခါထပ်ပြောပေးကြည့်မယ်လေ၊သူမူတာ လည်းဖြစ်ချင်ဖြစ်မှာပေါ့'

'အေးဟာ…အားကိုးပါတယ်၊ သူကဆင်အကောင်လိုက်ကြီးပြော တဲ့ ငါက အထီးလားအမလားကြည့်… အဲလေ…ဆင်ခြေရာကြီးလောက် တော့ ရှာကြည့်ချင်သေးတယ်။ ဟိုစကားပုံလိုပေါ့…ဘုန်းကြီးအပတ်ဖြေတာ လေ'

'ဟယ်… ရသေ့စိတ်ဖြေပါဟယ်'

'ဟာ… ငါ့ဘာသာဖြေချင်ရာဖြေမယ်…မေမျိုး'

'ဘာလဲ'

'ပြောပေးပါဟာ… လောလောဆယ်တော့ ငါရင်အတော်ပူနေ တယ်၊ငါတို့အဆောင်ကဟိုသူဌေးကောင်က သူ့ကိုကြိုက်လို့လိုက်တော့မယ် တဲ့'

'ဘယ်သူဌေးကောင်လဲ'

'ဟာ…နင်ကလည်း…ဂင်တိုတို ဂိုင်းတောင့်တောင့် နှာခေါင်းဖုဖု၊ အသားမည်းမည်းနဲ့ သိန်းသန်းကြွယ်လေ'

'ဟယ်… နင်ကလည်း အဲဒီအကောင်ရုပ်ပါကို မိသူကမကြိုက်ပါ ဘူး'

'အို… ရုပ်ပါကချူချာပေမယ့် ရေလျှံတယ်ဟ'



www.burmeseclassic.com

www.burmeseclassic.com

'သူ့ကိုဂရုစိုက်မနေပါနဲ့… ပြိုင်ဘက်ရှိတော့ ပိုကောင်းတာပေါ့'

'ငါကတော့ စိတ်ညစ်တာပဲသိတယ်'

'မင်းမင်း'

'ဘာလဲ'

'ငါနင့်ကိုတစ်ခုမေးမယ်… အမှန်အတိုင်းဖြေမှာလား'

မင်းမင်းစိုးက မေမျိုးကိုကြည့်တော့၊ မေမျိုးကလည်း ပြန်ကြည့်တယ်။ အတော်ကြာကြာကြည့်နေကြပြီးတော့မှ မေမျိုးက မေးတယ်။

'နင် မိသူကိုတကယ်ချစ်တာလား'

'အင်း… တကယ်လို့ထင်တာပဲ…သူနဲ့ပတ်သက်ရင် ငါ့ရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်၊ လုပ်ပါမေမျိုးရာ ငါ့ကိုပြောပေးပါဟာ၊ နင့်ကျေးဇူးကိုငါမမေ့ပါဘူး'

'နင်ဒီလောက်ဖြစ်နေရင်လည်း ငါပြောပေးမယ်လေ'

ဒီစကားဆုံးတော့ နှစ်ယောက်သားတိတ်သွားကြပြန်တယ်။

✠



## အခန်း(၁၁)

'မိသူ နင်မင်းမင်းကို စိတ်ထဲသိပ်မထားနဲ့သိလား'

'ဘာဖြစ်လို့လဲ မေမျိုးရဲ့'

'ဒီကောင့်ကြည့်ရတာ နင့်အပေါ်အလေးအနက်မရှိသလိုပဲ၊ ငါကသူ့အသဘောထားကို တီးခေါက်ကြည့်ပြီးပြီသိပ်မဖွံပါဘူး နင်သဘောကောင်းတာကိုအခွင့်ကောင်းယူ အပျော်ကြံရုံပဲလို့ငါထင်တယ်'

သူသူအောင်တွေသွားတယ်။သူလည်း မင်းမင်းစိုးကိုစိတ်ဝင်စားတာချစ်ပေမယ့် တကယ့်အချစ်စစ်ကိုပဲလိုလားတာ။ နှစ်ယောက်သားအဆောင်ချန်တာမှာစကားထိုင်ပြောနေကြခြင်းပင်။

'တကယ်တမ်းပြောရရင် ငါလည်းသူ့ကိုစိတ်ဝင်စားရုံလောက်ပါပဲ၊ ကိုချစ်မချစ်တော့ မသေချာဘူး၊ ဒီကောင်က ဒီလိုမဟုတ်တရုတ်တော့လုပ်မယ်မထင်ပါဘူး'

'ဒါပေမဲ့…တချို့လူတွေက အတွင်းစိတ်နဲ့အပြင်ပန်းနဲ့မတူဘူးနော်' မေမျိုးက ဒီစကားကိုပြောပြီး မလုံမလဲဖြစ်သွားတယ်။

'အေးပါဟယ်… လောလောဆယ်တော့ ဒီအကြောင်းတွေးမိပြောင်းချင်သေးဘူး ငါစိတ်ညစ်နေတယ်'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အမေ နေမကောင်းဘူးပြောတယ်၊ အဲဒါခဏပြန်ရင်ကောင်းမလား စဉ်းစားနေတာ၊ သိပ်တော့မကြာပါဘူး'

'နင့်အမေက တော်တော်ဖြစ်နေလား'

'သွေးတိုးသမားဆိုတော့ ဖြစ်ချင်ချက်ချင်းဖြစ်သွားနိုင်တယ်၊ ငါ့ကို လွမ်းလို့ဖျားတာလည်း ဖြစ်နိုင်တယ်။ ဒီတော့ငါပြန်သွားလိုက်တာ ကောင်းမယ်ထင်တာပဲ'

'ဘာပဲဖြစ်ဖြစ် မိဘကောင်းရှိတဲ့သားသမီးတိုင်းဟာ မိဘကျေးဇူးကိုသိသင့်တာပေါ့၊ မိဘထက်လောလောဆယ် အရေးကြီးတာနင့်မှာဘာမှ မရှိပါဘူး သွားလိုက်ပါ၊ စာတွေ ငါကူးပေးထားမယ်'

'ဒီလိုဆိုရင် နင့်ကိုပဲအားကိုးရမှာပဲ သုံးရက်လောက်တော့နေမှာ သုံးရက်စာစာတွေပြန်ကူးရရင် ဖူင်းစရာကြီး နင်တကယ်ကူးပေးမှာနော်'

'စိတ်ချ...နင့်ကိုယ်စား ငါအကုန်တာဝန်ယူတယ်...တကယ်'

'အားကိုးပါတယ်မမျိုးရယ်... တကယ်...ကျေးဇူးဆပ်တဲ့အနေနဲ့ ငါအိမ်ထောင်ကျလို့သားလေးမွေးရင် နင်နဲ့ပေးစားပါ့မယ်'

'နင်နော်...ငါစေတနာပျက်အောင်မလုပ်နဲ့'

'အေးပါဟယ်...တစ်အုပ်လုံးထဲမှာ နင့်ကိုအခင်ဆုံးပဲ'

'လာဖားမနေနဲ့ကောင်မ... နင်ဘယ်တော့ပြန်မှာလဲ'

'မနက်ဖြန်'

'ဟင်...မြန်လိုက်တာ...ဒါဆိုငါက...မင်းမင်းကို ဘယ်လိုလုပ်ရမလဲ'

'ဘယ်လိုမှလုပ်မနေနဲ့ ပြောမရရင်နင်ယူလိုက်ဟာ ရှပ်တယ်'

'ဟဲ့...ဟိုက နင့်ကိုလို့ပြောတယ်'

'နင့်ကိုငါ့အမှတ်နဲ့ကြိုက်လို့ပြောလိုက်ပေါ့ဟာ'

အဲဒီနောက် ဝရန်တာမှာ သူတို့နှစ်ယောက်ရဲ့ ရယ်သံတွေနဲ့အတူ





တွတ်ထိုးနေကြတယ်။ မေမျိုးက အူမြူးနေတယ်။ သူ့အရှိန်ဈော်နေတာ အမှန်ပဲ။

'မင်းမင်းရယ်...ပိုက်ဆံချေးတော့ ငါ၊ နင်ကပ်တာက ငါ့နား၊ နင်ကိုင်တာက ငါ့လက်၊ ပြီးမှ... သူ့ကိုကြိုက်လို့ဘယ်ရမလဲ'

လို့တွေးရင်း...

၉

'အခြေအနေကတော့နင်မြင်တဲ့အတိုင်းပဲ ဘယ်လိုမှကိုမကောင်းဘူး၊ အခု သူနင့်ကိုကြောက်လို့ ခဏပြန်သွားတယ်'

'ဝါဝါပြောတော့ သူ့အမေနေမကောင်းလို့ ပြန်တာဆို'

'ဒါ... သူတို့ကို အကြောင်းပြချက်ပေးသွားတာပဲ၊ ငါ့ကိုအသေ အချာမှာသွားတယ်။ သူပြန်လာတဲ့အချိန်မှာ နင့်စိတ်ကို အရင်လိုဖြူဖြူစင်စင် မြင်ရဖို့မျှော်လင့်ပါတယ်တဲ့'

'အခုရော...ငါကသူ့ကိုဘာလုပ်နေလို့လဲ'

'နင်ပဲ သူ့ကိုကြိုက်တယ်ဆို၊ ဒါနင့်ဘက်က မရိုးသားတာပေါ့... ကိုယ့်ကိုပြန်မချစ်နိုင်တဲ့ လူတစ်ယောက်ကိုမျှော်မနေပါနဲ့ဟာ'

မင်းမင်းစိုးက စိတ်ပျက်သွားပြီး မေမျိုးကပြုံးတယ်။ မင်းမင်းစိုးနဲ့ အနေနီးတော့ သံယောဇဉ်ပိုတာကတဆင့် မေမျိုးရင်ထဲမှာကျိတ်ပြီးမျှော်လင့် နေမိပြီ။

'ဒါဆို ငါကဘာလုပ်ရမလဲ...'

'ဘာမှလုပ်စရာမလိုပါဘူး ဒီအတိုင်းပဲနေပေါ့...ဒါပေမဲ့ ငါကြင်နာ ကြံ့သလိုပြောကြည့်မယ်လေ'

'တော်ပါပြီဟာ... သူကငါ့ကိုရိုးရိုးခင်တာပဲ ထားလိုက်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုက အနေမတတ်တာပါ။ သူ့အခုလောက်ကြီး ခါးခါးသီးသီးဖြစ်သွား လိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး၊ သူ့မှာချစ်သူရှိလို့လား'

'ငါသိရသလောက်တော့ မရှိသေးပါဘူး။ဘာလဲ နင်စိတ်ညစ်သွား ပြီလား'

'အေးဟာ… စိတ်ရှုပ်တယ်'

'ဒါဆို…တို့နှစ်ယောက်…ကန်ဘောင်ဘက် သွားကြမယ်လေ'

မင်းမင်းစိုးက ဧဝေဇဝါနဲ့မေးတယ်။

'ဘာသွားလုပ်မှာလဲ'

'ဩော်… စိတ်ပြေလက်ပျောက်ပေါ့ဟာ…ဗလကြီးနဲ့မိဝါ… ဘုရားလူကြီးနဲ့စန္ဒာတို့လည်း အဲဒီမှာရှိမှာပဲ'

'သူတို့ကချစ်သူဖြစ်ဖို့သေချာနေပြီ ဒီတော့…အဲဒီကိုသူတို့သွားကြ တာဘာဆန်းလဲ၊ ဒါပေမဲ့…ငါတို့နှစ်ယောက်က ရိုးရိုးခင်တဲ့လူတွေလေ'

ပြောင်းပေးပေမယ့် ရေမလာလို့ မေမျိုးစိတ်ပျက်သွားတယ်။ မင်းမင်းစိုးက ဒါမျိုးကျ အရမ်းအတယ်။

'ကျွတ်… နင်ဟာလေ…ရိုးရိုးခင်တဲ့လူတွေရော အဲဒီကိုမသွားရ တော့ဘူးတဲ့လား…ကဲ'

'အဲ…ငါပြောချင်တဲ့အဓိပ္ပာယ်က…ဒီလိုဟာ…ဟိုလေဟာ ဆေး အတွဲတွေက ငါတို့ကိုသူတို့လိုပဲ ချစ်သူတွေလို့ထင်ရင်'

'ဩော်… နင်က နာတယ်ပေါ့လေ'

မေမျိုးမျက်စောင်းကြီးဝင့်ပြီးပြောလို့ မင်းမင်းစိုးက ဟီးခနဲရယ် လိုက်တယ်။

'ဟီး…ငါကနင့်ကိုအားနာလို့ပါဟာ… ပြီးတော့…တစ်ခါမှအဲဒီ ကိုမသွားရသေးဘူး၊ ငါ့စိတ်ကူးထဲမှာပေါ့ဟာ…ငါရည်းစားရမှ ငါ့ရည်းစား လက်ကိုဆွဲပြီး သွားမယ်လို့စဉ်းစားထားတာ'





'ဒါဆို အခုနင်ကမသွားဘူးပေါ့'

မင်းမင်းစိုးက မေမျိုးကို အသေအချာစိုက်ကြည့်လိုက်သလို မေမျိုး ကလည်း ပြန်ကြည့်နေတယ်။ ခဏနေမှ မင်းမင်းစိုးက သက်ပြင်းကိုချလိုက် ပြီး…

'သွားကြမယ်လေ'

မေမျိုးက မသိမသာပြုံးရင်း မင်းမင်းစိုးနောက်ကလိုက်သွားတယ်။

⊜

'အခုတလော နင်တို့နှစ်ယောက်နေရာတကာ တပူးပူးတတွဲတွဲနဲ့ မျက်စိတောင်ရှုပ်တယ်…မေမျိုး…နင်တို့ရိုးရောရိုးရဲ့လား'

မိဝါက ရေတတ်သီးထောင်းရင်းလှမ်းမေးသလို စန္ဒာကလည်း…

'ဟုတ်တယ်…ဟိုကောင်က မိသူကိုသာကြိုက်တယ်ပြောတာ၊ တပ်တာက နင့်အနားမှာပဲ။ အောင်သွယ်နဲ့ညားတယ်ကြားရဦးမယ်'

လို့ဝင်ပြောတယ်။

ဒီနေ့ကျောင်းပိတ်ရက်မှ မေမျိုးကအိုးသူကြီး။ သူကအိုးထဲကို ခရမ်းချဉ်သီးတွေကို ဇွန်းနဲ့နာမှာမွှေရင်း…

'ခရမ်းချဉ်သီးကို လိပ်သွားအောင်မွှေမှ အဆီထွက်ပြီးဟင်းကပို အရသာရှိတာ…ဖြူပြာ…နင်ဝက်သားတုံးလို့ပြီးပြီလား၊ ရေမြန်မြန်ဆေးခဲ့'

ပြောတော့ မိဝါနဲ့စန္ဒာမျက်စောင်းထိုးကြတယ်။ မေးတာနဲ့အဖြေတ လွဲနေလို့လေ။

'ငါမေးတာက ဟင်းအကြောင်းမဟုတ်ဘူးလေ…လူအကြောင်း'

'ဩော်…သိပါတယ်ဟယ်၊အဲဒီအကြောင်းထက် အစားအကြောင်း ပြောရတာပိုမြန်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မေမျိုး…မှန်မှန်ပြော… နင့်စိတ်ထဲမှာ ဒီငနာကိုရိုးရိုးပဲခင်တာလား… သူ့ဘက်ပါနေတာလား'

စန္ဒာကမေးပေမယ့် မေမျိုးက ဖြူပြာဆီကနေ ရေဆေးထားတဲ့ ဝက်သားတုံးတွေကို အိုးထဲထည့်လိုက်ပြီးမွှေတယ်။ နောက်မှ အိုးဖုံးကိုခေ… အုပ်ထားလိုက်တယ်။

'ဒီလိုဝက်သားကို ငရုတ်သီး၊ ခရမ်းချဉ်သီးနဲ့ခြောက်ခြောက်လေး ချက်၊ ဒန့်သလွန်သီးချဉ်ဟင်းထဲ ပုစွန်ခြောက်ခပ်၊ ငပိရည်ပျစ်ပျစ်လေးကို ငါးနဲ့ဖျော်…ဟင်း…ပြောရင်းတောင်သွားရည်ယိုပြီး ဗိုက်ပါဆာလာပြီ… ဖြူပြာ…ဘယ်နှစ်နာရီထိုးပြီလဲ'

'ဆယ်နာရီထိုးပြီးဆယ့်ငါး'

'ဟယ်…ဒီနေ့မှပဲ အချိန်ကနောက်ကျလိုက်တာ၊ ဒီဟင်းအိုးကျ… ရင်ရေချိုးပြီးဘးလို့ရပြီဟာကို…အခုတော့ရေချိုးပြီးတာတောင် ထိုင်စောင့်ရ… မယ်'

'အေးဟာ…နင်ပြောမှပဲ ဗိုက်ကပိုဆာတယ်…ဈေးထဲက စားထ… တဲ့မုန့်ဟင်းခါးနှစ်ပွဲကလည်းဟယ်…ပန်းကန်လုံးပဲပိုသေးသွားလားမသိဘူ… ဘယ်နကြားမှမကပ်ဘူး'

အစားပုတ်မစန္ဒာက မေမျိုးစကားကိုထောက်ခံရင်း သူ့မေးခွန်း… သူမေ့သွားတယ်။

ဝါဝါလှိုင်က မျက်စောင်းထိုးရင်း ချိုးမွှမ်းတယ်။

'ဟွန်း… လူကြည့်တော့နံရိုး…စားလိုက်တာကလည်း လက်ထ… ချင်စရာ၊ နင်တို့နဲ့ရတဲ့ယောကျ်ားကတော့ ရှာရေပဲဟေ့'

ဒါလည်းမနာပါ။ စန္ဒာက ပြန်ပြောတယ်။

'အို…ရှာကျွေးနိုင်တဲ့ယောကျ်ားကိုရှာယူမယ်ဟာ… ဟုတ်တ… မဟုတ်လား မေမျိုး…ရှာမရတော့လည်း ဘာဖြစ်လဲ ကိုယ့်ကိုမွေးထား…





ဓိဘတွေဆီမှာပဲ သမီးလိမ္မာလေးယောင်ဆောင်ပြီး ပြန်ကပ်စားမှာပေါ့ နော် ဟယ်…'

'ဒါပေါ့… လူ့လောကမှာ စည်းစိမ်အရှိဆုံးအလုပ်က စားတာပဲ၊ စားတာပြီးရင် အိပ်တာ… နေ့လည်စာစားပြီးမှ တစ်ရေးလောက်အိပ်လိုက်ဦး မယ်…ဟား…ပြောရင်းတောင် မျက်လုံးတွေစင်းလာပြီ…စင်းလာပြီ'

ဝါဝါနဲ့ ဖြူပြာက မေမျိုးနဲ့စန္ဒာ့ကိုကြည့်ပြီး မဲ့ရွဲ့သွားကြတယ်။ ငါးယောက်ထဲမှာ သူတို့နှစ်ယောက်က အစားနိုင်ဆုံးပဲ။

'ရည်းစားဘာလုပ်ဖို့ထားနေတော့မလဲ စန္ဒာရယ်…နော်ဟယ်… အာရုံနောက်ကနောက်နဲ့'

'ဒါပေါ့'

ဒီတစ်ခါတော့ မေမျိုးစကားကို စန္ဒာက ရဲရဲမထောက်ခံရဲဘူး။ သူကိုယ်တိုင်က ရည်းစားရခါနီးပြီကို။ မေမျိုးက မသိချင်ယောင်ဆောင်ရင်း ဖြူပြာကိုလှမ်းမေးတယ်။

'ဖြူပြာ…နင်ရော မှင်စာနဲ့အဆင်ပြေလား'

'သူက ဖွန်ကြောင်တာတတ်တာကလွဲရင် မဆိုးပါဘူး၊ ဂစ်တာ လည်းတီးတတ်တယ်၊ ငြင်းစရာတော့ မမြင်ပါဘူး…ဟဲ'

ဖြူပြာက အတော်ငြင်းရှာတယ်။ ဒါနဲ့ပဲ ဝါဝါကိုမေးလိုက်ပြန် တယ်။

'မီဝါ…နင်ရော…ဗလကြီးနဲ့ညိပြီးပြီလား'

'ဘာ'

'အဲလေ…ရည်းစာဖြစ်ပြီးပြီလား မေးတာကိုဟယ်၊ ဖြည်းဖြည်း အော်လည်းရပါတယ်'

'ဟဲ့ မေမျိုး… နင်မေးတဲ့ပုံစံက ဖြည်းဖြည်းအော်ချင်စရာလား' ဒီါတို့က အညာလွယ်တဲ့အစားထဲက မဟုတ်ဘူး…ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com

မော်ခါမော်ခါပြောလို့ ကျန်သုံးယောက် ဇက်ပုသွားကြတယ်။

'ဒါဆို နင်တို့ဘာမှ မဖြစ်ကြသေးဘူးပေါ့'

'အဟီး…ရည်းစားတော့ ဖြစ်သွားပြီပဲ'

မျက်နှာငယ်လေးနဲ့ပြောပြလို့ သုံးယောက်သား မျက်စောင်းဝိုင်းထိုးလိုက်ကြတယ်။ စန္ဒာက ပြောတယ်။

'ဟွန်း… ကောင်မ တွေ့တာမှမကြာသေးဘူး အညာကိုမခိုင်တာ၊ ငါကမှတော်သေး'

'ဒါဆို နင်တို့က ရည်းစားမဖြစ်ကြသေးဘူးပေါ့'

'အဟီး… (၅)ရက်တိတိစောင့်နိုင်းထားတာ ပြည့်တော့မယ်'

'ငြင်းမယ်ပေါ့'

'ဟင့်အင်း…ငြင်းစရာမရှိပါဘူးဟယ်… သူ့ခဗျာသနားပါတယ်'

'ဒါဆိုဘာလို့ အချိန်ဆွဲထားလဲ'

'အဟီး…မူတာလေ…မူတာပေါ့'

ကျန်သုံးယောက်က သူ့ကိုမျက်စောင်းဝိုင်းထိုးလိုက်ကြပြန်တယ်။

'ဒါနဲ့မေမျိုး… နင်ကရော'

'အို…သမီးတို့က ဒါမျိုးတွေစိတ်ကူးထဲမရှိဘူး…အအိပ်နဲ့အစားလောက်ပဲ…ဟဲဟဲဟဲ…ရည်းစားဆိုတာ ကောင်းကျိုးကနည်းနည်း ဆိုးကျိုးကများများရယ်၊ စိတ်ဝင်စားလို့ကို မရပါဘူးနော်'

'ဟွန်း… လေသံကိုက…'

မေမျိုးက လေသံမာမာနဲ့ငြင်းတော့ သုံးယောက်သားအမြင်ကတ်သွားတယ်။

ဝါဝါက ပြောတယ် ဒါပေမဲ့ စကားတောင်မဆုံးဘူး။

'မိသူကို သတိရလိုက်တာဟယ်… ဒီကောင်မက ချစ်ဖို့ကောင်းတယ်၊ ဒါကြောင့် မင်းမင်းက…'





'ဟယ်…တူးပြီတော့… အံမယ်လေး…ငါ့ဟင်းအိုးလေးတော့ ခါးသက်သက်ဖြစ်ပါပြီ၊ ဟင်း…ကောင်းကျိုးမပေးတဲ့ဟာတွေ'

မေမျိုးက ချိုးကပ်သွားတဲ့ဟင်းအိုးကိုဖွင့်ရင်း ယူကျုံးမရပြောတော့တာ။

'သူ့ဘက်က ဒီလောက်ခါးပြနေမှတော့ မင်းဆက်လုပ်မနေပါနဲ့တော့ဖိုးပြူးရာ၊ အပေါင်းအသင်းတွေဆိုတော့လည်း မကောင်းဘူးကွ'

'ဟုတ်တယ် ဖိုးပြူး…မကောင်းဘူးကွ…ဒီကောင်မလေးတွေကတို့အပေါ်ကောင်းရှာသားပဲ… မကြည်ဖြူရင်နောက်ဆုတ်ကွာ'

ဗလကြီးရဲ့စကားကို မှင်စာကထောက်ခံတယ်။ ဘုရားလူကြီးနဲ့ ကွန်ဖြူးသန့်က ချက်(စ်)ထိုးနေကြတယ်။ သင်းတို့နှစ်ယောက်က လောင်းကစားတစ်ခုမဟုတ်တစ်ခုလုပ်နေမှ နေသာထိုင်သာရှိကြတာ။ နောက်ဆုံးလောင်းစရာမရှိရင် ရှိတာထိုင်လောင်းနေကြတာ။ ဥပမာ… သူတို့နှစ်ယောက် ဘယ်သူက မုတ်ဆိတ်ပိုရှည်လဲ။ ဘယ်သူကခြေသလုံးမွေးပိုရှည်လဲ စတာတွေပေါ့။

'အေးကွာ… ငါလည်း အဆင်ပြေလောက်တယ်ထင်တာ ထားလိုက်ပါကွာ သူပြန်လာရင် ငါပြန်တောင်းပန်လိုက်ပါ့မယ်'

'ဒီလိုပါပဲကွာ…လူ့ဘဝဆိုတာ ကိုယ်ထင်သလိုဖြစ်ချင်မှဖြစ်တတ်တာ…ဒါပေမဲ့…စိတ်မပျက်ပါနဲ့ တခြားလူတွေအများကြီးရှိတာပဲဥပမာဗျာ…မေမျိုး…'

မေမျိုးနာမည်ပါလာတော့ မင်းမင်းစိုးခေါင်းထောင်သွားတယ်။

'မင်းသေသေချာချာကြည့်မိရင် မေမျိုးက သူ့သူ့အောင်တောင်ပိုလှတာကိုမြင်လိမ့်မယ်'

www.burmeseclassic.com

'ဟုတ်တယ်ကွ… မေမျိုးကသာတယ်…ပြီးတော့…သူ့သူ့အောင် လိုမပွင့်မလင်းမဟုတ်ဘူး'

ဝိုင်းပြောပြကြပေမယ့် မင်းမင်းစိုးခေါင်းပြန်ငုံ့သွားတယ်။

'ဒါပေမဲ့ မကောင်းဘူးကွ…အခုချိန်မှ မေမျိုးရယ် ငါကနင့်ကိုချစ်တာပါသွားပြောရင် ပါးကွဲမှာပေါ့၊ အဲဒါမှနစ်ခါနာမှာ'

သူ့စကားလည်းဟုတ်နေတော့ ဗလကြီးနဲ့မှင်စာ တိတ်သွားကြတယ်။ သူတို့သုံးယောက်ဝရန်တာကနေ အောက်ကိုငုံ့ကြည့်နေတုန်းမှာပဲ ဦးကျော်ကြီး ယိုင်တိုင်တိုင်နဲ့ခြံထဲဝင်လာတာကို တွေ့လိုက်ရလို့ အံ့ဩသွားကြတယ်။

'ဟာ…ဦးကျော်ကြီး အရက်တွေသောက်လာတာထင်တယ်'

'အေး… ဒေါ်လှကြီးကတော့ ငါတို့ကိုရန်လုပ်တော့မှာပဲ'

'ဟ…ဘာဆိုင်လဲ…သူသောက်တာ ငါတို့သောက်တာမှမဟုတ်ဘဲ'

'ဆိုင်ဆိုင် မဆိုင်ဆိုင်နားတော့ငြီးပြီ'

မင်းမင်းစိုးစကားအဆုံးမှာပဲ အောက်ထပ်မှာ အလှကရဲကွာ… ဘာဖစ်တယ်၊ ညာဖစ်တယ်နဲ့ ဦးကျော်ကြီးရဲ့ မပီကလာစကားနဲ့အတူ ဒေါ်လှကြီးရဲ့…

'သေနာကြီး… အသက်ကြီးမှ အတတ်ကောင်းတွေတော်တော်တတ်နေတယ်ပေါ့လေ…ဟုတ်လား'

ဆိုတဲ့ ပီပီသသစကားသံကြီးကို နားဝင်ဆိုးဆိုးနဲ့ကြားလိုက်ကြရတော့တယ်။ မင်းမင်းစိုးတို့သုံးယောက်တင်မဟုတ် ငြင်းခုန်ပြီးချက်(စ်)ထိုးနေတဲ့ ဘုရားလူကြီးနဲ့ ကွန်ဖြူးသန့်ပါ မျက်လုံးပြူးသွားတယ်။

'အခြေအနေ သိပ်မကောင်းဘူးကွနော်'

'အေး… မုန်တိုင်းက တို့ဆီဝေ့လာနိုင်တယ်'





ဘုရားလူကြီးစကားကို ထောက်ခံတဲ့မှင်စာ့ရဲ့စကားအဆုံးမှာ…

'သင်းတို့ကြောင့်…ဒါသင်းတို့မကောင်းလို့ ငါလင်ဆိုးမယားဖြစ်ရတာ…တွေ့မယ်…သင်းတို့နဲ့ငါနဲ့တော့တွေ့ပြီပေါ့'

ဒေါ်လှကြီးရဲ့ ဒေါကြီးမောကြီးအသံကို ကြားရတယ်။ မကြာပါဘူး လှေကား ကနေ ဂေါက်ဂက်ဂေါက်ဂက်နဲ့ ထဘီကိုတစ်ဘက်မ၊ ခါးတစ်ဘက်လက်ထောက်တက်လာတဲ့ ဒေါ်လှကြီးကိုတွေ့လိုက်ရတော့တာ။

'ဘာဖြစ်နေကြတာလဲဟင်'

ဗလကြီးဟာ မကျေမနပ်ကြည့်နေတဲ့ ဒေါ်လှကြီးကို မေးတော့…

'ဘာဖြစ်ရမှာလဲ…နင်တို့မကောင်းလို့ အခုငါစိတ်ဆင်းရဲနေရပြီဟဲ့ အကောင်တွေရဲ့'

ခုနစ်သံချီပြန်ပြောတယ်။ ဒါနဲ့မင်းမင်းစိုးက သားသမီးတွေကိုဆုံးမနေကျ ဝါရင့်လူကြီးမိဘမျက်နှာပေးနဲ့ပြောတယ်။

'ဘယ်သူမကောင်းတာလဲ… ဦးကျော်ကြီးဘာဖြစ်လို့လဲ…ဘာလဲ သူက မကောင်းတော့ဘူးလား…အရင်ကတော့ ကောင်းတယ်ဆို'

'အစကတော့ကောင်းမလိုလိုနဲ့ အခုမကောင်းတော့ဘူးဟဲ့မကောင်းတော့ဘူး'

ဒေါ်လှကြီးစကားကြားတော့ မင်းမင်းစိုးတို့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးပြုံးသွားကြလို့ ဒေါ်လှကြီးအမြင်ကတ်သွားတယ်။

'ဟဲ့… နောလေးတွေ ဘာတွေတွေးနေကြလဲ…ငါပြောတာ သူ့အကျင့်ကိုပြောတာဟဲ့'

'ကျွန်တော်တို့လည်း အဲဒါကိုပဲပြောတာ…ဦးကျော်ကြီးက ဈေးစားတာကလွဲပြီး ကျန်တာခြောက်ပစ်ကင်းပဲ… အဲ… ဝိုက်ပုတာ[illegible] နှုတ်လိုက်ရင်တော့ ငါးပစ်ကင်းပေါ့ဗျာ ဒါကြောင့်မို့လဲ သဘော[illegible] ဖြူတော့သူ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

'အဲလေ... မနောဖြူတဲ့ဒေါ်လှကြီးနဲ့ ဂျိုင်းပေးလိုက်တာပေါ့'

'ဘာလဲ... အခုဘာဖြစ်လို့လဲ... ကျွန်တော်တို့ကိုပြော... ကျွန်တော်တို့ဘယ်လို ဆိုဆုံးမပေးရမလဲ'

'ဘာဖြစ်လဲဆိုတာ အောက်ကိုလိုက်ကြည့်'

'ဗျာ'

ငါးယောက်သား မျက်ပြူးလေးတွေနဲ့ ဗျာသွားလို့ ဒေါ်လှကြီး ကပျာကယာမျက်ပြူးကြီးနဲ့ ပြောလိုက်တယ်။

'ဟယ်... ဒီဟာတွေတော့... ငါပြောတာ အောက်ထပ်ကနင်တို့ ပထွေးကိုလိုက်ကြည့်ခိုင်းတာဟဲ့'

မအေတွေပေးလိုက်ရလို့ ငါးယောက်သား အောက်ကိုဆင်းလိုက် ရတယ်။အောက်ရောက်တော့ ယိုင်တီးယိုင်တိုင်နဲ့အပေါက်ဝတိုင်မှီထိုင်နေတဲ့ ဦးကျော်ကြီးကိုတွေ့လိုက်ရပြီး...

'မနက်တစ်လုံး အချစ်ဆုံး...အေ...ဟဲဟဲ...နေ့လည်တစ်ပိုင်း ဆော်တွေပိုင်း...အပေးပေး...အဲ...ညနေတစ်လုံး...လုံး...'

ဦးကျော်ကြီးရဲ့ အရက်သမားကဗျာအဆုံးကို ဒေါ်လှကြီးကအမြင် ကတ်ကတ်နဲ့ အဆုံးဝင်သတ်ပေးလိုက်တယ်။

'သချိုင်းကုန်း...ဟုတ်တယ်မို့လား...ငကျော် သေနာကြီး'

'ဟာ...အလှလေးကလည်းကွာ နိမိတ်မရှိ နမာမရှိ၊ ငါသချိုင်း ရောက်သွားရင် မင်းမုဆိုးမဖြစ်မှာပေါ့ သောနုတ္တိုရ်မရဲ့'

'ဘာပြောတယ်...ကဲ...ကဲ...ဒွပ်...ဒွပ်'

ဦးကျော်ကြီးခေါင်းကိုခေါက်နေတဲ့ ဒေါ်လှကြီးကိုကြည့်ပြီး မင်းမင်း စိုးတို့ငါးယောက်မျက်လုံးထဲ လေးကြီးကိုင်၊ မျှားဗူးကျောမှာချိတ်၊ ဓါးကြီး တစ်ဘက်လက်ကကိုင်ထားတဲ့ မုဆိုးမကြီးလို့မြင်နေတော့တာ။





'ကဲပါဗျာ...နှစ်ယောက်စလုံးတော်ကြပါတော့... လင်နဲ့မယား မော်တော်ပီကယ်နဲ့မော်တော်ကားတဲ့ ခဏတော့ကတောက်ကဆဖြစ်မှာပဲ။ တစ်ယောက်ဆန္ဒလေးတစ်ယောက်လိုက်လျှောလိုက်ရင် ပြေလည်သွားပါလိမ့် မယ်'

'ဟ... ဒီကိစ္စမှာငါမလွန်ဘူးကွ... ငါအရက်သောက်တာ သူ ကောင်းဖို့...ဒါကိုသူကနားမလည်ဘဲ ရန်လုပ်နေတာကွ'

'ဗျာ...ဘယ်လိုကြီးလဲ'နဲ့အေ

သူတို့နားမလည်နိုင်အောင်ဖြစ်နေကြတယ်။ အတွေးထဲမှာလည်း ဦးကျော်ကြီးကအရက်သောက်နေပြီး ဒေါ်လှကြီးကကောင်းတာယ် ကောင်း တာယ်လို့ ထိုင်အော်နေတယ်။

'ငါ့သူငယ်ချင်းတစ်ယောက်ကပြောတယ် မိန်းမတွေဟာ အရက်နဲ့ ကိုးကွယ်နိုင်တယ်... အရက်သမားယောကျ်ားတွေကို အသည်းစွဲအောင်ချစ်ကြ တာတွေဖြစ်လို့လဲသိလားတဲ့...အရက်သမားတွေမှာ မိန်းမကြိုက်တဲ့အကွက် တွေရှိကြသတဲ့...အေး...အဲဒီတစ်ကွက်ကိုတော့ ငါပါးစပ်ကပြောပြလို့ မဖြစ်ဘူး အမှန်အတိုင်းပဲ ငါနေ့တိုင်းသောက်လာတာ...အေး...သူကောင်း မကောင်းတော့ နောက်မှသိရမှာပဲ၊ အခုလောလောဆယ် ငါ့တော်တော်မူး တယ်။ ဒီတော့ မင်းတို့ငါ့ကိုအိပ်ခန်းထဲတွဲပို့ကြ'

မင်းမင်းစိုးတို့လည်း တွဲပို့လိုက်ရတယ်။ဓေဓေဝါဖြစ်နေတဲ့ဒေါ်လှကြီး တော့ခေါင်းရမ်းစဉ်းစားနေတယ်လို့ပြန်မပြောတော့ဘူး။

'ဟွန်း...ဟုတ်ရင်ဟုတ်ပေါ့ ကျော်ကြီးရယ်၊ မဟုတ်လို့ကတော့ နာဖို့သာပြင်...လှကြီးတဲ့ ... စိတ်ကြီးတယ်နော်'

ဦးကျော်ကြီးအား မင်းမင်းစိုးတို့ရင်တမ်းပန်းတမ်းဖြစ်နေပေ...



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ကပါ…ဒီကိစ္စကဘာ်တော့မှပြောမှာမဟုတ်လို့ မေ့ထားလိုက်

အခု…သူသူအောင်အကြောင်းကိုပဲ ပြောမယ်

သူသူအောင် ဘာဖြစ်လို့လဲ

'ဘာမှမဖြစ်ပါဘူး… သူမနက်ဖြန် ပြန်ရောက်တော့မယ်ဟာ…

ဒီတော့မှငါဆက်ပြောပေးမယ်လေ'

'တော်ပါပြီမေမျိုးရယ်…ငါကို သူမကြိုက်တာ

သော်…တဖြည်းဖြည်းကြိုက်လာမှာပေါ့… ငါလော်ပေးမယ်'

မင်းမင်းစိုးက မေမျိုးကိုကြည့်ပြီးပြောတယ်။

'မေမျိုး…ငါတကယ်ပြောတာ…သူ့ကိုဆက်မလိုက်တော့ဘူး

သူပြန်လာရင် ငါပြန်တောင်းပန်မယ်…တကယ်တော့…သူ့ကိုငါမချစ်

ဘူးဟာ

မေမျိုးက သူ့ကိုအသေအချာကြည့်တယ်။

'ဒါဆို…နင်က ဘယ်သူ့ကိုကြိုက်တာလဲ

ကြိုက်တာတော့မဟုတ်ဘူး…အဲဒီကောင်မလေးကိုငါရင်

ကချစ်မိနေတာ

'သော်…တစ်လည်းတစ်နိုင်တယ်… နင်ဟာလေ…အချ

အလိုတကယ်မြန်တာပဲ။ သူသူ့အောင်နေရာမှာ ငါသာဆိုနင့်ကိုပါးချ

ပဲ'

တကယ်လုပ်မယ့်အမူအယာတွေတွေ့လို့ မင်းမင်းစိုးလည်းပါ

ကပျာကယာအော်ပြီး ရယ်သွားတယ်။ မေမျိုးကစိတ်လျှော့ဟန်နဲ့ သက်

ချလိုက်တယ်။

'ဒါပေမဲ့…ငါကငါပဲမို့ ဒီအတိုင်းပဲရှိပါစေတော့၊ ဘယ်လို

စဉ်းစား နင့်အပြောင်းအလဲအရမ်းမြန်နေတယ်နော် မင်းမင်း

'နင်ထင်ချင်သလိုသာ ထင်တော့ဟာ…ဒီကိစ္စကပြောရ



တယ်…ပြောရမယ်ဆိုရင်…ငါဟာ…အနာနေတဲ့လူကိုကျော်ပြီး အဲဒီကောင်လေး

ကိုပဲမျှော်မှန်းလိုဖြစ်နေတယ်

'ဒါဆို…နင်အခုဘယ်လိုဖြစ်နေလဲ

စိတ်အတော်ညစ်တယ်ဟာ

'အေး…ငါလည်းစိတ်ညစ်တယ်

နေစဉ်တော့…ဘာလိုလိုမြင်ယောင်နေတယ်ဆိုကြည့်ပြီး ရယ်လိုက်ကြ

မြန်တယ်။

'မေမျိုး…နင်…ရန်ကုန်ကိုရောက်မှ ရုပ်ရှင်ကြည့်ဖူးလား'

'ဟေ့အေး'

မင်းမင်းစိုးက ပြောသင့်မပြောသင့်စဉ်းစားရင်းခေါင်းကိုတိတယ်။

ပြီးမှမထူးပါဘူးဆိုတဲ့ သဘောနဲ့ပြောတယ်။

ဒါဆိုငါတို့သွားကြည့်ကြမယ်လေ…တစ်မျိုးတော့ မတွေ့နဲ့

ဟာ…အဟီး…စိတ်ညစ်ပြေစေတာပေါ့'

မေမျိုးက သူ့ကိုမျက်လုံးပြူးပြီးနေ့ကြည့်နေတော့ စိတ်ဆိုးသွား

တယ်ထင်ပြီး ဟီးခနဲရယ်တယ်။

'အဟီး…ဟိုဇလ်မှာ…ငါကလေ…အဟိ… အဲဒီလိုသဘောနဲ့

ပြောတယ်လို့နင်ထင်နေလား… အာ…စိုးမှ…ငါစိတ်ထဲ အဲဒီလိုမရှိပါ

ဘူး…ရိုးရိုးမှသားသားပါ…ဒီလိုဟာ နေ…ငါကိုတော့ လုံးဝမချစ်တယ်။

ဆိုဒင်းလေ သူငယ်ချင်းတွေပဲ ဟာဟ

မျက်နှာအတော်ကြီးကိုရှုပြနေတဲ့ မင်းမင်းစိုးကိုကြည့်ပြီး မေမျိုး

ဒေါသနဲ့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။

'သွားလေ'

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လှကြိုင်ရဲ့အသုံးအနှုန်းကြီးကိုကြားလိုက်ရမှ စိတ်ကူးတွေလွင့်သွားရ တော့တယ်။ [illegible] ဘုရားလူကြီးကပဲ မေးလိုက်တယ်။

'ဟာဗျာ…ဒေါ်လှကြိုင်…ဒီနေရာ ဦးကျော်ကြီးအရက်သောက် ပြန်ပြီလား'

'မဟုတ်ဘူး…ငါဝယ်တိုက်လိုက်တာ။ အရာတစ်မှိုင်းသောက်တုန်း [illegible] ငါတစ်ခွက်ဝယ်တိုက်လိုက်မှ အိပ်ပျော်သွားတာများသိုလို့ [illegible] ကောင်းမကောင်းဘူး'

ဒေါ်လှကြိုင်က [illegible] ရှိသွားတယ်။

'ဟာဗျာ… ရှင်းရှင်းပြောပါ… ရှင်းအောင်ပြောမှပေါ့'

[illegible] ဒေါ်လှကြိုင်ရဲ့ မျက်နှာကိုကြည့်လိုက်တယ်။

'[illegible] ပြီးခဲ့တဲ့ [illegible] ပိုင်းသောက်တုန်းက [illegible] ငါ့အတွက် [illegible]'

'မအိပ်ဘူး [illegible]'

ဘုရားလူကြီးက ဗလကြီးကိုခြေထောက်နဲ့ လှမ်းတို့ရင်း…

'ဟေ့ကောင်…[illegible]…ပြောပြီးတာယ်လေ'

[illegible] ဒေါ်လှကြိုင်က [illegible] ပြောတယ်။

'ငါကတွေးတာပေါ့… တစ်ပိုင်းလောက် [illegible] [illegible] တစ်ခါတည်း ဝယ်တိုက်လိုက်မှပဲ…'

[illegible] ပိုမကောင်းဘူးလား'

'မကောင်းတဲ့အပြင် စောစောစီးစီးအိပ်သွားတယ်။ ဒီတော့ငါ [illegible] ကြည့်ပြီး အိပ်မပျော်တော့ဘူး။ ဒီတော့ငါ [illegible] ကောင်းတော့ [illegible]'





'ဩော်'

ငါးယောက်သားဝိုင်းပြီး အလည်လည်နဲ့ ဩော်လိုက်ကြတယ်။

'ဒီထက်ဆိုးတာက အခုသူအိပ်နေတာ အိမ်ရှေ့ကြမ်းပြင်ပေါ်မှာ ဒီတော့နင်တို့ပတွေးကို အိပ်ယာပေါ်လာတင်ပေးကြဦး။မသာကြီး…ဒီလိုမှန်း သိရင်တစ်ပိုင်းပဲတိုက်ပါတယ်၊ တစ်ပိုင်းနဲ့ပဲတန်တဲ့ဟာကြီး'

ဗျစ်စိဗျစ်စိနဲ့ပြောရင်း ပြန်ဆင်းသွားတယ်။ ဗလကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မဲ့သွားကြတယ်။

'တောက်…ဒီလူကြီးကိုပဲ ခဏခဏ အမေးပေးနေရတယ်။ အဲဒါ မင်းကြောင့် ဖိုးပြူး'

ဗလကြီးက မင်းမင်းစိုးကိုအပြစ်ပြောပြီး လှေကားကနေဆင်းသွားတယ်။ မင်းမင်းစိုးအတွေးပျက်သွားလို့ တင်းနေတော့တာ။ ညစ်ညစ်နဲ့ ခေါင်းခေါင်းမြီးခြုံလိုက်တယ်။

✠

www.burmeseclassic.com



## အခန်း(၃၃)

သူသူအောင်နဲ့မမျိုးကအတူထိုင်နေကြပြီး မင်းမင်းစိုးကမျက်နှာချင်းဆိုင်ထိုင်ခုံမှာထိုင်နေတယ်။ အတော်ကြာတော့မှ သူသူအောင်က…

'မင်းမင်း နင်ငါ့ကိုပြောစရာရှိတယ်ဆို'

မေးတော့ မင်းမင်းစိုးကမမျိုးကိုတစ်ချက်ကြည့်ရင်း ပြောတယ်။

'ဟုတ်တယ်…မမျိုး ခဏလောက် တခြားဝိုင်းကိုသွားပေးနော်'

'ဩော်…အေး…ရပါတယ်'

မမျိုးက အောင့်သက်သက်မျက်နှာနဲ့ တစ်ဘက်ဝိုင်းမှာသွားထိုင်နေတယ်။ သူ့စိတ်ထဲမှာ မင်းမင်းစိုးက သူသူအောင်ကို ရည်းစားစကားပြောဖို့ ပထုတ်တယ်ထင်နေတယ်။ သူငိုချင်နေတယ်။

သူသူအောင်ကလည်း မင်းမင်းစိုးသူ့ကိုရည်းစားစကားပြောတော့မယ်ထင်နေတယ်။ဒါပေမဲ့ သူပြန်ချစ်ဖို့မစဉ်းစားပါ။မမျိုးက ညကတည်းက သူတို့နှစ်ယောက်ဖြစ်ခဲ့ပုံကိုပြန်ပြောပြတယ်။

ဒီနောက်တော့ မမျိုးမပြောလည်း မင်းမင်းစိုးကို ချစ်နေပြီဆိုတာ သူသိခဲ့တယ်။ ဘာပဲဖြစ်ဖြစ် မမျိုးကိုပဲဦးစားပေးဖို့ သူဆုံးဖြတ်ခဲ့တယ်။ ဘာဖြစ်လို့လည်းဆိုတော့…သူလည်းမင်းမင်းစိုးနဲ့ပတ်သက်လို့ ခံစားချက်တွေအေးခဲခဲ့တာကြာပါပြီ။





'ငါ နင့်ကိုပြောစရာဆိုတာထက် တောင်းပန်စရာရှိတယ်ဆိုရင် ပိုမှန်တယ်'

'ဘာအတွက်လဲ'

'ငါနင့်ကိုစိတ်ဝင်စားတယ်လို့ မမျိုးကတဆင့်ပြောခဲ့တယ်လေ၊ တကယ်တော့ ငါနင့်ကိုမချစ်ခဲ့ပါဘူး…ငါ…ငါ ဘယ်လိုပြောရမလဲ'

'ဘယ်လိုမှမပြောပါနဲ့ ဒီအတွက်ငါ့ရင်ထဲမှာဘာမှမရှိပါဘူး၊ အခုချိန်ထိ ငါ့ရင်ထဲမှာနင်နဲ့ပတ်သက်တာ ဘာမှမရှိသေးဘူး။ ငါနင့်ကို ရိုးရိုးသားသားပဲခင်ခဲ့တာပါ'

'အေးဟာ…နင့်ကိုကျေးဇူးတင်ပါတယ်။ နောက်တစ်ခါနှလုံးသားရေးရာကိစ္စတွေမှာ အလျှင်လိုလို့မရတော့ဘူးဆိုတာ ငါသိသွားပြီ'

'ဟုတ်တယ် မင်းမင်း… နင်ဟာအရမ်းကိုလောလွန်းတယ်။ နင့်ရင်ထဲကဆန္ဒနဲ့ နင်ဖြစ်ချင်တဲ့ဆန္ဒ တစ်ခုတည်းဟုတ်မဟုတ်ဆိုတာ နင်မဝေခွဲတတ်ခဲ့ဘူး'

မင်းမင်းစိုးက ခပ်ငြိမ်ငြိမ်နေတယ်။

'မိန်းကလေးဆိုတာ ယောကျ်ားလေးတွေလိုမဟုတ်ဘူး။ သူတို့တကယ်ချစ်မိပြီဆိုရင် ဖွင့်ပြောလို့လည်းမရသလို ယောကျ်ားလေးတွေရဲ့ အပြောကိုပဲ စောင့်စားနေရတာ။ ငါမိန်းမချင်း ကိုယ်ချင်းစာတယ်'

မင်းမင်းစိုး တိတ်တဆိတ်ပဲနားထောင်နေတယ်။ သူ့စိတ်ထဲမှာတော့ မမျိုးဆီမှာ…

'ဒါတွေကို ငါဘာလို့ပြောနေရလဲဆိုတာနင်သိလား။ နင်အဲဒီလောက်အေးအသင့်ဘူး တကယ်လည်းနင်မအေးပါဘူး၊ ဒါပေမဲ့ နင်တော်တော်တုံးတယ်'

'ဟုတ်ပါတယ်…ငါတုံးပါ…ငါ့ပွင့်ပွင့်လင်းလင်းပြောရရင် ငါတကယ်ချစ်မိတာ မမျိုးပါ'

သူသူအောင်က ပြုံးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

‘နင်ဒီအဖြေကို ဘယ်တုန်းကသိခဲ့လဲ’

‘မကြာသေးဘူး’

‘မေမျိုးကရော နင့်ရဲ့ဒီလိုဗလောင်းဗလဲစိတ်ကို သဘောကျမယ်လို့ နင်ထင်နေလား’

‘ဘာပဲဖြစ်ဖြစ် ငါ့သူလုပ်ချင်သလိုလုပ်၊ ပြောချင်သလိုပြောပါစေ ငါသူ့ကိုချစ်တယ်။ ဒါကိုသူသိအောင်ပြောရမယ်’

‘ဒါနင်တို့ကိစ္စပါ…ဒါပေမဲ့ သူလက်ခံပါ့မလား…နင်အပိုင်တွက် ထားတာပဲလား’

‘ဟာ…နင်ကလည်းဟာ’

‘ဟုတ်တယ်လေ…နင်က ပိုင်မှပြောတဲ့အကောင်’

‘အဲဒီလိုတော့ မပြောပါနဲ့ဟာ…ငါက…အဲဒီလိုမဟုတ်ပါဘူး’

‘ဟုတ်ပါတယ်… နင်ကလူရိုးပါ’

အဲဒီနောက် နှစ်ယောက်သားရယ်လိုက်ကြတယ်။ သူသူအောင်က ပြောတယ်။

‘ဟင်းဟင်း… နင်ငါနဲ့စတွေ့တဲ့နေ့ကို မှတ်မိသေးလား’

‘မှတ်မိပါတယ်ဟာ…အဟီး…ငါကားမှတ်တိုင်မှာ ကားပျောက် ကဲ့နေ့လေ’

‘အေး…အဲဒီနေ့ကို ငါအမြဲအမှတ်ရနေမယ်၊ ဒါပေမဲ့…အဲဒါ ဒုတိယအကြိမ်တွေ့ကြတာပါ၊ပထမအကြိမ်က နင်ငါတို့မိန်းကလေးအဆောင် ရှေ့မှာလာအော်တာလေ…ဟဲဟဲ…အဲဒီနေ့ကိုလည်း ငါဘယ်တုန်းကမှမေ ခဲ့ဘူး’

‘ဟား ဟား… အေးဟာ…ငါတကယ်တုံးခဲ့တာပါ’

နှစ်ယောက်သား ရယ်လိုက်ကြပြန်တယ်။

‘ဒါပေမဲ့… နင်တကယ်တုံးတာ တခြားတစ်ခု… အဲဒီတစ်ခု ကတော့အဆိုးဆုံးပဲ…နင်လူကဲခတ်ညံ့တယ်’





နှစ်ယောက်သားတိတ်သွားကြပြန်တယ်။ ဆောင်းဝိုင်းကိုကြည့်လိုက်တော့ မေမျိုးကိုမတွေ့ရတော့ပါ။

‘ဟင်…မေမျိုး ဘယ်ရောက်သွားပြီလဲ’

မင်းမင်းစိုးက အံ့သြတကြီးပြောတော့ သူသူအောင်ကပြုံးတယ်။ မေမျိုးက သူတို့စကားတွေကိုနားမထောင်ဘဲ ထွက်သွားတာကြာပြီ။ဒါပေမဲ့ သူ မင်းမင်းစိုးကို နည်းနည်းတော့ ဒုက္ခပေးချင်သေးတယ်။

‘သူဘယ်သွားလဲဆိုတာ နင်သိမှာပါ… သူကနင်နဲ့ပဲလျှောက်သွား နေခဲ့တာမဟုတ်လား’

‘သူသွားတဲ့နေရာကို ငါသိပါတယ်။ ကဲ… သူသူအောင် ငါသူ့ နောက်ကိုလိုက်သွားလိုက်ဦးမယ်’

‘နင်ကံကောင်းပါစေ’

သူသူအောင်က မင်းမင်းစိုးရဲ့နောက်ကျောကိုကြည့်ပြီး သက်ပြင်းချ လိုက်တယ်။ သူ့ရဲ့ခြေလှမ်းတွေက စာသင်ခန်းဆီကို။ အခုချိန်မှာ သူကလွဲပြီး ကျန်တဲ့လူတွေအဖော်တွေနဲ့။

ဒါပေမဲ့ သူပျော်ပါတယ်။ တစ်နေ့နေ့မှာတော့ သူကတကယ်ချစ် တဲ့သူ၊ ပြီးတော့… သူ့ကိုတကယ်မြတ်နိုးတဲ့လူနဲ့ တွေ့ရမှာပါ။ သူမသွားခင် တစ်ရက်က မေမျိုးပြောခဲ့တဲ့စကားတစ်ခွန်းကို သူကြားယောင်နေခဲ့တယ်။

‘စိတ်ချ…နင့်ကိုယ်စားငါအကုန်တာဝန်ယူတယ်’ တဲ့။

၉

‘မောလိုက်တာ မေမျိုးရာ…ငါ့ကိုတောင်မစောင့်ဘူး’

‘ငါက ဘာကိစ္စစောင့်ရမှာလဲ’

ကြေးအိုးကိုပိုင်ပိုင်နိုင်နိုင်စားနေတဲ့ မေမျိုးကိုကြည့်ပြီး သူပြုံးလိုက် တယ်။



www.burmeseclassic.com

'ငါ နင့်ကိုပြောစရာရှိလို့'

'နင်နဲ့ မိသူ အဆင်ပြေကြောင်းလား'

မင်းမင်းစိုးက ဘာမှမပြောဘဲ ငေးကြည့်နေတယ်။

'နင်ဘာဖြစ်လို့ အတင်းစားနေရတာလဲ၊ ငါလုမစားပါဘူး'

'စိတ်ညစ်လို့တော့…ငါကစိတ်ညစ်ရင် သူများတွေလိုမျက်ရည်ကျမနေဘူး၊ အစားတစ်ခုခုကိုမပြီးစားတာ'

'ဪ…အခုနင်စိတ်ညစ်နေတာလား'

'ဟုတ်တယ်…ငါစိတ်ညစ်နေတယ်'

မင်းမင်းစိုးက ဟဲခနဲရယ်ရင်း…

'အဲဒီကိစ္စငါ့ကိုပြောပြလေ ငါကူညီမှာပေါ့'

ပြောတော့ မေမျိုးက ခေါင်းရမ်းတယ်။

'သေတာတောင် မပြောဘူး'

'နင်မပြောလည်း ငါသိပါတယ်…နင့်ဟိုတစ်ခါပြောတယ်လေ…ငါကူညီနိုင်တယ်ဆိုတာ'

မေမျိုးက အစားအသောက်မပျက်ဘဲ။

'လာစ်မနေနဲ့'

ဆိုတော့ မင်းမင်းစိုးက ပြုံးလိုက်တယ်။

'မေမျိုး'

'ဘာလဲ'

'နင့်ကိုငါချစ်တယ်'

'ဘာ…'

မေမျိုး မျက်လုံးပြူးကြီးနဲ့ သီးသွားတယ်။

'နင်ဘာပြောတာ…'

'နင့်ကို ငါချစ်တယ်လို့'





'ဘာ…လွှား…နင်အခုထွက်သွားငါပါးခွဲမချခင် နင်မြန်မြန်ထွက်သွားနော်။ အခု… ငါ့လက်မှာ တူတစ်ဘက် ဇွန်းတစ်ဘက် ကိုင်ထားလို့ နင်သက်သာသွားတယ်မှတ်'

မေမျိုးက အတည်ကြီးပြောပေမယ့် မင်းမင်းစိုးက မကြောက်ပါ။ မေမျိုးဘေးကို ကပ်ထိုင်ရင်းပြောတယ်။

'နင်ရိုက်ချင်ရင်ရိုက်…နင့်လက်ထဲက ဇွန်းနဲ့ရိုက်ချင်ရိုက်ပေါ့…ငါခံမယ်'

'ဇွန်းနဲ့တော့ မရိုက်ပါဘူး'

'အဟဲ…ငါနာမှာစိုးလို့လား'

'ဟင့်အင်း…ဇွန်းဖိုးမရှော်နိုင်လို့'

'ဟာဟာ'

'သွားပါဟယ်…ဝေးဝေးကိုသွားပါ…ငါနင်နဲ့ဝေးဝေးမှာပဲ နေချင်တယ်'

'ငါကတော့ နင့်ကိုချစ်တယ်…ပြီးတော့…'

'ပြီးတော့ ဘာဖြစ်လဲ'

မင်းမင်းစိုးက ဟီးခနဲရယ်တယ်။

'ပြီးတော့ နင်ငါ့ကိုချစ်တယ်ဆိုတာလည်း သိတယ်'

'အံမာ…ပြောပါဦး…ဘယ်တုန်းကလဲ'

'ရုပ်ရှင်ကြည့်တုန်းက'

မင်းမင်းစိုးရဲ့အဖြေဆိုးတော့ မေမျိုးရှက်ပြီးခေါင်းငုံ့သွားတယ်။ ကြေးအိုးလည်း ဆက်မစားနိုင်ဘဲ…

'လူလည်ကြီး'

လို့ပြောပြီး ရှက်နေတယ်။

မင်းမင်းစိုးက…



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်…အဲဒီတော့မှ နင့်ကိုငါချစ်နေခဲ့တယ်၊ ပြီးတော့နင်က လည်းငါ့ကိုချစ်တယ်ဆိုတာ သိခဲ့တယ်'

ပြောပြီး မေမျိုးလက်ကိုကိုင်တော့ မငြင်းပါ။

'ဆက်စားလေ…တော်ပြီလား…ငါတို့သွားစရာရှိသေးတယ်၊ နှစ်ယောက်အတူတူလေ'

'ဘယ်ကိုလဲ'

'အဟဲ…ရုပ်ရှင်ရုံကိုလေ…ဘာလဲ…မသွားဘူးလား'

'အင်း'

မေမျိုးက တစ်လုံးတည်းပြောပြီး ရယ်နေတယ်။ မင်းမင်းစိုးက မေမျိုးရဲ့ပါးချိုင့်လေးကိုကြည့်ရင်း အနားကိုမျှတ်ခနဲကပ်သွားလို့… မေမျိုးက မျက်လုံးကို အသားကုန်ပြူးပြတယ်။ မေမျိုးမျက်လုံးပြူးပြတာလောက်ကိုတော့ မင်းမင်းစိုးက မမှုတော့ပါ။ ဒါပေမဲ့…

'ဟင်း…နော်'

မင်းမင်းစိုးဆီက ကျိတ်မနိုင်ခဲမရသံကြီးထွက်လာတယ်။ အခုက… ကင်တင်းမှာမို့လေ။

သိမယ်… ရုပ်ရှင်ရုံထဲရောက်မှ…။

ချစ်မျှားရှင်



www.burmeseclassic.com